

www.burmeseclassic.com
အောင်မြင်စာပေ
BURMESE CLASSIC
ဂ န္တီ ၃ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်
ကြိုခဏ္ဍ
ရွှေကြိုဂံနှလုံးသား
www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူ ဦးအောင်မြင့်၊ ဖြန့်ချိရေး အောင်မြင့်စာပေ။
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ် အောင်မြင့်ပုံနှိပ်တိုက်၊ မဝေမအောကြီးပိ၊
၂၀၁၄ ခုနှစ်၊ (မေလ)၊ အုပ်ရေ (၅၀၀)။

၈၉၅.၈၃
[redacted]
ရွှေတြိဂံနှလုံးသား / [redacted]။ - ရန်ကုန်၊
အောင်မြင့်စာပေ၊ ၂၀၁၄။
၂၄၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ဝတ္ထု

# စာရေးသူ၏အမှာစာ

ရွှေတြိဂံနှလုံးသား ဝတ္ထုရှည်မှာ ရွှေတြိဂံဒေသကို အခြေခံပြီး ရေးသားသောဝတ္ထုဖြစ်သဖြင့် ဒေသန္တရဗဟုသုတ လိုလားသူ စာဖတ်ပရိသတ်များ နှစ်သက်မည့်ဝတ္ထုမျိုး ဖြစ်ပါသည်။

တစ်ခုတော့ပြောချင်ပါသည်။

ဝတ္ထုဇာတ်လမ်း နောက်ခံရေးသားသော အချိန်ကာလမှာ (၁၉၄၅) ခုမှ (၁၉၅၀) ခုနှစ် ဝန်းကျင် ကာလဖြစ်ရာ ယခုမျက်မှောက်ကာလနှင့်တော့ မတူညီနိုင်တော့ပေ။

ရှေးကတစ်မျှော်တစ်ခေါ်မြင်ရသော ဘိန်းခင်းများ ပပျောက်သွားပြီး အခြားသီးနှံစိုက်ခင်းများ ပေါ်ပေါက်နေပြီဖြစ်သည်။

သို့သော်လည်း ရှေးကရှိခဲ့သော ဓလေ့စရိုက်ဟောင်းများကို သိစေလိုသဖြင့် ဤဝတ္ထုကို ရေးသားခြင်း ဖြစ်ပါသည်။

ဤဝတ္ထုတွင်ပါဝင်သော ဘိန်းနှင့်ပတ်သက်သည့် အချက်အလက်များကို "မြန်မာ့စွယ်စုံကျမ်း" အပါအဝင် စာအုပ်အတော်မှ ကောက်နုတ်ကိုးကား ရေးသားခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအထဲတွင် "မောင်မဲ၏ မိုင်းဆတ်ရွှေကြိုက် နယ်မြေသို့တစ်ခေါက်" စာအုပ်လည်း အပါအဝင်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ...ကျွန်တော်စာဖတ်ပရိသတ်များအတွက် ရှားပါသော ဓလေ့ထုံးစံများကို သိရပြီး ဗဟုသုတ တစ်စုံတစ်ရာရပါက ကြိုးပမ်းရကျိုးနပ်ပြီဟုသာ ဆိုချင်ပါတော့သည်။

စာဖတ်သူများ၏ မေတ္တာရိပ်အောက်မှ

ကြီးစက္က

# ဒဿနလက်ဆောင်

❖ မင်းဘယ်လောက် လှတယ်
ချောတယ်ဆိုတာတော့
ငါဆုံးဖြတ်လို့ရပါတယ်။
မင်းဘယ်လောက် သစ္စာရှိတယ်ဆိုတာကတော့
မင်းကိုယ်တိုင် ဆုံးဖြတ်ရမယ့် ကိစ္စဖြစ်ပါတယ်။

❖ ဆင်းရဲတွင်းထဲကို
လူအတော်များများ ဆင်းကြည့်ဖူးပါတယ်
တွင်းထဲရောက်ပြီးမှသာ
အပေါ်ပြန်တက်နိုင်လာနိုင်သူကတော့
အတော်ကလေး နည်းလှပါတယ်။

❖ ဘာမှလုပ်မရတော့ရင်
ဘဝကို အပြစ်ပုံချမနေပါနဲ့၊
သူ့ဆီက အကူအညီမရနိုင်မယ့် အတူတူတော့
လုပ်လို့ရတာ တစ်ခုခုကိုသာ
စပြီးလုပ်ကြည့်တာ အကောင်းဆုံးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ နှလုံးသားထဲမှာရှိတဲ့စကားကို
ထုတ်မပြောပဲနှင့်တော့
သင်ပြောတဲ့စကားတွေက
တခြားသူနှလုံးသားထဲကို
ဘယ်တော့မှ ရောက်သွားမှာမဟုတ်ပါဘူး။

❖ ပေါင်းမြက်တွေ သိပ်များနေလို့
မရှင်းပဲထားမယ်ဆိုရင်တော့
မြက်ရိုင်းတွေကြားမှာ ပွင့်နေတဲ့
လှပတဲ့ ပန်းပွင့်ကိုတော့
တွေ့မြင်ခွင့်ရမှာ မဟုတ်ပါဘူး။

❖ ချစ်သူရဲ့ အနမ်းတစ်ချက်ဟာ
အပြင်မှာ ဘာအသံမှ မကြားလိုက်ရပေမယ့်
ရင်ထဲမှာတော့...
အခြားအသံများထက် အဆပေါင်းများစွာ
တုန်လှုပ်မြည်ဟည်း နေတတ်ပါတယ်။

BURMESE CLASSIC

ဒဿနလက်ဆောင်

❖ စားပွဲပေါ်မှာ နှင်းဆီတစ်ပွင့်တင်ထားရင်
မကြာခင် ညှိုးနွမ်းခြောက်သွေ့သွားမှာပါ။
ရင်ထဲမှာ သစ္စာပန်းတစ်ပွင့် စိုက်ထားရင်
တစ်သက်လုံး စိတ်ချမ်းသာရလိမ့်မယ်။

❖ သင့်ဘဝတစ်လျှောက်လုံးမှာ
အကောင်းဆုံး အတော်များများကို
ရခဲ့ဖူးပေလိမ့်မည်၊
သို့သော် အချစ်ဦးထံမှ အချစ်ကိုရခဲ့စဉ်က
ပျော်ရွှင်မှုကိုတော့၊
အခြားပျော်ရွှင်မှုတွေက မမီနိုင်ကြပါဘူး။

❖ လူသားတွေတိုင်းဟာ
အငှားခန္ဓာနဲ့ နေကြရသူများဖြစ်ပါတယ်၊
ထိုသို့နေရရင်းမှပင်
မိမိကိုယ်ကို အငှားထပ်ချစားရင်တော့
မကောင်းလှပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

# ဒီသုံးနုလက်ဆောင်

❖ ကြောက်စရာကောင်းတဲ့ မြင်ကွင်းတွေကို
ကြည့်ကောင်းအောင် ရေးဆွဲခြင်းဟာ
အနုပညာဖြစ်ပါတယ်၊
ဘဝမှာလည်း အကျဉ်းတန်တာတွေကို
ကြည့်ပျော်ရှုပျော်ဖြစ်အောင်
ပြုပြင်ရတာတွေ ရှိပါတယ်။


❖ မတော်တဆဖြစ်ပျက်မှုများမှတစ်ဆင့်
တိုက်ဆိုင်မှုများဖြစ်လာတတ်ပါတယ်၊
မမျှော်လင့်သောအရာများက
မျှော်လင့်ထားသောအရာများထက်
ပိုပြီးအဖြစ်များလေ့ ရှိပါတယ်။

❖ လူတိုင်းချမ်းသာအောင် လုပ်မယ်လို့တော့
အမြဲတွေးနေတတ်ပါတယ်၊ ဒါပေမယ့်
ကိုယ်ဝါသနာပါတဲ့အလုပ်နဲ့ ကြီးပွားချမ်းသာ
အောင် လုပ်မယ်လို့ ဆုံးဖြတ်သူမျိုးကတော့
အတော်ကလေးနည်းပါတယ်။

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) ငရဲပန်းတို့လန်းရာမြေ
အခန်း(၂) မလေ့ဆိုးကြောင့်ကြွလွင့်ခဲ့ရသူများ
အခန်း(၃) သရဲဘဝရောက်မှ ကလဲ့စားလာချေသူ
အခန်း(၄) နတ်ဆရာမနိုင်သော ပရလောကသား
အခန်း(၅) တောနက်ထဲမှ ကယ်တင်ရှင်
အခန်း(၆) မိုးခါးရေ မသောက်ကြသူများ
အခန်း(၇) မြဝင်းသူနှင့် ပြန်တွေ့ရခြင်း
အခန်း(၈) ချောက်ကမ်းပါးပေါ်မှ အသက်လုပွဲ
အခန်း(၉) တောင်တန်းပေါ်မှ ထူးဆန်းသောပွဲတော်
အခန်း(၁၀) လျှို့ဝှက်စွမ်းအားရှိသောသူ
အခန်း(၁၁) ပဟေဠိဆန်သော ရန်သူလေလား
အခန်း(၁၂) ငရဲပန်းခင်းမှ အညတြဘဝများ၊
အခန်း(၁၃) နှစ်သစ်ကူးပွဲတော်နှင့် အသက်လုပွဲ
အခန်း(၁၄) အသက်ဖြင့်ရင်း၍ရသော ပန်းတစ်ပွင့်
အခန်း(၁၅) မမျှော်လင့်သော သတင်းဆိုး
အခန်း(၁၆) အာဃာတနိဂုံးနှင့် အပြုံးမျက်နှာ
အခန်း(၁၇) ချစ်သူအတွက် သိင်္ဂါရနိဒါန်း


www.burmeseclassic.com



www.burmeseclassic.com


# အခန်း [၁]

## ဂေရဲပန်းတို့ လန်းရာမြေ

အချိန်မှာ မြန်မာပြည်လွတ်လပ်ရေးရပြီးခါစ နောက်ပိုင်းကာလအခြေအနေများပင် ဖြစ်သည်။ ထိုအချိန်တွင် တိုင်းပြည်တစ်ခုလုံး အုပ်ချုပ်မှု မပြည့်စုံသေးသောကြောင့် မြို့ပြနှင့်ဝေးသောနေရာများပင် မဆိုထားနှင့် မြို့ကြီးများမှာပင် အခြေမကျသေးသောကြောင့် ကျီးလန့်စာ,စားနေကြရသော အချိန်အခါလည်း ဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

မြစ်ဝကျွန်းပေါ်ဒေသများမှာဆိုလျှင် ရောင်စုံသောင်းကျန်းသူများ နှိပ်စက်မှုကြောင့် ရွာများပျက်ကာ ပြေးနေကြရသည်။

ထို့အတူ မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများမှာလည်း ထိုကဲ့သို့သော အန္တရာယ်များနှင့် ကြုံတွေ့ကြရလေသည်။

မြစ်ဝကျွန်းပေါ်ဘက်များနှင့် အလယ်ပိုင်းရိုးမတောများ၌ပြည်တွင်း ရောင်စုံသောင်းကျန်းသူများ၏ နှိပ်စက်မှုကို ခံကြရသော်လည်း လူသူအရောက်အပေါက်နည်းသော မြောက်ပိုင်းဒေသများမှာတော့ ထိုကဲ့သို့မဟုတ်ပေ. . .။

နယ်စပ်မှကျူးကျော်ဝင်ရောက်လာသော တရုတ်ဖြူများအပါအဝင် အခြားရန်သူများ၏ နှိပ်စက်မှုကို ခံကြရသည်။

ဒေသခံ တိုင်းရင်းသားများမှာ ရိုးသားလှသည်။ အသိပညာ ကြွယ်ဝမှုမရှိကြပေ. . .။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ မြန်မာနိုင်ငံနှင့် နယ်မြေချင်း ဆက်စပ်လျက်ရှိသော တရုတ်နိုင်ငံမှ တရုတ်ဖြူများက ကျူးကျော်ဝင်ရောက်ကာ ဒေသခံများကို နည်းအမျိုးမျိုးနှင့် နှိပ်စက်ကြလေသည်။ ၎င်းတို့က ကျူးကျော်ဝင်ရောက်လာပြီး အဓိကပြုလုပ်သောအလုပ်မှာ ကျောက်စိမ်းနှင့် ရွှေများ တူးဖော်သယ်ယူခြင်း၊ ဒီဘက်နိုင်ငံမှ အမျိုးသမီးများကို ဖမ်းဆီးခေါ်ဆောင်သွားပြီး တရုတ်နိုင်ငံမှာ ရောင်းချခြင်း၊ (ထိုအလုပ်မျိုးကို ရှေးအခါက ကျွန်ကုန်ကူးခြင်းဟုခေါ်ပြီး ယခုမျက်မှောက်ခေတ်ကာလမှာတော့ လူကုန်ကူးသည်ဟု ပြောင်းလဲခေါ်ကြသော်





လည်း အဓိပ္ပါယ်ကတော့ အတူတူပင်ဖြစ်သည်။

ထိုကဲ့သို့သော လူကုန်ကူးသောအလုပ်ကို လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက တရုပ်ဖြူတို့က စီးပွားရေးလုပ်ငန်းသဖွယ် ပြုလုပ်ခဲ့ကြသည်။

ထိုအချိန်က ၎င်းတို့အဓိကထား၍ ပြုလုပ်ခဲ့သောလုပ်ငန်းမှာ ဘိန်းအရောင်းအဝယ် ပြုလုပ်ခြင်းနှင့် လူကုန်ကူးခြင်းအလုပ်တို့ပင်ဖြစ်၏။

၎င်းတို့က လူအင်အား၊ လက်နက်အင်အားဖြင့် အနိုင်ကျင့်ကာ အသိပညာမကြွယ်ဝသော တိုင်းရင်းသားများအပေါ်မှာ နှိပ်စက်ခဲ့ကြသည်။

ထိုအကျင့်ဆိုးများမှာ ယခုမှ ပူပူနွေးနွေးပေါ်လာခြင်းမျိုးမဟုတ်ဘဲ ရှေးနှစ်ပေါင်းများစွာ ကိုလိုနီနယ်ချဲ့များ အုပ်စိုးနေသော အချိန်ကတည်းကဖြစ်မည်။

ကိုလိုနီနယ်ချဲ့များက တိုင်းရင်းသားများ အသိပညာမကြွယ်ဝစေပဲ လူညွန့်တုံးအောင် ဘိန်းဖြင့်နှိပ်စက်ခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့ခေတ်က နေရာအနှံ့အပြားမှာ ဘိန်းကိုအကြောင်းပြုပြီး ပေါ်ပေါက်ခဲ့သော ဘိန်းစစ်ပွဲများဖြစ်ခဲ့ရခြင်းအကြောင်းရင်းမှာ ထိုကဲ့သို့ရည်ရွယ်ချက်ပင် ဖြစ်ပေသည်။

ကိုလိုနီနယ်ချဲ့များထံမှ အမွေရလိုက်သော တရုတ်ဖြူတို့မှာ နယ်ချဲ့များမရှိတော့သည့်နောက်ပိုင်းမှာ ထိုအလုပ်များကိုပင် ဆက်လက်လုပ်ကိုင်ခဲ့လေသည်။

အဓိကပြုလုပ်သောအလုပ်မှာ ဘိန်းကုန်ကူးခြင်းဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်ရေးနှင့် အလှမ်းဝေးသော မြောက်ပိုင်းဒေသများတွင် လက်နက်အားကိုးဖြင့် လွတ်လွတ်လပ်လပ်ပင် လုပ်ကိုင်ခဲ့ကြလေသည်။

ထိုသို့လုပ်ကိုင်သော နေရာများထဲတွင် လူသိများသော နေရာတစ်ခုလည်း ပါဝင်လေသည်။

'ရွှေတြိဂံ' နယ်မြေပင်ဖြစ်သည်။

'ရွှေတြိဂံ' ဟူသော အမည်သည်လှသည်။ ကဗျာဆန်သည်။ သို့သော် ထိုနေရာမှာ အမှီပြုပြီး ပြုလုပ်နေသောလုပ်ငန်းများက ကဗျာမဆန်သလို. . . ထိုနေရာမှာ နေထိုင်ကြသူတို့၏ ဘဝမှာလည်း မလှပချေ. . .။

ရွှေတြိဂံဟု ခေါ်ဝေါ်ခြင်းမှာ ရွှေထွက်သောနေရာ ဖြစ်သောကြောင့် ခေါ်ဝေါ်ကြခြင်း မဟုတ်ပါချေ။ ရွှေကဲ့သို့ တန်ဖိုးရှိသော ဘိန်းအခြောက်များ ထွက်သောနေရာ ဖြစ်သောကြောင့် ရွှေဖြင့်တင်စား ခေါ်ဝေါ်ကြခြင်း ဖြစ်ပေသည်၊

ရွှေတြိဂံဟူသောအမည်မှာ လှပသောကြောင့် လူအတော်များများ သိကြသည်။

ထိုအမည်နှင့်တွဲပြီး ဘိန်းထွက်သောနေရာအဖြစ် လူသိပိုများပါသည်။ ရွှေတြိဂံအမည်က လှသော်လည်း ၄င်းနှင့်ယှဉ်တွဲလျက်ရှိသော လုပ်ငန်းအမည်ကတော့ မတင့်တယ်လှပေ. . . လှပခြင်းလည်း မရှိပေ. . .။

ရွှေတြိဂံရှိသောနေရာမှာ လောနိုင်ငံ၊ ယိုးဒယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ သုံးပွင့်တြိဂံသဖွယ် ရှိနေသော နေရာပင်





ဖြစ်၏။

မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်မှ ယိုးဒယားပြည် ဇင်းမယ်အထိ မျဉ်းတစ်ကြောင်း၊ ယိုးဒယားပြည် ဇင်းမယ်မှ လောနိုင်ငံ ဗီယင်ကျန်း၏ အရှေ့တောင် ဗီယက်နမ်နယ်စပ်အထိ မျဉ်းတစ်ကြောင်း၊ ထိုနေရာမှ ကိုးကန့်အထိ မျဉ်းတစ်ကြောင်း ဆွဲလိုက်သောအခါ ထိုကဲ့သို့ဆွဲရာမှာ တြိဂံသဖွယ် ဖြစ်ပေါ်လာပြီး အလယ်နေရာက ရွှေတြိဂံဒေသဟု ခေါ်ဝေါ်ကြခြင်းဖြစ်ပေသည်။

ထိုကဲ့သို့သော မျဉ်းသုံးကြောင်း ဖြတ်ဆွဲရာမှ ပေါ်ပေါက်လာသော တြိဂံဒေသသည် မြန်မာနိုင်ငံအတွင်းမှာ ခြောက်ပုံတစ်ပုံခန့် ပါဝင်နေပြီး အများဆုံးပါဝင်ခြင်းလည်း ဖြစ်ပေသည်။

ထိုကဲ့သို့ ပါဝင်နေမှုကို ပိုမိုပေါ်လွင်အောင် ကိုးကန့်မှ အရှေ့တောင်ဘက် မိုင်းဆတ်မြို့နယ်အဆုံးသို့ မျဉ်းတစ်ကြောင်း ထိုနေရာမှ အရှေ့မြောက်တာချီလိတ်မြို့နယ်အဆုံးသို့ မျဉ်းတစ်ကြောင်း၊ တာချီလိတ်မှ အနောက်မြောက်ဘက်မှာရှိသော ကိုးကန့်ဒေသ ပြန်ရောက်အောင် မျဉ်းတစ်ကြောင်းဆွဲရာမှ ပေါ်လာသော တြိဂံနယ်မြေသည် မြန်မာနိုင်ငံအတွင်းမှ ရွှေတြိဂံနယ်မြေဟုခေါ်သော နေရာပင်ဖြစ်၏။

၄င်းတြိဂံပုံကလေးအပြင်ဘက် အရှေ့မြောက်မျဉ်း၏ အပြင်ဘက်သည် လူမနေသောနယ်မြေဟု သတ်မှတ်ထားလေသည်။

မြန်မာပြည်လွတ်လပ်ရေး မရခင်အချိန်ကပင် ရှမ်း



www.burmeseclassic.com

www.burmeseclassic.com

ပြည်နယ်သို့ လာရောက်အခြေချနေကြသော ကျူးကျော်ရေးသမား တရုတ်ဖြူများသည် ဘိန်းစိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြလေသည်။

သူတို့ကိုယ်တိုင်လည်း ဘိန်းစိုက်သည်။ ဒေသခံများကိုလည်း အတင်းအဓမ္မ စိုက်ပျိုးစေသည်။ သူတို့ကိုကိုယ်တိုင်လည်း ဘိန်းရှုသည်။ ဒေသခံရွာသူရွာသားများကိုလည်း ဘိန်းစွဲအောင် ပြုလုပ်ခဲ့ကြလေသည်။

ရွှေတြိဂံနယ်မြေအတွင်းမှာရှိသော ကျေးရွာအတော်များများတွင် ဘိန်းစိုက်ပျိုးခြင်းပြုကြသည်။ လက်နက်ကိုင် တရုတ်ဖြူများကလည်း အတင်းအဓမ္မ ဘိန်းမစိုက်မနေရ စေခိုင်းကြသည်။

မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့များ သိမ်းပိုက်ထားခဲ့သော အချိန်ကာလကပင် စတင်ပြုလုပ်ခဲ့သော ဘိန်းစိုက်ပျိုးခြင်းလုပ်ငန်းများကို မြန်မာပြည်လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာလည်း တရုတ်ဖြူတို့က အရှိန်မပျက် ဆက်လက်လုပ်ကိုင် စေခဲ့သည်။

ဒေသခံများက ပထမတော့ အတင်းအဓမ္မစေခိုင်းသဖြင့် လုပ်ကြရသည်။ ဘိန်းပင်စိုက်ကြသည်။ နောက်တော့ ဘိန်းစိုက်ပျိုးခြင်းမှ ငွေအနည်းငယ်ရလာသောအခါ စိတ်ဝင်စားလာကြသည်။ နောက်ပိုင်း ဘိန်းစိုက်ပျိုးရာမှ ဘိန်းရှုသော ဘိန်းသမားဘ၀ ရောက်သောအခါ ထိုသံသရာမှ မထွက်နိုင်ကြတော့ပေ။ (လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာတော့ တောင်ထိပ်ပန်း





စ်ဆင်ရေးများ အဆက်မပြတ်ပြုလုပ်ခဲ့ရာမှ ယခုအခါမှာတော့ တဖြည်းဖြည်း လျော့နည်းပပျောက်သွားခဲ့ရပြီ ဖြစ်ပေသည်)

ဘိန်းစိုက်ပျိုးရာတွင် မြေနေရာတိုင်းတွင် စိုက်ပျိုး၍ မရသေး။ မြေအမျိုးအစားက တောင်မြေအမျိုးအစားဖြစ်ပြီး၊ စိုက်ပျိုးသောနေရာမှာ ရေမတင်သော တောင်စောင်းနေရာမျိုး ဖြစ်ရပေသည်။

ဘိန်းစိုက်ခင်းရှိသောနေရာမှာ နံနက်ပိုင်း နေထွက်လာပါက နေရောင်ခြည်ရသော နေရာမျိုးဖြစ်ရသည်။ နေဝင်ချိန်ရောက်တော့မှ နေရောင်ခြည်ရသော အနောက်ဘက်မျက်နှာမူသောအရပ်မျိုးတွင် ဘိန်းစိုက်ပျိုးခြင်းမပြုကြပေ။

အနောက်ဘက်သို့ မျက်နှာမူသောစိုက်ခင်းများမှာ အရှေ့ဘက်သို့ မျက်နှာမူသော စိုက်ခင်းများထက် စိုက်ရက်နောက်ကျပြီး၊ ရိတ်သိမ်းချိန်လည်း နောက်ကျလေသည်။ ထိုအခါ ရိတ်သိမ်းချိန် နောက်ကျသဖြင့် မိုးမလွတ်ပဲ ရှိတတ်လေသည်။

ဘိန်းကို နို၀င်ဘာလတွင် ကြဲပြီး မတ်လတွင် ဒါမ်းသည် ဆိုသော်လည်း အမှန်မှာ ရိတ်သိမ်းချိန် ကျော်လွန်သွားတတ်သည်။

ဘိန်းပင်၏သဘာဝမှ အပင်သက်သုံးလခွဲထက် ကျော်ပါက အသီးများရင့်ပြီး အချိန်လွန်ကုန်တတ်သည်၊ အချိန်လွန်သွားသည့်အခါ တုံးသွားပြီဖြစ်၍ အစေးမထွက်တော့ပေ။

ဘိန်းခင်တစ်ခင်းကို နို၀င်ဘာလထဲမှာ ကြဲပြီး မတ်လမှာသိမ်းရမည်ဆိုလျှင် လေးလကျော် ငါးလအချိန်တွင်းသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

သွားသောကြောင့် အသီးများအချိန်လွန်သွားသဖြင့် အစေးမရတော့ပေ။

ရှေ့နှစ်တွင်စိုက်ရန် မျိုးစေ့သာရပေတော့သည်။ ထို့ကြောင့် ဒေသခံများက ဘိန်းကြဲသောလကို အောက်တိုဘာလ၌ဖြစ်စေ၊ နိုဝင်ဘာလ၌ဖြစ်စေ ကြဲသော်လည်း ရိတ်သိမ်းသည့်လမှာ မတ်လထက် နောက်ကျ၍ မရပေ။

ဘိန်းခင်းတစ်ခင်း ပြုလုပ်မည်ဆိုပါက ပြာသိုလ၊ တပို့တွဲလလောက်ကတည်းက သစ်ပင်ကြီးများကို လှဲကြ၊ ချုံတွေရှင်းကြရသည်။

တပေါင်း၊ တန်ခူးလရောက်သည့်အခါ ခုတ်ထားသည့်သစ်ပင်ကိုင်းများနှင့် ချုံများကို မီးရှို့ကြရသည်။ မီးမလောင်သည့်သစ်တုံးများနှင့် သစ်ကိုင်းများကို အပြင်ဖယ်ထုတ်ထားပြီး ၎င်းတို့ကို အိမ်သုံးထင်းလုပ်ကြပါသည်။

ကဆုန်လရောက်လျှင် မီးမလောင်ပဲ ကျန်ရစ်ခဲ့သည့်သစ်ငုတ်များကို ပေါက်တူးနှင့် ပေါက်ထုတ်ကြရပါသည်။ ဘိန်းခင်းလုပ်မည့်နေရာတွင် သစ်ငုတ်ဟူ၍ လက်မလက်ညှိုးအရွယ်ပင်မကျန်အောင် ထုတ်ပစ်ရပါသည်။

သစ်ငုတ်၊ သစ်မြစ်၊ ပေါင်းမြစ်များ ကုန်သည့်အခါ မြေကို လှန်ရပါသည်။ ပေါက်ပြားဖြင့် မြေတစ်ခင်းလုံးကို ပေါက်ပြီး မြေလှန်ပစ်ရပါသည်။

နယုန်၊ ဝါဆို မိုးကျလာလျှင်. . ပေါင်းပင်မြက်ပင်များ ပေါက်ရောက်လာတတ်ပြီး ထိုအပင်များကို တစ်ပင်မကျန် နှုတ်ပစ်ပြီး ပြောင်နေအောင်ရှင်းရပါသည်။

မိုးပြတ်ပါက ပြောင်နေသည့်မြေကို မွနေအောင် ဆွကြ၊ ပေါက်ကြရပြန်သည်။ စိုက်ခင်းထဲသို့ လူနင်းလိုက်ပါက ခြေဖမိုးမြုပ်သွားအောင် မွနေ ရွနေရပါသည်။

မြေကိုမွအောင်ပြင်ပြီးပါက ချက်ချင်းပင် ဘိန်းစေ့ကိုကြဲရပါသည်။ မိုးအပြတ်တွင် မြေကိုမွနေအောင်ပြင်သည့်အချိန်နှင့် ဘိန်းကြဲချိန်သည်. . ကြားမှာ ဆယ်ရက်လောက်သာအချိန်ရှိ၍ အချိန်လု၍ ဆောင်ရွက်ကြရသည်။

မြေတစ်ဧကကို ထိုရက်နှင့်မျိုးစေ့ကြဲပြီးရန် အနည်းဆုံးအလုပ်သမား ဆယ်ဦးခန့်လိုပါသည်။ ထိုလုပ်ငန်းအားလုံးကို သူတို့၏ လုပ်အားဖြင့်သာ ဆောင်ရွက်ကြသည်။

ဘိန်းသည် မျိုးစေ့ကြဲပြီးသုံးလတွင် အစေးခြစ်၍ရပြီး လေးလကျော်ပါက တုံးပေပြီ။ ဘိန်းစေးခြစ်ယူသည့်အခါတွင် ဘိခင်းလုံး ဘိန်းသီးတွေ ရင့်မသွားခင် အချိန်လုပြီး ခြစ်ရသည့်အတွက် လူအားနှင့် ခြစ်ကြရသည်။

နေထွက်ကနေဝင်အထိ အလင်းရောင်ရတဲ့တောင်ထိပ်တွေမှာစိုက်သော ဘိန်းခင်းမျိုးနှင့် နေထွက်ရာအရှေ့ဘက်ကို မျက်နှာမူပြီး ဆင်ခြေလျှောဖြစ်နေတဲ့ တောင်စောင်းက ဘိန်းခင်းမျိုးဆိုပါက အောက်တိုဘာလထဲတွင် ကြဲကြပါသည်။

နေရောင်၏ အပူချိန်အပြည့်ရသည့် ဘိန်းခင်းသည် အသီးအရင့်မြန်သည့်အတွက် ဘိန်းစောစောထွက်သည်။ လျှိုထဲ မြောင်ထဲနေရာများနှင့် နေဝင်ရာအနောက်ဘက်ကို မျက်နှာမူ





www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ တောင်၏ဆင်ခြေလျှောဘိန်းခင်းနှင့် တောင်ရိုးကွယ်ပြီး အလင်းရောင်နှင့် အပူရှိန်အရနည်းသော ဘိန်းခင်းမျိုးဆိုပါက နိုဝင်ဘာလလောက်မှ ကြဲလေ့ရှိပေသည်။

ဘိန်းပင်ရဲ့သဘာဝအရ အစိုဓါတ်နှင့်အမှောင်ကို မကြိုက်သည့်အတွက် မြေမှာ အစိုဓါတ်လျော့သည့် နိုဝင်ဘာလလောက်တွင်မှ ကြဲခြင်းဖြစ်ပေသည်။

ဘိန်းကြဲသည့်အခါ. . . အလင်းရောင်နှင့် အပူရှိန်ပိုးအောင် နေထွက်သည့်ဘက်ကို အရင်ကြဲ၍ နေဝင်သည့်ဘက်ကို နောက်မှကြဲကြရသည်။

ဘိန်းပင်စိုက်ရာတွင် အလင်းရောင်ကို ရှေးရှုစိုက်ရပြီး ကျနေကို ကွယ်စိုက်ရမည်ဟု အဆိုရှိသည်။ မြေအစိုဓါတ်များသောလျှိုထဲ မြောင်ထဲက ဘိန်းခင်းဆိုပါမူ နွေဦးရာသီကို စောင့်ကာ မြေခြောက်လာပြီး အစိုဓါတ်လျော့သွားသည့်အထိ ခပ်ဆိုင်းဆိုင်း နောက်ကျကျ ကြဲရပါသည်။

ဘိန်းအထွက်စောခြင်းနှင့် နောက်ကျခြင်းထက် ဘိန်းအထွက်များခြင်း နည်းခြင်းကို ပို၍အလေးထားလုပ်ဆောင်ကြရသည်။

မြေအစိုဓါတ်များပါက ဘိန်းအထွက်နည်းသည်။ မြေအစိုဓါတ်များပြီး အအေးဓါတ်လွန်ကဲအားကြီးပါက ဘိန်းအပင်သန်ပြီး ဘိန်းစေးအထွက်နည်းပေသည်။

ဘိန်းမျိုးစေ့ကြဲရာတွင် နှမ်းကြဲသလို ကြဲကြရပေသည်။ နေပူသည့်ရက်ကို နေ့ကောင်းရက်သာအဖြစ်ရွေးပြီး ဘိန်းစေ့





ကို ကြဲရပါသည်။

မျိုးစေ့ကြဲစမှာ မိုးရွာပါက၊ သို့မဟုတ် မျိုးစေ့များ အညှောက်ပေါက်စမှာ မိုးမိလျှင် အပင်များပျက်စီးပါသည်။ မျိုးစေ့ကြဲစတွင် မိုးအလျဉ်းမရွာပါကလည်း ပျိုးပင်များ သေတတ်ပါသည်။ ရှင်သည့်အပင်မှ အသီးများသည်လည်း မအောင်မြင်တတ်ပါပေ။

သို့ဖြစ်၍ ရာသီဥတုအနေဖြင့် မျိုးစေ့ကြဲစရက်များတွင် မြေစိုရုံ မိုးကလေးရွာချရန် လိုအပ်သည်။ အပင်ကလေးများ တစ်မိုက်တစ်ထွာကျော်ပါက ပုံမှန်မိုးကို မကြောက်ရတော့ပေ။

မိုးရေလုံးကြီးသည်ကိုမူ အပင်ငယ်များက မနှစ်သက်ကြပါ။ ဘိန်းခင်းတွင် ဘိန်းပင်ကလေးများ တစ်မိုက်တစ်ထွာဖြစ်လာလျှင် တစ်ပင်စီအပင်စေ့အောင် လိုက်ကြည့်ရပါသည်။

စိုက်ခင်းအတွင်းရှိ ပင်ကျပ်များကို နုတ်ပစ်ရပါသည်။ ပင်ကျပ်မဟုတ်သော်လည်း ရိုးတံပျော့ပြီး ယိုင်နဲ့နေတဲ့အပင်မျိုး တွေ့ပါလျှင်လည်း နုတ်ပစ်ရပါသည်။

နုတ်ပစ်သော အပင်များကို ဟင်းချက်စား၍ရပါသည်။ မုန်လာရွက်အရသာနှင့် ခပ်ဆင်ဆင်တူပြီး ဘိန်းရွက်ကပို၍ နူးညံ့သည်။

ဘိန်းခင်း၏သဘာဝမှာ ဘိန်းခင်းထဲတွင် စိုက်သည့် မုန်ညင်းပင်သည် အခါးဓါတ်ပျောက်ပေသည်။ မုန်ညင်းပင်၏ အရွက်မှာလည်း ဇာဂျီးနီးယား ဆေးရွက်ကြီးလောက် ကြီးပေသည်။ မြေကို ကျကျနနပြုပြင်ပြီးမှ စိုက်ခြင်းကြောင့် ဖြစ်ပေ


www.burmeseclassic.com

www.burmeseclassic.com



သည်။

စိုက်ခင်းအတွင်းရှိ ရိုးတံပင်စည်မာသည့် ဘိန်းပင်များသည် ပင်သက်သုံးလရှိလျှင် ခြစ်ရပြီဖြစ်သည်။ သို့ဖြစ်၍ စောစောစိုက်သည့် ဘိန်းခင်းသည် စောစောခြစ်ရသည်။ နောက်ကျမှစိုက်သည့် ဘိန်းခင်းသည် နောက်ကျမှခြစ်ရသည်။

ဘိန်းပင်အားလုံးသည်. . တပေါင်းလ(မတ်လ)ထက်နောက်မကျပဲ အစေးခြစ်ကြရသည်။ ဘိန်းစိုက်စဉ်က အလင်းရောင်နှင့် အပူရှိန်ကို ဂရုစိုက်ရသကဲ့သို့ အစေးခြစ်သည့်အခါတွင်လည်း နေ၏အပူရှိန်ကို ဂရုစိုက်ရပေသည်။

ဘိန်းသီးကလေးများ ရင့်လာသဖြင့် ဘိန်းစေးခြစ်ရမည့် အလောတော်အနေရောက်ပါက ဘိန်းသီး၏အခွံအောက်မှ အစေးထွက်လာအောင် သံခြစ်ခွကလေးနှင့် အပေါ်ကအောက်ကို ဒေါင်လိုက်မျဉ်းမတ်အတိုင်း အစင်းအစင်း လိုင်းကလေးများ ခြစ်ချလိုက်ရသည်။

ဤသို့ အစင်းလိုင်းများခြစ်ရာတွင် နေသာသည့်နေ့တွင် ခြစ်မှအစေးထွက်များသည်။ အစေးထွက်များပါက နို့ထွက်သကဲ့သို့ ဖွေးနေအောင် ထွက်လာသည်။

မိုးအုံ့နေစဉ်တွင် အစင်းလိုင်းတံများ ခြစ်ပါကအစေးသည်ခြစ်ကြောင်း လိုင်းကလေးများထဲမှာ ကပ်မနေဘဲ အောက်ကို စီးကျကုန်ပါသည်။ ဤသို့ဖြစ်ပါက အစေးများ ဆုံးရှုံးကုန်သည်။

မိုးအုံ့ရက်များဆက်နေပါမူ အစေးထွက်မလာပဲ အထဲ





မှာပင် ခြောက်သွားတတ်သည်။ မိုးရွာလိုက်ပြန်လျှင်လည်း အစေးသည် ခြစ်ကြောင်းထဲတွင် ခဲပြီးတင်မနေပဲ. . အောက်ကို တောက်လျှောက် စီးကျကုန်တတ်သည်။ သို့ဖြစ်၍ ဘိန်းသိမ်းချိန်းတွင် မိုးကိုအကဲခတ်တတ်ရန် အရေးကြီးလှသည်။

ဘိန်းစေးခြစ်သည့်အချိန်သည် မိုးအကုန် ဆောင်းအကူး၊ မိုးတစ်ပြိုက်၊ နေတစ်ပြိုက် အချိန်ဖြစ်သောကြောင့် နာရီနှင့်အမျှ ရာသီဥတုပြောင်းလဲတန်သော တောင်ပေါ်ဒေသတွင် နေသာစဉ်အချိန်အတွင်း လုပ်ငန်းပြီးနိုင်သမျှ ပြီးမြောက်အောင် လူအားများသုံး၍ အစေးခြစ်ကြရသည်။

ဘိန်းအထွက်ကောင်းသည့် ဘိန်းခင်းဆိုပါက ဘိန်းခြစ်ရာတွင် တစ်နေ့လျှင် ဘိန်းဆယ့်ငါးကျပ်သားက နှစ်ဆယ့်ငါးကျပ်သားအထိရအောင် ခြစ်နိုင်ကြပေသည်။

အသီးလှိုသည့် ဘိန်းခင်းများတွင် တစ်နေ့လျှင် ဘိန်းတစ်ဆယ်ကျပ်သားပင် မရတတ်ပါ။ ဘိန်းခြစ်ခြင်းမှာ ပညာတစ်ရပ်ကဲ့သို့ ကျွမ်းကျင်မှုရှိရန် လိုအပ်ပေရာ ကျွမ်းကျင်စွာ ဘိန်းခြစ်တတ်သူများ ရှားပါးလာပေသည်။ ဘိန်းအစေးခြစ်ပုံခြစ်နည်း အမျိုးမျိုး ရှိပေသည်။

အချို့က ဘိန်းသီးကို ဒေါင်လိုက်အပေါ်က အောက်ကို ခြစ်ချသည်။ အချို့က အသီးကိုလုံးပတ်အလိုက် ခါးလယ်ကပတ်ပြီး ကန့်လန့်ခြစ်ကြသည်။ အချို့မှာမူ ခြစ်ရာလေးငါးဆယ်ချက်နှင့် အစေးကုန်အောင် ထုတ်ယူကြသည်။

အချို့က ခြစ်ရာချင်းထိလုမတတ် ဘိန်းသီးတစ်လုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



အပြည့်ခြစ်သည်။ အများစုမှာမူ ဒေါင်လိုက်မျဉ်းမတ်ခြစ်ကြပေသည်။

ဘိန်းစေးခြစ်ခြင်းသည် ပညာပါ၍ ကျွမ်းကျင်မှုရှိရန်လိုသည်။ ဘိန်းသီးကလေးများ၏ အခွံသည် ပါးပါးကလေးဖြစ်သည်။ ဘိန်းဖြစ်မယ့်အစေးက ထိုအခွံပါးကလေး၏ အောက်နှင့် အထဲကအသား၏ အပေါ်ကြားတွင် ရှိပေသည်။ သို့ဖြစ်၍ နက်နက်ကြီးခြစ်မိပါကလည်း အစေးမထွက်ပါ။ ခပ်တိမ်တိမ်ခြစ်မိပါကလည်း အစေးမထွက်ပါ။

သို့အတွက် ဘိန်းစေးခြစ်ယူရာတွင် လက်ချိန်လက်ဆကောင်းပြီး လုပ်ငန်းကျွမ်းကျင်ပါမှ ဘိန်းစေးအထွက်များနိုင်ပေသည်။

ဘိန်းသီးများ၏အခွံပေါ်ရှိ ခြစ်ကြောင်းလေးများမှ ထွက်လာသော စေးကပ်ကပ်အဆီသည် ပန်းရောင်ဖြစ်သည်။ ပန်းပင်အရွယ် အပင်ငယ်ကလေးများဖြစ်သော ဘိန်းပင်၏ပန်းပွင့်များမှာ အပင်မျိုးကိုလိုက်၍. . အဖြူ၊ အနီ၊ ပန်းရောင်၊ အဝါ၊ လိမ္မော်၊ ကြက်သွေးဟူ၍ အရောင်အမျိုးမျိုးရှိ၍ အသီးများမှာ အစိမ်းရောင်ဖြစ်သည်။

ဘိန်းခင်းအလုပ်သမားတို့သည် နှစ်ရက်ခြား၊ သုံးရက်ခြားတစ်ခါ ပင်တိုင်းစေ့လိုက်ပြီးလျှင် ဘိန်းသီးများမှ အစေးခြစ်ယူကြသည်။ နှစ်ကြိမ်မှခြောက်ကြိမ်အထိ ထိုကဲ့သို့ခြားပြီး ခြစ်ပေးရသည်။

ဘိန်းသီးများမှရသော ဘိန်းဆီကို ခွက်ပြားကြီးများတွင်





ထည့်၍ ရက်သတ္တပတ်(၄)ပတ်ခန့် နေပူလှန်းပေးသောအခါ ရေခြောက်ခန်းသွားသည့်အတွက် ပျစ်ခဲလာသည်။

ထို့နောက် ပျစ်ခဲနေသော အဆီကို နယ်ပေးရ၍ အလုံးများပြုလုပ်ပြီးလျှင် ဘိန်းလုံးများကို လုံးဝသွေ့ခြောက်သွားသည်အထိ နေပူတွင် ထပ်တလဲလဲလှန်းလျှော်ပြီး လှန်းပေးရပြန်သည်။

သွေ့ခြောက်သွားသောအခါ ဘိန်းလုံးများကို သေတ္တာများတွင်ထည့်၍ ကာလအတော်ကြာအောင် သိမ်းဆည်းထားလိုက်လေသည်။ ဘိန်းသည် ဆေးဝါးဖက်၌ အလွန်အဖိုးတန်အသုံးဝင်မှုရှိသည်။

သို့သော် မသုံးတတ်သူများအတွက် ဘိန်းသည် ဆိုးကျိုးများစွာပေးနိုင်သည်။ ဘိန်းသည် သုံးစွဲသူကို အကျင့်စာရိတ္တများပျက်ပြားစေခြင်း၊ စိတ်ဓါတ်ညှိုးဖျင်းစေခြင်း၊ ကျန်းမာရေးချို့တဲ့စေခြင်း စသောဆိုးကျိုးများကို ပေးတတ်သဖြင့် နိုင်ငံတိုင်းရှိ အစိုးရများက ဘိန်းရောင်းဝယ်သုံးစွဲရေးကို ဥပဒေများဖြင့် ကြပ်မတ်ကာကွယ်ထားကြရသည်။

ကမ္ဘာတွင် ဘိန်းကို အကြီးအကျယ်စိုက်ပျိုးသော နိုင်ငံများမှာ အိန္ဒိယ၊ အီရန်၊ တူရကီ၊ မက်ဆီဒိုးနီးယား၊ ဘူလ်ဂေးရီးယား၊ အီဂျစ်၊ အာရှမိုင်းနားနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံသည် ရှေးအခါက ဘိန်းကိုအဓိကထား စိုက်ပျိုးသောနိုင်ငံမဟုတ်ပဲ ဆန်စပါးနှင့် အခြားသီးနှံများ အဓိကထားပြီးစိုက်ပျိုးသော နိုင်ငံဖြစ်သည်။ ကိုလိုနီနယ်ချဲ့များ ဝင်ရောက်လာခဲ့ပြီးနောက်ပိုင်းမှာမှ နယ်ချဲ့တို့၏အမွေဆိုးများ ကျန်ရစ်ခဲ့ကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နယ်ချဲ့တို့၏ စနစ်ဆိုးများကြောင့် ဖြူစင်သန့်ရှင်းသော တောင်တန်းဒေသများမှာ ညစ်နွမ်းခဲ့ရသည်။ မြန်မာပြည်မြောက်ပိုင်းဒေသများ၌ ငရဲပန်းတို့လန်းရာမြေ ဖြစ်ခဲ့ရတော့သည်။





# အခန်း (၂)

# မလေ့ဆိုးကြောင့် ကြွေလွင့်ခဲ့ရသူများ

ဘိန်းဟုခေါ်သော ငရဲပန်းတို့ကြောင့် ဘဝပျက်ကြသူများ အမြောက်အမြား ရှိခဲ့ကြသည်။ ယောက်ျားများက ဘိန်း၏ ကျေးကျွန်များဖြစ်ခဲ့ကြသလို အမျိုးသမီးများကတော့ ကျူးကျော်ဝင်ရောက်လာသော တရုတ်ဖြူတို့ ဖျက်ဆီးမှုကြောင့် ဘဝပျက်ခဲ့ကြရသူများ မရေမတွက်နိုင်အောင်များသည်။

တောတောင်များထဲမှာ အားကိုးရာမဲ့နေကြသော မိန်းမ



www.burmeseclassic.com

www.burmeseclassic.com

ပျိုလေးများမှာ လက်နက်အားကိုးဖြင့် လာရောက်အနိုင်ကျင့်နေသော တရုတ်ဖြူများ၏ ဖျက်ဆီးမှုများကို ခံကြရသည်။ အချို့ကတော့ တစ်ပါတည်း ခေါ်ဆောင်သွားပြီး တရုတ်နိုင်ငံမှာ ရောင်းစားသည်။ ဘိန်းနှင့်လဲကြသည်။ ထို့ထက်ပိုပြီး ရင်နာစရာကောင်းသော အဖြစ်အပျက်အချို့လည်း ရှိခဲ့ပေသည်။

ထိုအဖြစ်အပျက် ဖြစ်ပျက်ခဲ့သောနေရာမှာ မိုင်းခုတ်ချိုင့်ဝှမ်းကြီးနှင့် မနီးမဝေးမှာရှိသည့် ဖားဖဲရွာ၌ ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်ပင်ဖြစ်သည်။ ဖားဖဲရွာသည် တောင်ပေါ်ရွာဖြစ်ပြီးအိမ်ခြေ (၂၀)ခန့်သာရှိသည်။ ရွာသူရွာသားတို့မှာ စားသောက်စရာအတွက် တောင်ယာစိုက်ပြီး သုံးစွဲစရာအတွက် ငွေရဖို့ကတော့ ဘိန်းစိုက်ကြလေသည်။ ထိုရွာမှာ အားခါမျိုးနွယ်တို့သာနေကြသည်။ ထိုရွာကို သူကြီးကအုပ်ချုပ်ပြီး အားခါတို့၏ ရွာဓလေ့ထုံးစံများလည်းရှိသည်။

အားခါတို့ ကျင့်သုံးလိုက်နာသော စည်းကမ်းများမှာ ထူးဆန်းပြီး ကြောက်စရာလည်းကောင်းသည်။ သို့သော်လည်း အားခါတို့သည် ၎င်းတို့သတ်မှတ်ထားသော စည်းကမ်းဓလေ့ထုံးစံများကို လိုက်နာကြသည်။ အားခါတို့၏ဓလေ့တွင် မိန်းမပျိုတစ်ယောက်သည် လွတ်လပ်သူဘဝတွင် ချစ်သူနှင့်ပင်ဖြစ်စေ၊ မိမိနှစ်သက်သူနှင့်ပင်ဖြစ်စေ လွတ်လပ်စွာနေလျှင်လည်း ဘာမှပြဿနာ မရှိပေ၊ ကိုယ်လေးလက်ဝန်ရှိစေဦးတော့ 'မည်သူမည်ဝါနှင့် ဖြစ်တာပါ'ဟု လင်ကောင်ပြနိုင်ပါက ဓလေ့ထုံးစံအရမည်သည့် ပြဿနာမပေါ်ပေ။ သို့သော် အိမ်ထောင်ချပြီးသော





အခါမှ အခြားတစ်ယောက်နှင့် မှောက်မှားကျူးလွန်မိလျှင်တော့ မိမိကိုယ်တိုင်က သဘောတူသည်ဖြစ်စေ၊ သဘောမတူဘဲ အဓမ္မကျင့်ခံရသည်ဖြစ်စေ အလွန်ကြီးလေးသော ပြစ်မှုကြီးကို ကျူးလွန်မိခြင်းဖြစ်တော့သည်။

ထိုပြစ်မှုကို အိမ်ထောင်ရှင်ဘဝရောက်လာသော အမျိုးသမီးတိုင်း သတိကြီးစွာဖြင့် ရှောင်ကြဉ်ကြရသည်။ အကယ်၍ကျူးလွန်မိပါက စပါးတစ်စေ့မှ ယူခွင့်မရှိဘဲ လင်ယောက်ျားအိမ်မှ ဆင်းပေးရသည်။ သားသမီးရှိလျှင်လည်း ခေါ်သွားခွင့်မရှိဘဲထားခဲ့ရသည်။ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ယောက်ျားအိမ်မှ ဆင်းပေးရသည်။

ထိုသို့ဆင်းသွားသောမိန်းမကို လင်ယောက်ျားက ခွင့်လွှတ်ပေးနိုင်သော်လည်း ဓလေ့ထုံးစံအရ တားပိုင်ခွင့်မရှိပေ၊ ယောက်ျားအိမ်မှ ဆင်းသွားပြီး မိဘအိမ်ပြန်လျှင်လည်း ကြာရှည်နေခွင့်မရှိဘဲ (၁၃)ရက်သာ နေခွင့်ရှိသည်။ မိဘကလည်း ထိုပြစ်မျိုးကျူးလွန်သော သမီးကို (၁၃)ရက်ထက်ပိုပြီး လက်ခံထား၍မရပေ။

ထိုရက်မှကျော်လျှင် နောက်ထပ်အိမ်ထောင်သစ် ပြုလျှင်ပြု၊ မပြုပါက ရွာထဲမှာဆက်မနေရတော့ပဲ ရွာအပြင်ဘက်ထွက်နေရသည်။ ရွာက ထိုမိန်းမကို ဝိုင်းပယ်ထားလိုက်ကြသောသဘောပင်ဖြစ်သည်။

ဓလေ့ထုံးစံအတော်များများမှာတော့ အကြောင်းအမျိုးမျိုးကြောင့် လင်မယားချင်း ကွာရှင်းကြပါက ရှိတဲ့ပစ္စည်းများကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ဝက်စီပိုင်ဆိုင်ခွင့် ရကြသည်။ ထိုအရပ်မှာတော့ မဟုတ်ပေ။ မိမိက ဖောက်ပြားခြင်းမဟုတ်ဘဲ အခြားသူများက မတရားစော်ကားခံရသည့်အခါ ဘာပစ္စည်းမှမယူဘဲ အိမ်ပေါ်မှဆင်းပေးရပြီး မိဘနေအိမ်မှာပင် နေခွင့်မရှိပဲ ရွာပြင်သို့ထွက်နေကြရသည်၊

ထိုသို့ဖြစ်ခဲ့လျှင် (၁၃)ရက်အတွင်း နောက်ယောကျ်ား တစ်ယောက်ရှာဖွေယူနိုင်ပါက ရွာထဲမှာပြန်နေခွင့်ရလေသည်။ ဒါကတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်သောကိစ္စမျိုးဖြစ်သည်။

ဖောက်ပြားနေခြင်းမဟုတ်ဘဲ ရိုးသားဖြူစင်သော မိန်းမတစ်ယောက်မှာ ထိုအဖြစ်မျိုးဖြစ်ခဲ့ပါလျှင်. . အပူမီး တောက်လောင်နေမည်မှာ အသေအချာပင်ဖြစ်သည်။ ထိုအမျိုးသမီးတစ်ယောက်အဖို့ (၁၃)ရက်အတွင်း နောက်ယောကျ်ားတစ်ယောက် ထပ်ယူဖို့ကိစ္စမျိုးမှာ ဘယ်နည်းနှင့်မှမဖြစ်နိုင်သော ကိစ္စမျိုးပင်ဖြစ်၏။

ထို့ပြင် ယောကျ်ားများအနေကလည်း ထိုပြစ်မှုမျိုးဖြစ်ပျက်ခဲ့သော မိန်းမတစ်ယောက်ကို လက်ထပ်ယူရန် စိတ်ကူးကြမည်မဟုတ်ပေ။ သို့ကြောင့် ထိုပြစ်မှုမျိုးဖြစ်ပျက်ခဲ့သော အားခါ မိန်းမတစ်ယောက်အဖို့ ရွာအပြင်ထွက်ကာ တဲတိုးနေပြီး မိမိတစ်ယောက်တည်း ရှာဖွေစားသောက်ရုံကလွဲပြီး အခြားဘာမှ မရှိတော့ပေ။ ထိုသို့ရွာအပြင်ထွက်နေရသော မိန်းမဆီသို့ မိဘဆွေမျိုးသားချင်းများလည်း မလာရပေ။ ယောကျ်ားဟောင်းနှင့်သားသမီးများကလည်း လာချင်၍မရပေ။ ထို့ကြောင့်. . . တစ်ယောက်တည်း အထီးကျန်ဆန်စွာ နေကြရတော့သည်။ အများ





အားဖြင့်တော့ ထိုကဲ့သို့အဖြစ်မျိုးဖြစ်ကြသော အိမ်ထောင်ရှင် အမျိုးသမီးများမှာ အများအားဖြင့်တော့ အသက်(၂၀)ကျော်မှ (၃၀)ဝန်းကျင်အရွယ်အတွင်း၌ ဖြစ်ကြလေရာ အရွယ်ကောင်းများပင်ဖြစ်သည်။

ထိုအရွယ်သာရှိသေးသော အမျိုးသမီးများအဖို့ မိဘကလည်းမကြည့်၊ လင်ယောကျ်ားကလည်း လှည့်မကြည့်၊ ရပ်ရွာကပါ စွန့်ပစ်ခံထားရပြီး တစ်ယောက်တည်း ရွာအပြင် ထွက်နေရသောအဖြစ်မှာ များစွာအန္တရာယ်များလှပေသည်။

သူမအတွက် အကာအကွယ်ပေးမည့်သူ မရှိသဖြင့် တောထဲမှ သားရဲတိရိစ္ဆာန်များက ဝင်ရောက်နှိပ်စက်နိုင်သည်။ သို့ထက်ပိုပြီး ကြောက်စရာကောင်းသည်က. . အခွင့်ကောင်းစောင့်နေသည့် ကြောင်ဖားများနှင့်. . ဘိန်းကုန်ကူးနေသော ဓားရုတ်ဖြူများ၏ အန္တရာယ်များပင် ဖြစ်သည်။

ထိုလူများ၏ အန္တရာယ်ကြောင့် ဘဝမှာ အဖတ်ဆယ်မရအောင် ပျက်စီးခဲ့ရသူများ ရှိကြလေသည်။

အားခါတို့၏ ဓလေ့ထုံးစံမှာ မူလယောကျ်ား၏ စွန့်ပစ်ခြင်းခံရသော အရွယ်ရှိသေးသည့် မိန်းမတစ်ယောက်ကို (၁၃)ရက်အတွင်း လင်တစ်ယောက်ရအောင် ရှာယူခိုင်းခြင်းမှာ ၎င်းအား လူလွတ်အနေနှင့် မထားလိုသောကြောင့်ဖြစ်သည်။

သို့သော်လည်း ထိုကဲ့သို့ ဆန်းပြားသော ဓလေ့ထုံးစံတစ်ခုကြောင့် ဘဝပျက်သွားပြီး နစ်မွန်းသွားခဲ့ကြသော အမျိုးသမီးအချို့ ရှိခဲ့လေသည်။ ထိုအထဲတွင် ဖားဖဲရွာမှ မယ်နှင်းဆိုသော


www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

မယ်နှင်းသည် အားခါအမျိုးသမီးတစ်ယောက်ဖြစ်ပြီး အသားဖြူသောကြောင့် မယ်နှင်းဟုခေါ်ကြသည်။ သူမသည် ရုပ်ရည်ရော ကိုယ်လုံးကိုယ်ထည်ပါ လှပပြေပြစ်သူဖြစ်သဖြင့် ကာလသားများ၏နှစ်သက်ခြင်း ခံရသူဖြစ်သည်။

သို့သော် ထိုအရပ်ဒေသမှာ ယောက်ျားလေး အတော်များများမှာ ဘိန်းနှင့်မကင်းကြသူများချည်း ဖြစ်သည်။ အချို့က ဘိန်းစိုက်သည်။ အချို့က ဘိန်းရှုသည်။ အချို့ကျတော့ ဘိန်းအရောင်းအဝယ်ပြုလုပ်ကြသည်။

ထို့ကြောင့် ထိုအရပ်မှာနေကြသော ယောက်ျားလေး အတော်များများမှာ ဘိန်းနှင့်မကင်းကြပေ။ မယ်နှင်းက သူ့ကို လာရောက်ကမ်းလှမ်းကြသောသူများကို မနှစ်သက်သဖြင့် ယောက်ျားမယူပဲနေလာခဲ့ရာ အသက်(၂၀)ကျော်အရွယ်ရောက်မှ အိမ်ထောင်ကျလေသည်။ သူယူသောယောက်ျား မောင်ညိုမှာ ဘိန်းနှင့်ကင်းသူတစ်ယောက်ဖြစ်သည်။

ဖားဖဲ့ရွာတွင် တောင်ယာစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သည်။ သူသည် ဆင်းရဲသော်လည်း ဘိန်းနှင့်ကင်းသူတစ်ဦးဖြစ်သောကြောင့် မယ်နှင်းသဘောကျ နှစ်သက်သဖြင့် လက်ထပ်ယူခြင်းဖြစ်သည်။

ထိုအချိန် ဂျပန်ခေတ်ကာလဖြစ်ပြီး ဂျပန်များက ထိုအရပ်သို့ မကြာခဏလာရောက်လေ့ရှိသော အချိန်လည်းဖြစ်သည်။

မောင်ညိုနှင့်မိနှင်းတို့မှာ သားတစ်ယောက်၊ သမီးတစ်





ယောက်ရသည်အထိ. . . အေးအေးချမ်းချမ်းနှင့် လုပ်ကိုင်စားသောက်နေရာမှ တစ်နေ့တော့ ဂြိုဟ်ဆိုးများ ဝင်ရောက်လာတော့သည်။ မောင်ညိုတောထဲသွားနေခိုက် မယ်နှင်းနေသော ရွာသို့ ဂျပန်စစ်သားများရောက်လာပြီး ဝိုင်းဝန်းဖျက်ဆီးကြတော့သည်။

မယ်နှင်းခဗျာ ဘာမှမတတ်နိုင်ပဲ သူတို့ပြုသမျှခံလိုက်ရတော့သည်။ ထိုအကြောင်းကို ဂျပန်များပြန်ထွက်သွားတော့မှ ရွာလူကြီးနှင့် မောင်ညိုတို့က သိကြရသည်။ ထိုအခါ ရွာ၏ဓလေ့ထုံးစံအတိုင်း အိမ်ပေါ်မှဆင်းရပြီး မိဘနေအိမ်မှာ(၁၃)ရက် ပြည့်အောင်သွားနေရသည်။ ထိုရက်အတွင်းမှာ ယောက်ျားဖြစ်သူ မောင်ညိုနှင့်လည်း မတွေ့ရတော့ပေ။ မောင်ညိုအနေနှင့်လည်း သူမအပေါ်မှာ ခွင့်လွှတ်ပေးနိုင်သော်လည်း ရပ်ရွာဓလေ့ထုံးစံကို ဖောက်ဖျက်၍မရသောကြောင့် ဒီအတိုင်းပင် ကြည့်နေရလေသည်

"ဒီလိုဖြစ်မှာတော့ နောက်ယောက်ျားတစ်ယောက် ရှာယူပေါ့"

မိခင်ဖြစ်သူကပြောသည်။

"အို မယူချင်ပါဘူး၊ အခုဖြစ်တဲ့ကိစ္စက ကျွန်မဖောက်ပြန်တာမှ မဟုတ်တာ၊ သူတို့မတရားစော်ကားတာကို ခံလိုက်ရတဲ့ဥစ္စာ"

"အေး ဘာပဲဖြစ်ဖြစ်. . သဘောတူလို့ပဲဖြစ်ဖြစ်၊ သဘောမတူလို့ပဲဖြစ်ဖြစ် ဓလေ့ထုံးစံက ဓလေ့ထုံးစံပဲ. . . ညည်း



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားမယူချင်ရင်တော့ ရွာအပြင်မှာ တစ်ယောက်တည်း ထွက်နေရမှာပဲ"

"ထွက်နေဆိုလည်း နေရမှာပဲ ယောက်ျားရှိနေရက်နဲ့ တော့ ဘယ်နည်းနဲ့မှ နောက်ယောက်ျားမယူတော့ဘူး"

"အေး. . ဒါကတော့ ညည်းသဘောပဲပေါ့၊ လူဆိုတာ အရွယ်ရှိတုန်း လုပ်သင့်တာလုပ်ရတယ်၊ အရွယ်မရှိမှတော့ ဘာမှ မလုပ်နိုင်ဘူး၊ ရွာအပြင်တစ်ယောက်တည်း ထွက်နေမယ်ဆို ရင်လည်း. . . ဖြစ်လာတဲ့ဒုက္ခတွေကိုတော့ ညည်းတစ်ယောက် တည်းခံရမှာပဲ"

မိခင်ကပြောသော်လည်း မယ်နှင်းကတော့ လက်မခံ ခဲ့ပေ။ ထို့ကြောင့် မိဘအိမ်မှာ (၁၃)ရက်စေ့အောင်နေပြီး ပြည့် သောအခါ ရွာအပြင်တောစပ်သို့ထွက်ပြီး တဲထိုးကာ. . တစ် ယောက်တည်း သွားနေရလေသည်၊

အမှန်တော့ ရွာဓလေ့ထုံးစံအရ ရွာလူကြီးက သူမကို နှင်ထုတ်လိုက်ခြင်းပင်ဖြစ်၏။ ထိုကဲ့သို့ ရွာခြံစည်းအပြင်ဘက် ရောက်သွားပြီးသည့်အချိန်မှစပြီး သူမကိုဘယ်သူကမှ ဆေးဖော် ကြောဖက်လုပ်ပြီး စကားမပြောတော့၊ အဆက်အဆံလည်း မ လုပ်ကြတော့ပေ၊ အမှန်တော့ သူမဘဝမှာ 'စည်းအပြင်ကလူ' ဘဝသို့ ရောက်သွားခဲ့ခြင်းဖြစ်၏။

အသက်သေပြီး ဘဝခြားသွားခြင်းမျိုး မဟုတ်သော်ငြား လည်းအသက်ရှင်လျက်နှင့် အခြားသူများနှင့် ဘဝခြားသွားခြင်း မျိုးပင် ဖြစ်ပေတော့သည်။ သို့သော်လည်း မယ်နှင်းက စိတ်အား





တတ်သူမဟုတ်ပေ၊ ရွာအပြင်ရောက်တော့ တစ်ယောက် ည်း တဲတိုးနေသည်။ တောင်ယာစိုက်ပြီး စားသောက်သည်၊ သူမှာတော့ မောင်ညိုရောက်လာသည်။ သူသည် ရုပ်ဖျက် ကိတ်တဆိတ်ရောက်လာခြင်း ဖြစ်လေသည်။ သူ့လက်ထဲမှာ ည်း အထုပ်တစ်ထုပ်ပါလာလေသည်။

"ဟင် ကိုညို ဘာဖြစ်လို့ ကျွန်မဆီလာတာလဲ၊ တော်ကြာ လူကြီးတွေသိသွားရင် ပြဿနာတွေဖြစ်ကုန်ပါဦးမယ်"

"ငါ. . နင့်အတွက် စိတ်မကောင်းပါဘူး မယ်နှင်းရယ်၊ လေ့ထုံးစံဆိုတော့လည်း ငါလည်းဘာမှ မတတ်နိုင်တော့ဘူး"

"ဒါကတော့ ကျွန်မရဲ့ကံကြမ္မာအကြောင်းပေါ့လေ. . ယ်တတ်နိုင်ပါ့မလဲ"

မယ်နှင်းက ပါးပြင်ပေါ်စီးကျလာသော မျက်ရည်များကို တ်ရင်း ပြောသည်။

"ဒီမှာနင့်အတွက် စားသောက်စရာတွေ ငါယူလာခဲ့ ယ်"

မယ်နှင်းက မျက်ရည်ပြည့်နေသော မျက်လုံးများဖြင့် ကြည့်ရင်း. . .

"ကျွန်မအတွက် အရေးမကြီးပါဘူး၊ ကလေးတွေကိုသာ ကျွေးလိုက်ပါရှင်. . ."

ဟု မှာလေသည်။ ထို့နောက်မှာတော့ မောင်ညိုလည်း သွားလေတော့သည်။ မယ်နှင်းအနေနှင့် မျက်ရည်ကျရုံက ပြီး အခြားဘာမှ မတတ်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ်သုံးရက်ခန့် ကြာသောအခါ ညအချိန်း တော်တွင် သူမနေသောတဲသို့ လူသုံးယောက်ရောက်လာ လေသည်။ ပထမ သူ့ယောက်ျားမောင်ညို ရောက်လာသည်အ ထင်နှင့် ထကြည့်သည်။

တဲအတွင်းမှာ မီးရောင်မရှိသဖြင့် လူရိပ်သာမြင်နေ ပြီး ဘယ်သူဘယ်ဝါမှန်း မသိရပေ။ သို့သော် မသဲမကွဲ မြင်နေ ရသော ပုံပန်းသဏ္ဌာန်ကို မြင်ရုံနှင့်တော့ မောင်ညိုမဟုတ်မှန်း သိလေသည်။

"နင်တို့ ဘယ်သူတွေလဲ"

"နင်က အပျိုဘဝတုန်းက အတော့်ကိုမာနကြီးခဲ့တယ် အခုတစ်ရွာလုံးက ဝိုင်းပယ်ထားတဲ့ဘဝ ရောက်နေပြီဆိုတော့ အနားကပ်လို့ ရတော့မှာပေါ့"

ထိုစကားသံကြားတော့မှ ရွာထဲမှ ဘိန်းကုန်ကူးနေသော ဇန်ထွန်းတို့အဖွဲ့မှန်း သိရတော့သည်။

"နင်တို့မယုတ်မာနဲ့နော်. . ငါတစ်ယောက်တည်း နေ တယ်ဆိုပြီး လာမစော်ကားနဲ့ အသက်ချင်းလဲပစ်မယ်"

မယ်နှင်းက ပြောမယ့်သာပြောနေရသည် သူမမှာ ဘာ အားကိုးစရာမရှိပေ. . ။

"နင်က အခုအချိန်ထိ မာနကြီးနေတုန်းပါလား၊ ငါ တယ်ဆိုတာ အလကားလာတာမဟုတ်ပါဘူး၊ နင့်အတွက် စား သောက်ဖို့ ပေးသွားမှာပါ. . ."

"နင်. . မယုတ်မာနဲ့နော်၊ ငါ့မှာယောက်ျားရော ကလေး





တွေပါရှိတယ်. . ."

"နင့်မှာ ယောက်ျားနဲ့ ကလေးတွေရှိတာ ငါတို့သိသားပဲ ပေမယ့် အခုအချိန်မှာ သူတို့က နင့်နဲ့ဘာမှမဆိုင်တော့တာမှ တတ်တာ၊ နင်က စည်းအပြင်ကလူတစ်ယောက် ဖြစ်နေပြီလေ ကိုရော သတိထားမိရဲလား. . ."

"နင်. . . နင်. . ."

"နင်က ယောက်ျားရပြီး ကလေးအမေသာဆိုပေမယ့် အရွယ်ရောရုပ်ပါ ရှိသေးတယ်၊ ဒါတွေကို ဒီအတိုင်းထားတော့ ဘာလုပ်မှာလဲ"

"နင်တို့ မယုတ်မာကြနဲ့နော်. . ငါအော်လိုက်မယ်. . ."


ထိုကဲ့သို့ပြောသော်လည်း တကယ်တမ်းတော့ သူမအ တက် အခွင့်အရေး မရခဲ့ပါချေ။ အမှောင်ရိပ်ဖုံးနေသောအချိန် တွင် ရွာစည်းရိုးအပြင်ဘက်မှာ တဲတစ်လုံးနှင့်တစ်ယောက်တည်း နေရှာသော အမျိုးသမီးတစ်ယောက်၏ဘဝကို မည်သူကမှ ကာအကွယ်မပေးနိုင်သလို၊ အကူအညီလည်း မပေးနိုင်ကြပါ ချေ၊ မယ်နှင်းဘဝကတော့ အမှောင်ထဲမှာ နစ်ပြီးရင်း နစ်ရပြန် လေတော့သည်။ သူမဘဝကို ထိုကဲ့သို့ ပျက်စီးအောင် ပြုလုပ်ခဲ့ သောတရားခံမှာ. . အယူသီးလွန်းသော ဓလေ့ထုံးစံများ ဖြစ် သည်ကတော့ အမှန်ပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၃]

# သရဲဘဝရောက်မှ ကလဲ့စားလာချေသူ

မယ်နှင်းဘဝကတော့ သူမဘဝတစ်ခုလုံး ဘာမှမကျန် တော့လောက်အောင် ဖြစ်သွား တော့သည်။ မိဘမရှိ၊ ဆွေမျိုး ရှိ၊ လင်ယောက်ျားမရှိ၊ သားသမီးမရှိ၊ ဘဝတန်ဖိုးလည်း မရှိ တော့သည့် ဘဝမျိုးသို့ ရောက်သွားခဲ့ရလေသည်။ မိမိကိုယ်တိုင် ာ လော်လီဖောက်ပြား၍ မဟုတ်ပါပဲ နယ်ချဲ့စစ်သားများက ာ်ကားဖျက်ဆီးခဲ့သောကြောင့် ဘဝပျက်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အိုးနှင့်အိမ်နှင့်၊ လင်နှင့်သားနှင့်၊ မိဘဆွေမျိုးများနှင့် ဓလေ့ဘာသာအလိုက် ပျော်ရွှင်စွာနေခဲ့ရသော တိုင်းရင်းသူ အမျိုးသမီးတစ်ဦး၏ဘဝမှာ လူမျိုးဓလေ့ထုံးစံကို မသိသည့်ရိုင်းဖွ သည့် နယ်ချဲ့စစ်သားများကြောင့် သူမ ရရှိထားသောမိန်းမတစ် ဦး၏ ဘဝမှန်သမျှ ဘာမှမကျန်ခဲ့တော့လောက်အောင် အစိမ် စိပ် အမွှာမွှာ ပျက်စီးသွားခဲ့ရလေသည်။

တစ်သက်လုံး စားစရာ နေစရာ ဆင်းရဲချို့တဲ့စွာဖြင့် လူ့အသိုင်းအဝိုင်းအပြင်ဘက် ထုတ်ပယ်ခြင်းခံရသော ထိုအမျိုး သမီး၏ဘဝမှန်ကိုသိလျှင် ဖျက်ဆီးသွားသော ဂျပန်စစ်သားတို့ မှာ အဘယ်သို့ရှိလေမည်နည်း။ ၎င်းတို့၏ ဇနီးမယား၊ နှမသား ချင်းတိုကို အခြားလူမျိုး စရိုက်မတူသူတစ်ဦး တစ်ယောက်က ဖျက်ဆီးသွားခဲ့သော် အဘယ်ကဲ့သို့ ရှိလေမည်နည်း. . . ။

သို့သော်လည်း အပြစ်အပျက်များက လွန်သွားခဲ့ပြီးဖြစ် တော့သည်။

မယ်နှင်း ဘဝမှာတော့ ရိုင်းပျသူတို့က ဖျက်ဆီးသဖြင့် ဘဝပျက်ခဲ့ရပြီးနောက်မှာ ထိုမျှနှင့်ပြီးမသွားခဲ့ပေ။ လူ့အသိုင်း အဝိုင်းအပြင်ဘက် ရောက်နေရသောကြောင့် သူမအတွက် အ ကာအကွယ် ပေးမည့်သူမရှိတော့သည့်အခါ. . တောမီးလောင် တောကြောင် လက်ပန်းပေါင်းခတ် ဆိုသကဲ့သို့ အခွင့်အရေး စောင့်နေသူများ၏ ဖျက်ဆီးမှုကိုထပ်မံ ခံရပြန်သည်။

သူမဘဝက ပျက်စီးရုံမကပဲ အဖတ်ဆယ်၍မရတော့ လောက် အောင်မှုန်မှုန်ညက်ညက် ကြေသွားခဲ့ရတော့သည်။





သန်းခေါင်ထက် ညဥ့်နက်သောဘဝမျိုးပါပေ. . . ။

မယ်နှင်းမှာ ရွာအပြင် ဘောစပ်တစ်နေရာမှာ တစ် ယောက်တည်းနေထိုင်ရင်း အဝေးမှဖြတ်သွားဖြတ်လာသူများ ကို မျှော်ကြည့်နေရသည်။

သူမအလွန်ချစ်သော ယောက်ျားနှင့်သားသမီးများ သွား လာနေသည်ကို လှမ်းမြင်ရလျှင်ပင် ကျေနပ်နေရသည်။

"အော်. . သူတို့ကျန်းမာနေကြတယ်၊ ကိုညိုတောင် အ တော်ပိန်သွားတယ်. . . သူငါ့ကို သတိမှရပါတော့မလား၊ ဒါမှ မဟုတ် သူဘဝကိုဖျက်ဆီးတဲ့ မိန်းမတစ်ယောက်အနေနဲ့ စိတ် နာနေရော့သလား. ."

ဟုတွေးမိသောအခါ မျက်ရည်ကျရုံသာ တတ်နိုင်တော့ သည်။ ထိုပြင်. . မောင်ညိုနှင့် ချစ်စခင်စ ကြင်နာစအချိန်က အကြောင်းကလေးများကို ပြန်တွေးမိပြီး မျက်စိထဲမှာ ယခုပင် ဖြစ်ပျက်နေသကဲ့သို့ ပြန်ပေါ်လာသည်။

သူမတစ်ယောက်တည်း တောထဲမှပြန်လာစဉ် မောင် ညိုက နောက်ကလိုက်လာပြီး ရည်းစားစကားပြောခဲ့စဉ်က ပျော် ရွှင်မှုနှင့်အတူ ရင်ခုန်ခဲ့ရပုံများ. . .

သမီးရည်းစားဘဝရောက်ပြီး တောထဲမှာ နှစ်ယောက် ချင်းတွေ့ရသောအခါ လွတ်လွတ်လပ်လပ် ပျော်ခဲ့ရပုံများ. .၊ နောက်ပိုင်း မင်္ဂလာဆောင်ပြီး အတူတကွနေခဲ့စဉ်က အကြောင်း များနှင့် သားသမီးများရလာသောအခါ ပိုမိုပျော်ရွှင်ခဲ့ပုံများအ ကြောင်းကို တွေးမိသောအခါ ရင်ထဲမှာ ပျော်ရွှင်ကြည်နူးလာ


www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် လက်ရှိဘဝအခြေအနေကိုပင် မေ့လျော့နေပြီး ပြုံးနေမိလေသည်။

ထိုသို့ပြုံးနေရင်းမှပင် မျက်နှာပေါ်သို့ မျက်ရည်ပေါက်များ တလိမ့်လိမ့် စီးကျနေသည်ကိုတော့ သူမကိုယ်တိုင်သတိမထားမိပါချေ. . . ။

သူမတစ်ယောက်တည်းရှိနေစဉ် ဇန်ထွန်းတို့ကတော့ မကြာခဏ ရောက်လာလေ့ရှိသည်။ သူတို့ရောက်လာလျှင်. . စားသောက်စရာအချို့ ပါလာလေ့ရှိသော်လည်း သူတို့နှိပ်စက်ကြသည်နှင့် မကာမိအောင် ရှိလေ့သည်။

မယ်နှင်းဘဝကတော့ ကယ်မည့်သူမရှိဘဲ သမာသူများ နှိပ်စက်သမျှ ခံနေရသည်။

နောက်ပိုင်းမှာတော့ သူမထံမှာ ကိုယ်ဝန်စွဲကပ်လာသည်။ ထိုကိုယ်ဝန်ကို ဖျက်ချရန် ကတိုးဆေးတစ်မျိုးကိုသောက်လေသည်။

ကတိုးဆေးကြောင့် ကိုယ်ဝန်ပျက်ကျသွားသော်လည်း မရှုမလှခံရကာ ရောဂါတစ်ခုပါ စွဲကပ်ကျန်ခဲ့လေသည်။

ထိုရောဂါမှာ အခြားမဟုတ်ပေ။ ကာလသားရောဂါပင် ဖြစ်တော့သည်။ ထိုရောဂါဖြစ်မှန်းသိသောအခါ မယ်နှင်းမှာ ဝမ်းသာသွားလေသည်။

“ငါမှာဒီရောဂါရှိနေတာ ကောင်းတယ်၊ ငါဘဝက အသက်ရှင်နေလည်း မထူးဘူး၊ သေသွားရင်လည်း အကြောင်းမထူးဘူး၊ ငါသေသွားလို့လည်း ဘယ်သူကမှ ဝမ်းနည်းနေမှာ မ





ဟုတ်ဘူး”

ဟုတွေးမိပြီး အံတစ်ချက်ကြိတ်လိုက်သည်။

“ငါကိုဒုက္ခလာပေးနေတဲ့ ဟိုလူယုတ်မာတွေကို ဒီရောဂါဆိုးတွေ အမွေပေးထားခဲ့ရမယ်၊ ဒါမှဒင်းတို့တစ်သက်လုံး နာလန်မထူနိုင်အောင် ဖြစ်ကြမှာ. . .”

ဟုတွေးပြီး ထိုအကြောင်းကို မည်သူကိုမှမသိမပေးပဲ လျှို့ဝှက်ထားလေသည်။

ထိုသို့ရှိနေစဉ် တစ်ခါတစ်ရံ မောင်ညိုရောက်လာသောအခါ အတွေ့မခံတော့ပေ။ မောင်ညိုလာမှန်းသိလျှင် တောထဲမှာ သွားပုန်းနေသည်။ တစ်ကြိမ်မှာတော့ မောင်ညိုရောက်လာစဉ် မယ်နှင်းတဲအတွင်းမှာ ဇန်ထွန်းတို့ရောက်နေသည်ကို မြင်သွားသောကြောင့် နောက်မလာတော့ပေ။

နောက်ပိုင်း လအနည်းငယ်ကြာသောအခါ ဇန်ထွန်းတို့မှာ မယ်နှင်းထံမှ ကာလသားရောဂါပိုးများ ကူးဆက်ပြီး ဒုက္ခတွေ့တော့သည်။ သူတို့အရပ်ဒေသမှာ ဆေးဆရာမရှိပေ။ ခေတ်မီဆေးဝါးများမရှိပေ။ သို့ကြောင့် မိမိတို့ အရပ်ဒေသမှာရှိသော ဆေးနည်းတိုများဖြင့် ကုသသော်လည်း မရတော့ပဲ အခြေအနေဆိုးဝါးကာ နောက်ဆုံး ဇန်ထွန်းတစ်ယောက် အသက်သေဆုံးသွားလေတော့သည်။

ဇန်ထွန်းသေဆုံးသွားပြီးမကြာခင် တောစပ်မှာရှိသော သစ်ပင်တစ်ပင်၌ ကြိုးဆွဲချသေဆုံးနေသည့် မိန်းမတစ်ယောက်အလောင်းကို တောတက်သူများကတွေ့သဖြင့် ရွာလူကြီးကို


www.burmeseclassic.com

 www.burmeseclassic.com 

သွားပြောသည်။ ရွာလူကြီးနှင့် ရွာသားများလိုက်လာပြီး ကြည့်သောအခါ အခြားမဟုတ်ပဲ ရွာမှစွန့်ပစ်ထားသော မယ်နှင်းအလောင်းဖြစ်မှန်း သိရသဖြင့် တောထဲမှာပင် မြှုပ်နှံသဂြိုဟ်ပေးလိုက်ကြလေသည်။

မယ်နှင်း၏ဇာတ်လမ်းက ဒီနေရာမှာပင် ပြီးဆုံးသွားပြီဟု ဆိုရမည်ဖြစ်သော်လည်း နောက်ဆက်တွဲအဖြစ်အပျက်များက ပေါ်ပေါက်လာလေသည်။

ထိုနေရာတစ်ဝိုက်မှာ သရဲခြောက်သော အဖြစ်အပျက်များ မကြာခဏပေါ်ပေါက်လာလေသည်။ ညအချိန်မတော်ရောက်တော့မှ မယ်နှင်းနေသွားခဲ့သော တဲရှိရာဘက်မှ ရှူးရှူးဝါးဝါး အော်ဟစ်သံများ ကြားကြရသည်။

"အမယ်လေး . . ကျွန်မကို ကယ်ကြပါဦးရှင်၊ ဒီမှာလာပြီး နှိပ်စက်နေကြပါတယ် ကယ်ကြပါဦး"

ထိုကဲ့သို့သော စိတ်မချမ်းမသာကောင်းသော အော်သံ ဟစ်သံများကို မကြာခဏကြားနေရသောကြောင့် ရွာလူကြီးအမိန့်ဖြင့် ထိုတဲကလေးကို မီးရှို့ဖျက်ဆီးလိုက်ကြသည်။

သို့သော်လည်း ပြီးမသွားပေ . . .။

နေဝင်ရီတရောအချိန် ထိုနေရာမှ ဖြတ်လာသူတို့မှာ တောစပ်တွင် ဆံပင်ဖားလျားချပြီး ထိုင်နေသော မိန်းမတစ်ယောက်ကို တွေ့ကြရသဖြင့် . . သရဲခြောက်မှန်း သိသောအခါ ထွက်ပြေးကြသည်။

တစ်ခါတလေလည်း လေထဲမှာ ကြိုးတန်းလန်းဖြင့်



တွဲလောင်းကြီးဖြစ်နေသော မိန်းမတစ်ယောက်၏အလောင်းကို တွေ့ကြရသည်။

တစ်ခါမှာ ထိုနေရာသို့ ဘိန်းကုန်ကူးသူလူအချို့ ရောက်လာကြသည်။ ၎င်းတို့မှာ နယ်ခြားဘက်မှ ပြန်လာကြသဖြင့် နေဝင်ကာနီးမှ ထိုနေရာရောက်လာကြသည်၊

"ရှေ့မှာ ဖားဖဲ့ရွာမဟုတ်လား၊ ဒီနေရာတစ်ဝိုက်မှာ သရဲခြောက်တယ်လို့ ပြောသံကြားတယ်"

"သရဲပဲ ဘာများကြောက်စရာရှိသလဲ၊ ငါတို့မှာသေနတ်တွေ ပါလာတာပဲ၊ သရဲခြောက်ရင် သေနတ်နဲ့ပစ်ရင် ဘာခံနိုင်မလဲ"

ပြောရင်းဆိုရင်း လျှောက်လာကြရာ တောစပ်တစ်နေရာ ရောက်သောအခါ သစ်ပင်ဘေးမှာ ထိုင်နေသော မိန်းမတစ်ယောက်ကို တွေ့ကြရသည်။

"ဟိုမှာ သရဲမ . . ."

"ဘယ်က သရဲမဖြစ်မလဲ၊ မိန်းမတစ်ယောက်ထိုင်နေတာမမြင်ဘူးလား"

ထိုင်နေသော အမျိုးသမီးက ဆံပင်ဖားလျားချပြီး ကျောပေးထိုင်နေသဖြင့် သဲသဲကွဲကွဲမမြင်ရပေ။ မနီးမဝေးရောက်တော့ တစ်ယောက်ကလှမ်းမေးလိုက်သည်။

"ဟေ့ မင်းဘယ်သူလဲ . . ."

"ကျွန်မ ဖားဖဲ့ရွာကပါရှင် . . ."

လှည့်မကြည့်ပဲ ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာကြောင့် မချိန်မရှိတော့မှ တောထဲမှာတစ်ယောက်တည်း လာထိုင်နေတာလဲ"

"ကျွန်မချစ်သူနဲ့ ချိန်းထားလို့ပါ. . ."

"အောင်မယ်. . တယ်လည်းသတ္တိကောင်းပါလား၊ ကိုင်း မင်းမျက်နှာမြင်ရအောင် ဒီဘက်လှည့်ပြပါဦး"

ထိုအခါ အမျိုးသမီးက လူမလှည့်ပဲ ဦးခေါင်းကိုချည်း တစ်ပတ်လည်အောင် လှည့်ပြလေသည်။ ထိုနေရာနှင့် မနီးမဝေးမှာ ရောက်နေသူများက ပထမတော့ သတိမပြုမိကြပေ။

နောက်တော့မှ တစ်ယောက်က သတိပြုမိသွားသည်၊

"ဒါ ငါတို့ကို သရဲခြောက်နေတာဟ၊ လူတစ်ယောက်ရဲ့ ခေါင်းက နောက်ပြန်လှည့်လို့ ဘယ်မှာရမှာလဲ"

ထိုသို့ပြောနေစဉ် အမျိုးသမီးက ရယ်ပြသည်။ ချောမောလှပသောမျက်နှာမှာ ထိုကဲ့သို့ရယ်ပြတော့မှ အကြည့်ရဆိုးသွားတော့သည်။

ထို့ထက် ရယ်ပြလိုက်သောအခါ ကြောက်စရာကောင်းသော မျက်နှာမျိုးဖြစ်သွားကာ နေရာမှာထလာလေသည်။ ထိုသို့ထလာသောအခါ လည်ပင်းအဆစ်များ ပြုတ်ထွက်နေသောကြောင့် ဦးခေါင်းက ဟိုယိမ်းဒီယိုင်ဖြစ်နေရာ လက်တစ်ဖက်ဖြင့် ကိုင်ထားရသည်။

ထိုအခါ တစ်ယောက်က သေနတ်ဖြင့်ပစ်သည်။ ကျည်ဆံက မထွက်ပေ။ နှစ်ချက်သုံးချက် ပစ်သော်လည်း ကျည်ဆံမထွက်သောအခါ သုံးယောက်စလုံး ထိုနေရာမှ ထွက်ပြေးရလေ





တော့သည်။ နောက်ပိုင်းမှာလည်း ထိုနေရာမှ သရဲခြောက်သည့် သတင်းက ပိုဆိုးလာသည်။

အားလုံးကတော့ ထိုသို့ခြောက်လှန့်နေသည်မှာ သရဲမ မယ်နှင်း ဖြစ်ရမည်ဟု ထင်ကြသည်။

ဇန်ထွန်းသေသွားပြီးနောက်မှာ မယ်နှင်းကိုဖျက်ဆီးကြသူ နှစ်ယောက်ကျန်သေးသည်။

မှတ်ကြီးနှင့် ကော့ပန်တို့ဖြစ်သည်။ ၄င်းတို့နှစ်ဦးမှာလည်း ဖားဖဲရွာ၌ပင်နေကြပြီး ဘိန်းကုန်ကူးခြင်းကို ဆက်လုပ်ကြသော်လည်း တစ်ယောက်မှာ ကာလသားရောဂါပိုး ဝင်နေပြီဖြစ်သဖြင့် အလုပ်ပင်ကောင်းကောင်း မလုပ်နိုင်ပေ. . .။

တစ်နေ့မှာတော့ ရောဂါရနေသော ကော့ပန်ရှိရာသို့ မယ်နှင်း ရောက်လာသည်။ ညအချိန်သူတစ်ယောက်တည်း အိမ်မှာရှိနေစဉ် ရောက်လာခြင်းဖြစ်သည်။

"နှင်. . . နှင် ဒီကိုဘာလာလုပ်တာလဲ၊ နှင်သေသွားခဲ့ပြီ မဟုတ်လား. . . သွား. . သွား. ."

"နှင်တို့နှိပ်စက်လို့ ငါသေခဲ့ရပြီလေ. . ၊ အရင်တုန်းကတော့ ငါ့ဆီမလာကြပါနဲ့လို့ ပြောတာတောင် မရဘဲလာနေကြပြီး အခုငါကလာတော့ နှင်လွှတ်နေပြန်ပြီ . . ."

"နှင်နဲ့ငါနဲ့က ဘဝခြားနေကြပြီ မဟုတ်လား"

"ငါ သရဲဘဝရောက်နေပေမယ့် နှင်ကိုဒုက္ခပေးမလို့ လာတာမဟုတ်ပါဘူး၊ အကူအညီပေးရအောင် လာခဲ့တာပါ"

"ဟင်. . ဘယ်လို အကူအညီပေးမှာလဲဟင်"


www.burmeseclassic.com

www.burmeseclassic.com

"အခု နင့်မှာရောဂါရနေပြီ မဟုတ်လား၊ ငါ့ဆီက ကူး သွားတဲ့ရောဂါလေ. . ."

"ဟင်. . . နင်ဘယ်လိုသိတာလဲ"

"သိတာပေါ့၊ ဒီရောဂါက ငါဖြစ်ပြီးမှ နင်တို့ဆီ ကူးသွား တာပဲ၊ ငါကို မတရားနှိပ်စက်ချင်တဲ့သူတွေ. . ငါလိုပဲ ဒုက္ခခံရ အောင် တမင်ပေးလိုက်တာ၊ အခုတော့ နင်လည်း ဇန်ထွန်းလိုပဲ သေရတော့မယ်"

ကော့ပန်က. . လောလောဆယ်သရဲမနှင့် တွေ့နေရ သည်ကိုပင် ဂရုမစိုက်အားတော့ပဲ ရောဂါအကြောင်းကိုတွေး ကာ စိတ်မသက်မသာဖြစ်နေတော့သည်။

"ဒီလောက်လည်း စိတ်ညစ်မနေပါနဲ့ ကော့ပန်ရယ် ငါလာတာ တခြားမဟုတ်ပါဘူး၊ နင့်ကိုအကူအညီပေးရအောင် လာခဲ့တာပါ. . ."

"ဘယ်လိုအကူအညီပေးမှာလဲ"

"နင့်ရောဂါပျောက်သွားအောင် ဆေးပေးမလို့ လာခဲ့ တာပါ"

ထိုစကားကြောင့် ကော့ပန်မှာ စိတ်အားတက်ကြွလာ သည်။

"နင်တကယ်ပြောတာလား၊ သရဲမဘဝရောက်နေမှ ဘယ်လိုဆေးပေးမှာလဲ"

"သရဲဆိုတာ ကမ္မဇိဒ္ဓိတန်ခိုးရှိတယ်၊ ဒါကြောင့် ငါပေး တဲ့ဆေးကိုသောက်ရင် ရောဂါပျောက်မယ်"





ထိုသို့ပြောသော်လည်း ကော့ပန်က သိပ်မယုံပေ။

သို့သော်လည်း မသောက်ပဲနေလျှင်လည်း ဒီရောဂါနှင့် သေရတော့မည်ကို သိသဖြင့် ဖြစ်လိုရာဖြစ်စေတော့သဘောဖြင့် သောက်ရန် စိတ်ကူးလိုက်သည်။

"ဘယ်မှာလဲ. . ."

"နင် သောက်မှာလား"

"သောက်မယ်"

ထိုအခါ မယ်နှင်းကလက်ထဲမှာ ဘယ်အချိန်ကရောက် မှန်းမသိသော ခွက်တစ်လုံးကိုပေးသဖြင့်. . လှမ်းယူကြည့် လိုက်လေသည်။ ခွက်ထဲမှာတော့ အမည်းရောင်အရည်အချို့ကို တွေ့ရသဖြင့် မော့သောက်လိုက်ရာ. . . ရင်ထဲမှာ သံရည်ပူနှင့် ဆောင်းချလိုက်သကဲ့သို့ ပူလောင်သွားလေသည်။

ဆေးသောက်ပြီး ကြည့်လိုက်တော့ မယ်နှင်းကို မတွေ့ရ တော့ပေ. . .။

မကြာမီမှာတော့ ရင်ထဲမှာ မခံမရပ်နိုင်အောင် ပူလောင် လာလေတော့သည်။

"အမယ်လေး ကယ်ကြပါဦးဗျ၊ ရင်ထဲမှာ ပူလှချည့်ရဲ့ လောင်လှချည့်ရဲ့"

ထိုအော်သံကြောင့်. . အနီးအနားမှာရှိသောလူများ ရောက်လာကြသည်။

"ဟဲ့. . ကော့ပန်. . . ဘာဖြစ်နေတာလဲ"

"မယ်နှင်း ကျုပ်ကို ဆေးတစ်ခွက်လာတိုက်သွားတာ


www.burmeseclassic.com

www.burmeseclassic.com

သေရတော့မယ်ဗျ”

“ဟဲ့. . . ဘယ်ကမယ်နှင်းကို ပြောတာလဲ”

“ရွာအပြင်မှာနေတဲ့ မယ်နှင်းကိုပြောတာဗျ”

“မယ်နှင်းက သေသွားတာတောင်ကြာပြီ. . . နင်

ဘယ်လိုဆေးလာတိုက်မှာလဲ”

“သရဲမဘဝနဲ့ ရောက်လာပြီးတော့ ဆေးတစ်ခွက်တိုး

သွားတာဗျ၊ အမယ်လေး ပူလို့သေရပါတော့မယ်”

ကြားရသူများကတော့ ကယောင်ကတမ်း ပြော

သည်ဟုထင် ပြီး မယုံကြည်ကြပေ. . . ။

ကော့ပန်မှာ တစ်ညလုံး စူးစူးဝါးဝါးအော်ဟစ်နေသေ

အသံကို အတိုင်းသား ကြားနေကြရသည်။

“ကယ်ကြပါဦးဗျ မယ်နှင်း ကျုပ်ကို လာသတ်နေပါ

တစ်ညလုံး အော်ဟစ်နေပြီး. . နောက်တစ်နေ့ နံနံ

ပိုင်းရောက်တော့ အသံတိတ်သွားရာ အချို့က သွားကြည့်ကြ

သည်။ ထိုအခါ တစ်ကိုယ်လုံး မီးလောင်ထားသကဲ့သို့ အနီကွ

အမဲကွက်ကြီးများထွက်ကာ အသက်သေဆုံးနေပြီဖြစ်သေ

ကော့ပန်အလောင်းကိုသာ တွေ့ကြရတော့သည်။ သူတို့အ

နှင့် စိတ်မကောင်းဖြစ်ရုံကလွဲပြီး အခြားဘာမှမတတ်နိုင်

တော့ပါချေ။





# အခန်း (၄)

# နတ်ဆရာမနိုင်သော ပရလောကသား

ဖန်ထွန်းနှင့် ကော့ပန်တို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့်သေသွားကြသောအခါ. . မှတ်ကြီးမှာ နေစရာမရှိအောင် ကြောက်လန့်နေတော့သည်။

မယ်နှင်းကို နှိပ်စက်ကြစဉ်က သုံးယောက်သား စိတ်တူကိုယ်တူရှိကြသော်လည်း ယခုကဲ့သို့အဖော်နှစ်ယောက် တစ်ယောက်ပြီးတစ်ယောက် သေသွားကြသောအခါ မကြာခင်သူ



www.burmeseclassic.com

www.burmeseclassic.com

အလှည့်ရောက်လာမည်ကို ကြောက်ရွံ့ထိတ်လန့်နေခြင်းဖြစ်သည်။

ကော့ပန် မသေခင်ကပြောသွားတယ် သူ့ဆီကို မယ်နှင်းရောက်လာပြီး လာသတ်သွားတာလို့ပြောတယ်၊ သူပြောသွားတာ ဟုတ်များဟုတ်လေသလား၊ သေခါနီး ကယောင်ကတမ်းပြောသွားတာလား၊ သူတို့နှစ်ယောက်ပြီးရင်. . ငါ့အလှည့်များရောက်လာတော့မှာလား၊ ငါဘယ်လို လုပ်ရပ့ါမလဲ. . ဟု အမျိုးမျိုးတွေးတောနေတော့သည်။

တစ်နေ့မှာတော့ ညအချိန်အပြင်ထွက်ပြီး အပေါ့အပါးသွားစဉ် မယ်နှင်းကို တွေ့ရသည်။ သူနှင့်မနီးမဝေးမှာ ရပ်နေပြီး ဒယီးဒယိုင်ဖြစ်နေသော ဦးခေါင်းက တလှုပ်လှုပ်ဖြစ်နေသည်။ လည်ပင်းက သာမန်ထက်ပိုရှည်နေပြီး တလှုပ်လှုပ်ဖြစ်နေသောကြောင့် လက်တစ်ဖက်နှင့် ထိန်းကိုင်ထားရလေသည်။ ထိုမြင်ကွင်းကိုမြင်သောအခါ မှတ်ကြီးမှာ နေရာမှထွက်ပြေးရလေသည်။ ထို့နောက်မှာတော့ တစ်ညလုံး မအိပ်ဝံ့တော့ပဲ ငုတ်တုတ်ထိုင်နေရသည်။

"ငါ ဘယ်လိုလုပ်ရမလဲ သူတို့ပြောတဲ့အတိုင်း မယ်နှင်းသရဲဘဝရောက်နေတယ်ဆိုတာအမှန်ပဲ၊ ဒီလိုသာခြောက်နေရင်တော့ သေမှာပဲ"

ဟု တုန်လှုပ်စွာ တွေးတောနေမိလေသည်။

မယ်နှင်းသေသွားပြီးနောက် ဖားဖဲရွာမှာ မှတ်ကြီးတစ်ယောက်တည်း သရဲခြောက်ခံနေခြင်းမဟုတ်ပဲ မယ်နှင်းကို ရွာ





အပြင်ထွက်ပြီးနေစေရန် အမိန့်ပေးခဲ့သော ရွာလူကြီးဦးလောစံလည်း အခြောက်ခံရလေသည်။ ၄င်းနေသောအိမ်မှာ ရွာအစွန်ဘက်မှာရှိပြီး ခြေတံရှည်အိမ် အမျိုးအစားဖြစ်သည်။

အောက်ထပ်တွင် တိရစ္ဆာန်များထားပြီး အပေါ်ထပ်၌ လူနေလေသည်။ ဦးလောစံမှာ မိန်းမနှင့်သားသမီးများ ရှိသည်။

တစ်ညမှာတော့ သူအိပ်ပျော်နေစဉ် နံဘေးနားမှ နံရံကို လာပုတ်သံကြားရသဖြင့် လန့်နိုးသွားသည်။ ခြေတံရှည်အိမ်မှာ အတော်မြင့်သဖြင့် အပေါ်သို့ လူလက်တံဖြင့် မမီနိုင်ပေ၊ ဝါးလုံးဖြင့် လှမ်းပုတ်မှသာ မီလောက်သည်။

"ဘုတ်. . ဘုတ်. . ဘုတ်"

ထကြည့်တော့လည်း ပြတင်းပေါက်မှာ ဘာမှမရှိပေ။ စိတ်ထဲမှာ မသင်္ကာသဖြင့် အပြင်သို့ခေါင်းထွက်ကြည့်တော့ ပြတင်းပေါက်နားမှ မျက်နှာတစ်ခုနှင့် မျက်နှာချင်းဆိုင်မိသွားတော့သည်။

"အောင်မယ်လေးဗျ"

သူမြင်လိုက်ရသောမျက်နှာမှာ အခြားမဟုတ်ပေ။

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မယ်နှင်းမျက်နှာပင် ဖြစ်တော့သည်။

သူအလန့်တကြား အော်လိုက်သောအသံကြောင့် အိပ်ပျော်နေကြသော အိမ်သူအိမ်သားများ လန့်နိုးလာကြသည်။

"ဘာဖြစ်တာလဲဟင်. . . ဘာဖြစ်တာလဲ"

"သ. . သရဲ. . ငါ့ကို သရဲလာခြောက်နေတယ်. . "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ. . ."

"ဟို. . ဟို. . ပြတင်းပေါက်မှာ. . ."

ထိုသို့ပြောသဖြင့် အိမ်သူအိမ်သားများက ပြတင်းပေါက်နား သွားကြည့်သော်လည်း ဘာမှမတွေ့ရပေ. . .။

"ဘာမှမရှိပါဘူး"

"စောစောက ငါမျက်စိနဲ့ သေသေချာချာမြင်လိုက်ရတယ်၊ သူ. . သူ. . ရွာထဲရောက်လာပြီ. . ."

"ဘယ်သူ့ကို ပြောတာလဲ"

"မယ်. . မယ်နှင်း၊ ကြိုးဆွဲချသေပြီးမှ ရွာထဲရောက်လာပြီ"

"အို. . ဒါများ ဒီလောက်ကြောက်နေရသလား၊ နတ်ဆရာခေါ်ပြီး နှင်ထုတ်လိုက်ရင် ထွက်သွားမှာပေါ့"

ဟုပြောပြီး ကျန်လူများက ပြန်အိပ်သွားကြသည်။

အပြင်ဘက်မှာ နှင်းများကျနေသောကြောင့် ပတ်ဝန်းကျင်ကို မမြင်ရပေ၊ ပတ်ဝန်းကျင် တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။

ထို့ကြောင့်. . . အပြင်မှ နှင်းကျသံများနှင့် တဲတွင်း ထင်းစများကို မီးလောင်ရာမှ ပေါက်ထွက်နေသော တဖျစ်ဖျစ် အသံများသာ မှန်မှန်ပေါ်ထွက်နေသည်။

ဦးလောစံမှာ ပြန်အိပ်မရသဖြင့် စောင်ခြုံဖြင့် ကွေး စဉ် ဒီတစ်ခါမှာတော့ ပြဿနာက ပေါ်လာတော့သည်။

ဗိုက်ထဲမှ ရစ်နာလာခြင်းဖြစ်သည်။





အိမ်သာက အိမ်နှင့်မနီးမဝေးမှာရှိသည်။ မိန်းမနှင့် က သားများကို သူနှင့် အဖော်လိုက်ခဲ့ရန်ခေါ်သော်လည်း ဘယ်သူ မလိုက်ဝံ့ကြသဖြင့် အခက်တွေ့ရတော့သည်။

နောက်ဆုံးမှာတော့ မတတ်နိုင်တော့သဖြင့် လှံတစ်လက် ဆွဲယူပြီး အိမ်အောက်သို့ဆင်းလာခဲ့သည်။

"လာချင်တဲ့သရဲ လာပေတော့၊ လှံစာမိပြီး နှစ်ခါသေဖို့ ာ ပြင်ပေတော့"

ထိုသို့ပြောဆိုကာ အိမ်သာသွားတက်သည်။ သို့သော် ည်း စိတ်မဖြောင့်သောကြောင့် ခဏသာနေပြီး ချက်ချင်းပြန် င်းလာသည်။

ထိုအခါမှ အပေါက်ဝမှာ ရပ်စောင့်နေတော့ သရဲမနှင့် က်နှာချင်းဆိုင် တွေ့ရတော့သည်။

"အမယ်လေး. . . ငါ့ကိုလာမခြောက်လှန့်ပါနဲ့ မယ်နှင်း ယ်"

"ငါက ခြောက်လှန့်နေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် တာကြာပြီဆိုတော့လည်း ဒီလောက်တော့ ရုပ်ပျက်ဆင်း ် ဖြစ်နေမှာပေါ့လေ. . ၊ နောက်ပြီး ကြိုးဆွဲချပြီး သေထား ာဆိုတော့ လည်းပင်းအရိုးဆစ်တွေ ပြုတ်ထွက်နေတော့ ည်း ဘယ်ကြည့်ကောင်းပါတော့မလဲ"

ဟု အသံသြသြကြီးဖြင့် ပြောသည်။

"နင်. . နင် ဘာလာလုပ်တာလဲ"

"ငါနေတဲ့တဲကို နင်တို့က မီးရှို့ပစ်လိုက်ကြတော့ အခု



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ နေစရာမရှိတော့ဘူး၊ ဒါကြောင့် ဒီမှာနေဖို့လာတာ. ."

ထိုစကားကြောင့် ဦးလောစံမှာ အကြီးအကျယ် တုန်လှုပ်သွားလေသည်။

"အမယ်လေး. . ဒီလိုတော့မလုပ်ပါနဲ့၊ နင်နဲ့ငါတို့ ဘဝခြားနေပါပြီ. . ၊ ဒီမှာလာနေလို့ ဘယ်ဖြစ်ပါ့မလဲ"

"ငါ့ကို ရွာအပြင် နှင်ထုတ်တော့လည်း နင်ပဲ၊ ငါနေ တဲကို မီးရှို့ပစ်တော့လည်း နင်ပဲ၊ ဒီတော့. . အခုနင့်အိမ်မှာ ငါလာနေတော့မယ်"

"ဘယ်. . ဘယ်လိုနေမှာလဲဟင်'

"ငါလာနေတာကို နင့်အိမ်သူအိမ်သားတွေ မသိစေ ပါဘူး၊ ဒါပေမယ့် ငါ့ကိုတော့ အစားအသောက် ကျွေးရမယ်. . ဘယ်လိုလဲ"

"ဒီလိုဖြစ်လည်း လာနေပါ. . . "

ဟုပြောလိုက်သောအခါ. . ဖျတ်ခနဲ ပျောက်သွားလေသည်။ ဒီတော့မှ သက်ပြင်းချနိုင်တော့သည်။

တကယ်တော့ဦးလောစံမှာ လောလောဆယ်အန္တရာယ်မှ ကင်းဝေးအောင်ပြောလိုက်ခြင်း ဖြစ်သော်လည်း စိတ်ထဲ တော့ လေးနေသည်။

နောက်တစ်နေ့ ထမင်းစားချိန်ရောက်တော့ မီးဖိုထဲ ချက်ထားသောဟင်းများ လျော့နေသည်ကို တွေ့ရသဖြင့် မိန်း ဖြစ်သူက အိမ်သူအိမ်သားများ ခိုးစားသည်ထင်သဖြင့် ဆူပူကြိမ်းမောင်းနေသည်။





ထိုကဲ့သို့ ဟင်းနှင့်ထမင်းများ ပျောက်ပါများလာသောအခါ မိန်းမကပြောသည်။

"အခု ကျုပ်တို့အိမ် ဘာဖြစ်နေတာလည်းမသိဘူး၊ ဟင်းထမင်းတွေ ပျောက်ပျောက်နေတယ်၊ နတ်ဆရာလေးဘာလေး ခေါ် မေးကြည့်ပါလား"

"ကလေးတွေစားတာ ဖြစ်မှာပေါ့ကွာ၊ နောက်တစ်ခါ ချက်ရင် ပိုချက်ပေါ့"

"ကလေးတွေမရှိလည်း ဟင်းထမင်းတွေက ပျောက်နေတာပဲ၊ တစ်ခုခုတော့ ထူးခြားနေတာအမှန်ပဲ"

မိန်းမဖြစ်သူက စိတ်မသက်သာသဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်နေသည့်ကြားမှပင် ဟင်းထမင်းများအပြင်. . မီးဖိုဆောင်မှာချိတ်ဆွဲထားသော အခြားအသားခြောက်များပါ မကြာခဏ ပျောက်နေတော့သည်။

ထိုသို့ပျောက်နေသည်မှာ သရဲဘဝရောက်နေသော မယ်နှင်းလက်ချက်ဖြစ်မှန်း ဦးလောစံတစ်ယောက်တည်းသာ သိလေသည်။

တစ်ညမှာတော့ မီးဖိုချောင်ဘက်မှ တကျွတ်ကျွတ်နှင့် မြည်သံကြားသဖြင့် မိန်းမဖြစ်သူက ထကြည့်သည်။

မနက်ပိုင်းက မုဆိုးတစ်ယောက် လာပေးထားသည့် အသားများကို မီးဖိုပေါ်မှာ ချိတ်ဆွဲထားရာ တစ်စုံတစ်ယောက်က ထိုင်စားနေခြင်းဖြစ်သည်။

"အော် သူခိုးပါလား၊ ထမင်းဟင်းတွေပျောက်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာလည်း ဒင်းလက်ချက်ပဲဖြစ်မှာပဲ၊ ဒီတစ်ခါတော့ သိကြရောပေါ့"

မိန်းမဖြစ်သူမှာ သတ္တိခေသူမဟုတ်ပေ။

ထို့ကြောင့် အိပ်ရာနံဘေးမှာရှိသော လှံကိုဆွဲယူပြီး နေရာမှထသည်။

မီးဖိုဆောင်မှာ သူ့ဘက်သို့ကျောပေးလျက်. . ဆောင့်ကြောင့်ထိုင်နေသူမှာ မိန်းမတစ်ယောက်ဖြစ်သည်။

ဦးလောစံမိန်းမက လှံကိုယူပြီး ထိုသူနောက်သို့သွားကာ လှံဖြင့်ချိန်ထားပြီး မေးလိုက်သည်။

"နင်. . ဘယ်သူလဲ၊ ဘာကြောင့် ငါ့အသားခြောက်တွေကို ခိုးစားနေတာလဲ"

"ဆာလို့စားတာပေါ့၊ နင်တို့က အိမ်ပေါ်ခေါ်ထားပြီး. . ဘာမှမကျွေးပဲထားတော့ ရှိတာစားတာပေါ့"

"နင်ဘယ်သူလဲ၊ နင့်ကိုဘယ်သူက အိမ်ပေါ်ခေါ်ထားလို့ရောက်နေတာလဲ"

"နင့်ယောက်ျား ခေါ်ထားတာပဲ"

"ဟင်"

ထိုစကားကြားတော့ တစ်မျိုးသဘောပေါက်သွားလေသည်။ ဦးလောစံက သူမသိအောင် နောက်မယားတစ်ယောက် အိမ်ပေါ်ခေါ်တင်ထားသည်ဟု ထင်သဖြင့် ဒေါသဖြစ်သွားလေသည်။

"ငါ့ယောက်ျားကိုလည်းခိုးတယ်၊ ငါ့သိမ်းထားတဲ့အသား





ခြောက်တွေကိုလည်း ခိုးတယ်၊ နင်ဘာကောင်းသလဲ သေဖို့သာပြင်တော့"

ဟုပြောပြီး. . နောက်မှ လှံဖြင့်ပြေးထိုးလိုက်ရာ ဖျတ်ခနဲပျောက်သွားသဖြင့် အရှိန်လွန်သွားပြီး မီးဖိုထဲသို့ရောက်သွားလေတော့သည်။

"အမယ်လေး. . လုပ်ကြပါဦး"

ထိုသို့အော်သံကြားတော့ ကျန်လူများ နိုးလာကြပြီး မီးပုံထဲမှ ဆွဲတင်ကြရလေသည်။

သို့သော်လည်း မီးလောင်ခံရသဖြင့် တစ်ကိုယ်လုံး မီးလောင်ဒဏ်ရာများနှင့် အမည်းကွက်များ ကျန်ခဲ့လေသည်။

ဦးလောစံ၏ မိန်းမအမည်မှာ မယ်ပုလုံဖြစ်သည်။ မယ်ပုလုံမှာ ဦးလောစံနှင့် အသက်အရွယ်သိပ်မကွာလှပဲ ဒေါသကြီးတတ်သူတစ်ယောက်ဖြစ်သည်။

သို့သော်လည်း ယခုကဲ့သို့ ခံလိုက်ရသောအခါ စိတ်ထဲမှာ ကြောက်လန့်သွားသည်။

"နင်ဘာဖြစ်တာလဲ ပုလုံ"

"ငါ သရဲမကိုတွေ့လိုက်ရတယ်"

"ဘယ်မှာတွေ့လိုက်တာလဲ"

"မီးဖိုထဲက အသားခြောက်တွေ ထိုင်စားနေတာ၊ ထမင်းထင်းတွေ ပျောက်ပျောက်နေတာလည်း သူ့လက်ချက်ပဲနေမှာပဲ"

"နင် စိတ်ထင်လို့ ဖြစ်မှာပါ"

"ဘယ်ကစိတ်ထင်ရမှာလဲ၊ ငါ့မျက်စိနဲ့ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်လိုက်ရတာ. . နင်မယုံရင် မီးဖိုပေါ်ကြည့်လိုက်ပါလား၊ မနက်ကမှချိတ်ထားတဲ့ အသားခြောက်တွေ ဘယ်မှာရှိတော့သလဲ”

ထိုသို့ပြောသဖြင့် ဦးလောစံကပါ ကြည့်သောအခါ အသားခြောက်အတော်များများ လျော့နေသည်ကို တွေ့ရသည်။ သူ့စိတ်ထဲမှာတော့ သရဲဘဝရောက်နေသော မယ်နှင်းလက်ချက်မှန်း သိသော်လည်း ဖွင့်ပြောရန်မဖြစ်ပေ။

“သူ့ကို နင်က အိမ်ပေါ်ခေါ်ထားတယ်လို့ ပြောသွားတယ်. . ဟုတ်သလား”

“မဟုတ်ပါဘူး၊ ငါက ဘာဖြစ်လို့ သရဲတစ္ဆေကို အိမ်ပေါ်ခေါ်တင်ထားရမှာလဲ”

“ဒါဖြင့် မနက်ဖြန် နတ်ဆရာကိုသာ သွားခေါ်ပေတော့၊ နတ်ဆရာနဲ့ အမြန်နှင်ထုတ်ပစ်မှဖြစ်မယ်၊ ကြာရင် သူစားစရာ အမဲသားကုန်သွားရင် လူတွေကို စားလိမ့်မယ်”

ဟုပြောသည်။ ထိုညအဖို့မှာတော့ နောက်ထပ်အနှောင့်အယှက် မတွေ့ကြရသော်လည်း ကောင်းစွာမအိပ်ဝံ့ကြတော့ပေ။

နတ်ဆရာနေသောနေရာမှာ ရွာလယ်ပိုင်းတွင်ဖြစ်သည်။ နတ်ဆရာနှင့်တွေ့တော့ သူကပြောသည်။

“မကောင်းတဲ့ မိစ္ဆာတွေကို နှင်ထုတ်တာ ညအချိန်လုပ်မှ ကောင်းတယ်၊ ငါ ညကျမှလာခဲ့မယ်၊ လိုတဲ့ပစ္စည်းတွေ အဆင်သင့်လုပ်ထားပါ”





ဟုမှာလိုက်သဖြင့် ရွာလူကြီး နတ်ဆရာမှာသော ပစ္စည်းများကို အဆင်သင့်ပြင်ထားသည်။

ညဥ့်ဦးပိုင်းအချိန်ရောက်တော့ နတ်ဆရာရောက်လာသည်။ အခြားအိမ်များကတော့ တစ္ဆေသရဲ နှင်ထုတ်မည်ဆိုသဖြင့် ကြောက်ရွံ့ကြသဖြင့် မလာဝံ့ကြပေ။

ထိုနေ့ညက နှင်းများပိုကျနေသောကြောင့် ပတ်ဝန်းကျင်မှာ မှုန်ဝါးလျက်ရှိနေသည်။

နေရာအတော်များများမှာတော့ တိတ်ဆိတ်ငြိမ်သက်နေသည်။

နတ်ဆရာက အိမ်ပေါ်ရောက်လာသည်နှင့် မီးတိုင်များထွန်းခြင်း၊ ကြက်သွေး၊ ဝက်သွေးများနှင့် အိမ်ပတ်ဝန်းကျင်ကို ပတ်ဖျန်းခြင်း၊ အမဲသားများတင်ထားသော လင်ပန်းများပေါ်မှာ ပန်းပွင့်များစီတင်ထားပြီး အရိုးတစ်ချောင်းဖြင့် တဒေါက်ဒေါက်ခေါက်နေလေသည်။

ပါးစပ်မှလည်း ၎င်းတို့ဘာသာစကားဖြင့် ဂါထာမန္တန်များ ရွတ်ဆိုနေလေသည်။

သူ့ရှေ့မှာတော့ အမဲသားစိမ်းများထည့်ထားသော လင်ပန်းအပြင် လည်ချောင်းဖြတ်ထားသော ကြက်အချို့လည်း ရှိနေသည်။

ကြက်များမှာ အကောင်လိုက်မဖျက် လည်ပင်းလှီးဖြတ်ပြီး သွေးဖောက်ယူထားခြင်းဖြစ်၏။

ညဥ့်ဦးပိုင်းအချိန်ရောက်သောအခါ တောစပ်ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com


တောခွေးနှင့် ဝံပုလွေအူသံများ ပေါ်ထွက်လာသည်။ ထိုအသံများက တိတ်ဆိတ်ငြိမ်သက်နေသောအချိန်တွင် ချောက်ချားဖွယ်ရာဖြစ်နေသည်။

နတ်ဆရာကတော့ ထိုအသံများကြားသော်လည်း ဂရုမစိုက်ပဲ ဂါထာမန္တန်များကို ဆက်ရွတ်နေသည်။ သူရွတ်ဆိုနေသည့်ဂါထာမန္တန်တို့၏ အဓိပ္ပါယ်မှာ. . .

“ထိုအိမ်မှာရောက်နေသော မကောင်းဆိုးဝါးတို့သည် ယခုအချိန်အခါမှစပြီး အဝေးသို့ထွက်သွားကြလော့၊ တောစောင့်နတ်၊ တောင်စောင့်နတ်များသည် ထိုမကောင်းဆိုးဝါးများကို ဆုံးမပေးကြပါလော့၊ ထိုအနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိကြသော ဝိညာဉ်လောကသားတို့သည် သည်အိမ်မှာရောက်နေကြသော တစ္ဆေသရဲများကို လာရောက်ခေါ်ကြပါလော့၊ ကျွန်ုပ်တင်မြှောက်ပသသော အစားအသောက် အမဲသားငါးတို့ကိုလည်း တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ရွာစောင့်နတ်များက လာရောက်စားသောက်ကြပါကုန်လော့၊ ထိုနေရာမှ ပြန်သွားလျှင် ဒီအိမ်မှာရောက်နေသော တစ္ဆေသရဲတို့ကို တစ်ပါတည်းခေါ်သွားပြီး အဝေးသို့ နှင်ထုတ်ပေးပါကုန်လော့”

ဟူသော အဓိပ္ပာယ်မျိုးပင်ဖြစ်သည်။

ထိုသို့ရွတ်ဆိုတိုင်တည်နေစဉ်မှာ ထူးခြားမှုများ ဖြစ်ပေါ်လာလေသည်။

အခြားမဟုတ်ပေ။

လည်ပင်းကိုပြတ်လုနီးပါး လှီးဖြတ်ထားသောကြက်တစ်ကောင်သည် အသက်ပြန်ဝင်လာသကဲ့သို့ဖြစ်ကာ နေရာမှထပြီး အတောင်တဖျပ်ဖျပ်ခတ်လျက် တွန်လိုက်လေသည်။

ထိုသို့တွန်သောအခါ. . လည်ပင်းလှီးဖြတ်ထားသောကြောင့် အောက်အီးအီးအွတ် ဟုအသံထွက်ရမည့်အစား အသံပျက်နေသော နှဲသံကဲ့သို့ ဝူးဝူးဝါးဝါး အသံမျိုးသာ ပေါ်ထွက်လာတော့သည်။

ကြက်မှာ လည်ချောင်းရိုးပြတ်နေပြီဖြစ်သဖြင့် ခေါင်းထောင်၍မရပဲ ပြန်ထောင်လိုက် လဲကျလိုက် ဖြစ်နေလေတော့သည်။

ထိုအခြေအနေကို မြင်သောအခါ ဦးလောစံတို့မှာ မျက်စိမျက်နှာပျက်သွားကြလေသည်။

ရွာမလေ့ထုံးစံအတိုင်း ထိုကြက်ဖမှာ ပယောဂဝင်ရောက်နှောင့်ယှက်နေပြီဖြစ်ကြောင်း ရိပ်မိကြသည်။

နတ်ဆရာကလည်း ထိုအခြေအနေကိုမြင်တော့ မျက်နှာပျက်သွားသည်။ ကြက်ဖကလည်း ပြန်လဲကျမသွားပဲ ဒယိမ်းဒယိုင် လျှောက်နေရင်းမှ မပီမသ တွန်နေသည်။

ထိုအခိုက်မှာပင် တစ်နေရာမှ ရယ်သံပေါ်ထွက်လာသည်။ ရယ်သံမှာ အပေါ်ဘက်မှဖြစ်သောကြောင့် မော့ကြည့်လိုက်ရာ ထုပ်တန်းပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသော မည်းမည်းသဏ္ဍာန်ကို အားလုံးတွေ့မြင်ကြရသည်။

သူတို့အားလုံးက တအံ့တသြဖြင့် မော့ကြည့်နေစဉ်မှာ ထုပ်တန်းပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသည့် သဏ္ဍာန်ရှိရာမှ


☺ ဆောင်မြင့်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com

ဖျာလိပ်ကို ဖြေချလိုက်သကဲ့သို့ ရှည်လျားသော လျှာတစ်ချောင်းက တွဲလောင်းကျလာပြီး ဒယိမ်းဒယိုင်လျှောက်နေသော ကြက်ဖကို လိမ်ယူသွားလေတော့သည်။

"အမယ်လေးဗျ နည်းတဲ့ကောင်ကြီး မဟုတ်ပါလား"

ဟု ပြောကာ နတ်ဆရာက လက်ထဲမှာကိုင်ထားသော ပစ္စည်းများကိုပစ်ချကာ အောက်သို့ဆင်းပြေးလေတော့သည်။

နတ်ဆရာဆင်းပြေးသည်ကို မြင်သောအခါ အိမ်ပေါ်မှာရှိနေကြသူအားလုံးတို့လည်း မနေဝံ့ကြတော့ပဲ ဆင်းပြေးကြလေသည်။

နောက်ပိုင်းမှာတော့ ရွာလူကြီး ဦးလောစံကိုယ်တိုင် ထိုအိမ်သို့ မပြန်ဝံ့တော့ရုံမကပဲ အခြားနေရာသို့ ပြောင်းပြေးသွားတော့သည်။

ရွာမှာရှိကြသူများလည်း ရွာသူကြီးကိုယ်တိုင် ထွက်ပြေးသည်ကိုမြင်သောအခါ ဆက်မနေဝံ့ကြတော့သဖြင့် အခြားနေရာများသို့ ပြောင်းပြေးကြရင်းမှ ရွာပျက်သည်အထိ ဖြစ်ခဲ့ရလေသည်။

ထိုအဖြစ်အပျက်များမှာ ကြာခဲ့ချေပြီ။





# အခန်း [၅]

# တောနက်ထဲမှ ကယ်တင်ရှင်

မိုင်းဆတ်နယ်တစ်ကြော၌ရှိသော တောင်တန်းကြီးများမှာ ပေပေါင်းများစွာ မြင့်မားကြသည်။ အချို့တောင်တန်းကြီးများမှာ ပေပေါင်းတစ်သောင်းကျော်အထိ မြင့်မားကြသည်။

သစ်တောကြီးများကလည်း လူတိုးမပေါက်အောင်၊ နေပြောက်မထိုးအောင် ကောင်းလှသည်။ ထိုတောနက်ကြီးများထဲမှာ သဘာဝပစ္စည်းများ ပေါလှသလို သားရဲတိရစ္ဆာန်များလည်း နေရာအနှံ့ ရှိကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ဆင်ရိုင်း၊ ကျား၊ ကျားသစ်၊ လူဝံ၊ မျောက်ဝံ၊ ဝက်ဝံ အစရှိသော လူကိုအန္တရာယ်ပေးသော တောရိုင်းတိရစ္ဆာန်ကြီး များအပြင်၊ မြွေမျိုးစုံတို့လည်း ပေါလှသည်၊

အဆိပ်ရှိသောမြွေများ၊ အဆိပ်မရှိသောမြွေများ ရှိကြ သည့်အပြင် လက်သန်းလက်ညှိုးအရွယ်မှ လူတစ်ယောက်ကို မျိုနိုင်သော မြွေကြီးများလည်းရှိသည်။ တောင်ပို့များထဲမှာ နေ တွင်းအောင်းနေကြသော မြေပြင့်ကြွက်ကြီးများဆိုလျှင် ကျောက် တုံးကြီးများတမျှ အလုံးအရွယ်အစား ကြီးမားလှသည်။

ထိုကဲ့သို့ သတ္တဝါကြီးများအပြင် မျောက်မျိုးစုံတို့လည်း နေရာအနှံ့ရှိနေကြသည်။ အချို့မျောက်များဆိုလျှင် လူလောက် နီးပါး အသိဉာဏ်ရှိပြီး လူနှင့်နီးစပ်မှုရှိလေသည်။

မြေပြန့်မှာနေသူများမှာ သာမန်မျောက်အမျိုးအစားများ ကိုသာ တွေ့မြင်ဖူးသော်လည်း တောနက်ကြီးများထဲမှာနေသော မျောက်များကိုတော့ တွေ့မြင်ရခဲ့သည်။ ထိုအထဲတွင် ခူးယော (ခေါ်) မျောက်လေပွေ၊ ရှီးပါး (ခေါ်) မျောက်လွှဲကျော်၊ ငေါ (ခေါ်) မျောက်မြီးရှည်၊ ရှီယော်ဂျီ (ခေါ်) မျောက်စပ်၊ ရှီဖ (ခေါ်) မျောက်မျိုးတို့ ပါဝင်လေသည်။

ထိုအထဲတွင် ရှီယော်ကျန်ဟုခေါ်သော မျောက်ဖင် မျိုးလည်း ပါဝင်သည်။

မျောက်ဖင်နီသည် အသံမကောင်းပေ။ လူယောက်ျ များတွေ့ပါက အသံမထွက်တော့ပဲ ပုန်းနေတတ်သည်။ မိန်း များကိုမြင်လျှင် သစ်ပင်ပေါ်တက်ပြေးပြီး စကြနောက်ကြသည်။





ဖွယ်မရာ လုပ်ပြတတ်သည်။

မျောက်ဖင်နီတို့သည် အုပ်စုများသောအခါ တောင်ယာ တ်ခင်းများကို ဝင်ရောက်ဖျက်ဆီးတတ်ကြသည်။ ၎င်းတို့အုပ်စု း ဝင်ရောက်ဖျက်ဆီးပါက အကြီးအကျယ်ပျက်စီးတတ်သည်။

မုဆိုးများက ဆိုးသွမ်းလှသော မျောက်ဖင်နီအုပ်များကို ထောင်ချောက်များ၊ သုတ်ကိုင်းများနှင့် ထောင်ဖမ်းလေ့ရှိကြ သည်။

နာဂမုဆိုးများက မျောက်သားဟင်းကို တောထဲ၌ ချက် းလေ့ရှိပြီး. . . နာဂအမျိုးသမီးများကို ကျားသား၊ မြွေသား၊ ောက်သားဟင်းများ ကျွေးလေ့မရှိချေ။

မီစဲရယ် (Misere) ခေါ် မျောက်ဝံကြီးမျိုးသည် စွယ်စုံ မ်း၌ ဖော်ပြသော အေ့(ပ) (Ape) ခေါ် မျောက်ဝံမျိုးဖြစ်မည် ယူဆရသည်။

ထိုမျောက်ဝံကြီးမျိုးသည် လူနှင့်ရိုက်နီးစပ်၍ အသိဉာဏ် သည်။ မျောက်စကား ပြောလေ့ရှိသည်ဟုဆို၏။

ခြေထောက်နှင့်သွားလာပြီး လက်ကို ကိုင်တွယ်သတ် ရန်သုံးသည်။ တစ်ခါတစ်ရံ လေးဖက်ကုန်း၍ သွားလာတတ် သည်။ မတ်ရပ်လမ်းလျှောက်သောအခါ လူကဲ့သို့ လက် ကို ဘယ်ညာမလွှဲပေ. . လက်နှစ်ဖက်ကို ရင်ညွှန့်နေရာ၌ ာက်ကပ်လျက် သွားလာတတ်သည်။

ထို့ကြောင့် လမ်းလျှောက်ဟန်ကို ကြည့်ရှုလေ့လာကာ ကပင် လူလော၊ မျောက်ဝံလောဟု ခန့်မှန်းသိရှိနိုင်သည်။


www.burmeseclassic.com

 www.burmeseclassic.com

အဆိုပါ မျောက်ဝံကြီးမျိုးတစ်ကောင်လျှင် (၁၅)ပိဿာ မှ ပိဿာ(၃၀)ကျော်အထိ ရှိတတ်သည်။

ထိုမျောက်ဝံကြီးမျိုးသည် လူကို ကလဲ့စားချေတိုက်ခိုက် သတ်ပုတ်(သတ်ဖြတ်)တတ်သည်။

ရွာနီးချုပ်စပ်သို့ တစ်ခါတစ်ရံ ချဉ်းကပ်လာတတ်သော ထိုမျောက်ဝံကြီးတစ်ကောင်တစ်လေသည် ထင်းခွေ၊ ဟင်းရွက် ခူး၊ သစ်ဥတူးသွားသော နာဂမိန်းမပျိုအား အဖော်မပါဘဲ တစ်ဦး တည်းတွေ့ပါက စော်ကားတတ်သဖြင့် အပေါင်းအဖော်၊ မောင် ငယ် စသူတို့နှင့် သွားလာကြသည်။

ရှေးက နယ်စပ် "အမိမိ"ရွာကြီးတွင် ထိုမျောက်ဝံကြီး တို့သည် ၄င်းတို့အုပ်နှင့် တောပစ်သွားသော နာဂကြီးတစ်ဦး တည်းကိုတွေ့ပါက. . တစ်ခါတစ်ရံ ရန်မပြုဘဲ နာဂကြီး၏ လွယ် အိတ်၊ လံကွတ်၊ ခြုံစောင်တို့ကို သစ်ပင်မြင့်ကိုင်းဖျားသို့ တက်၍ တင်ထားလိုက်ကြသည်။

မျောက်ဝံကြီးများသည် နာဂကြီးအား ၄င်းတို့ကဲ့သို့ပင် အဝတ်ဗလာ (Naked) ထားရှိကာ မျက်လုံးဖြဲကြည့်၊ နားရွက် ဆွဲကြည့်၊ ဟိုကိုင်ဒီဆော့ဖြင့် အမျိုးမျိုး ကျီစယ်လေ့ရှိပြီး မိုးချုပ် ချိန်တွင် နာဂကြီး မောပန်းလောက်မှ တစ်ကောင်ပြီးတစ်ကောင် ထွက်သွားကြသည်ဟု ဆို၏။

ထိုနာဂကြီးသည် ရွာသို့ပြန်ရာတွင် မိုးချုပ်နေမှ မှောင် ရိပ်ခိုကာ၊ ဖွားဖက်တော်ကို လက်နှင့်စုံအုပ်၍ ဖုံးကွယ်ပြီး အိမ် သို့ဝင်ခဲ့ရလေသည်။





နောက်တစ်နေ့ ညဉ်းဦးပိုင်း သူငယ်ချင်းအိမ် ခေါင်ရည် ဝိုင်း၌ ဤအကြောင်းကို အပြောဘဲ မနေနိုင်ပြန်။

ထိုသို့ဖြစ်ကြောင်းကုန်စင် ဖွင့်ပြောပြပြီး မျက်ရည်ထွက် အောင်ပင် တဟားဟားနှင့် ရယ်မောကြရသည်ဟု ဆိုပါသည်။

ရှေးက နာဂကြီးတို့နှင့် မီးခံရယ်(Misere) ခေါ် မျောက်ဝံ ကြီးတို့သည် သူနိုင်လိုက် ကိုယ်ရှုံးလိုက်၊ ကိုယ်နိုင်လိုက် သူရှုံး လိုက်၊ ဘတစ်ပြန် ကျားတစ်ပြန် စိန်ခေါ်တိုက်ခိုက်ခဲ့ကြရလေ သည်။

သို့ဖြင့် နာဂရွာများတွင် ယနေ့တိုင် ပြောဆိုလာခဲ့ကြ သော မုဆိုးပုံပြင်၊ သူရဲကောင်းပုံပြင်များ ကျန်ရစ်ခဲ့လေသည်။

နောင်အခါတွင် ထိုမီစဲရယ်ခေါ် မျောက်ဝံကြီးတို့သည် အိန္ဒိယနယ်စပ် ဟိုဘက်တောအုပ်တောင်တန်းများဆီ ကူးသွား ကာ ဟိမဝန္တာ တောင်စွယ်တောင်လက်များဆီသို့ စားကျက် ပြောင်း၍ တပ်ဆုတ်ထွက်ခွာသွားခဲ့ကြကြောင်း သိရပေသည်။

နာဂတောင်ပေါ်က မြန်မာ့ဒေသ မျောက်မျိုးနွယ်များ နှင့်. . တစ်မျိုးစီ၏ ထူးခြားသော ဓလေ့သဘာဝများကို လေ့လာ ခွင့်ရသဖြင့် သဘာဝဝန်းကျင် ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ် များမှာ အံ့မခန်းရှိလှသည်။

ထိုကဲ့သို့ မျောက်ကြီးများအပြင် လူနှင့်တွေ့လျှင် လူတို့ ကို အန္တရာယ်ပေးသော မျောက်ဝံကြီးများလည်း အမျိုးအစား များစွာရှိကြလေသည်။

(အခြားစာအုပ်များတွင် ရေးသားခဲ့ပြီးဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံမဖော်ပြတော့ပေ)

တောင်မြင့်ကြီးများပေါ်မှာ သားရဲတိရစ္ဆာန်များစွာတို့ ရှိကြသော်လည်း ထိုတောတောင်တစ်ဝိုက်မှာ အမှီပြုနေကြသူ တို့မှာတော့ တောတောင်ထဲသို့ သွားလာကြရသည်။

အချို့က သားကောင်ရှာဖွေရန် သွားကြသည်။ အချို့က သဘာဝတောထွက် သယံဇာတပစ္စည်းများကို ရှာဖွေရန် သွား ကြရသည်။

မည်မျှပင် အန္တရာယ်များသည်ဆိုစေကာမူ ထိုအရပ်မှာ နေကြသူများအဖို့ကတော့ တောတောင်နှင့်မကင်းနိုင်ကြပေ ထိုအရပ်ဒေသမှာ နေကြသူများမှာ အလုပ်အမျိုးအစားများမှာ တော့ မရှိကြပေ။ ဘိန်းစိုက်ပျိုးခြင်းနှင့် တောင်ယာစိုက်ပျိုးခြင်း တို့ပင် ဖြစ်သည်။

ထိုနှစ်မျိုးကတော့ မဖြစ်မနေ လုပ်ကိုင်ကြရသည်။ စ စရာအတွက် တောင်ယာစိုက်ကြပြီး ရောင်းချစရာအတွက် ဘိန်း စိုက်ကြသည်။ အများစုက ဘိန်းစိုက်ပျိုးကြသော်လည်း အချို့ ကတော့ ဘိန်းမစိုက်ပဲ တောင်ယာစိုက်ပျိုးခြင်း အလုပ်တစ်ခုသာ လုပ်ကြလေသည်။

ထိုကဲ့သို့ ဘိန်းမစိုက်သူများထဲမှာ နီမောင်တို့မိသား လည်း ပါသည်။

နီမောင်တို့နေသောရွာမှာ ဟိုမိုင်းရွာဖြစ်ပြီး တောင်ပေါ် မှာတည်ထားသော ရွာတစ်ရွာဖြစ်သည်။ အိမ်ခြေ(၅၀)ခန့်ရှိ တစ်ရွာလုံး ဘိန်းစိုက်ပျိုးပြီး လုပ်ကိုင်စားသောက်ကြသည်။





အချို့လည်း ဘိန်းအရောင်းအဝယ်လုပ်ကာ စီးပွားရှာ ကြလေသည်။

အချိန်မှာ (၁၉၅၅)ခုနှစ်ဝန်းကျင်တစ်ဝိုက်ပေမို့ မြောက် ပိုင်းဒေသ၊ အရှေ့ပိုင်းဒေသများသို့ အုပ်ချုပ်ရေးက မရောက် နိုင်သေးပေ။

လွတ်လပ်ရေးရပြီးစ တိုင်းပြည်မငြိမ်မသက်ဖြစ်ကာ ပြန် ည်ထူထောင်ကာစအချိန် ဖြစ်သဖြင့် ဝေးလံသီခေါင်လှသော တောင်တန်းဒေသများတွင် တောမီးလောင် တောကြောင် လက် နက်ပေါင်းခတ်ဆိုသကဲ့သို့ နယ်ခြားဘက်မှ တရုတ်ဖြူများက ဝင် ရောက်ကာ လာရောက်ခြယ်လှယ်နေကြသော အချိန်လည်းဖြစ် သည်။

တောင်ပေါ်ဒေသမှာနေကြသူ အများစုကတော့ ငွေရ လွယ်သော ဘိန်းစိုက်ပျိုးခြင်းနှင့် ဘိန်းကုန်ကူးခြင်းကို လုပ်ကိုင် ကြသည်။

နီမောင်ကတော့ ဘိန်းမရှုသလို ဘိန်းကုန်လည်း မကူး ။ ဘိန်းလည်းမစိုက်ပဲ အခြားသီးနှံများကိုသာ စိုက်ပျိုးစား သောက်လေသည်။

မိသားစုသုံးဦးသာရှိသဖြင့် တော်ရုံနှင့် စားသောက်ရန် ကြလေသည်။ သူသည် တောင်ယာမလုပ်သည့်အခါ တောင် ဘက်၊ တောနက်ထဲသို့ဝင်ကာ သယံဇာတပစ္စည်းများ ရှာဖွေ လေ့ရှိသည်။ ရေခဲဖုံးနေသော တောင်များပေါ်မှာ ရှာဖွေရနိုင် သော ခန်းတောက်မြစ်၊ မချစ်ဥ . . စသော အဖိုးတန်ဆေးမြစ်



www.burmeseclassic.com

 www.burmeseclassic.com

ဆေးဥများအပြင် . . ကတိုးမွေးအိတ်ပါသော ကတိုးကောင်
အောင်ရှာနိုင်ပါက ဘိန်းအရောင်းအဝယ် လာလုပ်နေကြသော
တရုတ်ဖြူများက သင့်တော်သောဈေးဖြတ်ကာ ဝယ်ယူသွား
လေသည်။

ယခုလည်း နီမောင်တစ်ယောက် တောင်တန်းပေါ်
ရောက်နေလေသည်။ သူသည် ရေခဲဖုံးနေသော တောင်တ
တစ်နေရာတွင် တွေ့လိုက်သော . . . ကတိုးကောင်တစ်ကော
နောက်သို့ ခြေရာကောက်လိုက်လာရင်းမှ တောနက်တွင်း
ရောက်လာခြင်း ဖြစ်လေသည်။

သူ၌ လေးနှင့်မြား၊ ကပ်ပါးနှင့် ဓားတစ်လက်ပါသည်
နီမောင်သည် အခြားလက်နက်များထက် ကပ်ပါးကို အသုံးပြ
တွင် များစွာကျွမ်းကျင်လှသည်။

သူအားကိုးသော လက်နက်မှာလည်း ကပ်ပါးပင်ဖြ
လေသည်။ ကပ်ပါးဆိုသည်မှာ . . ရဲဒင်းနှင့် ပုံသဏ္ဌာန်တူသော
လည်း အသွားကပါးပြီး အနည်းငယ်ပိုကားသည်။ ခုတ်ရာ
လည်း ဓားထက်ပိုပြီး ထိရောက်မှုရှိပြီး၊ ပစ်ပေါက်ရာမှာလည်
ထိရောက်မှုရှိသည်။

သူသည် တောကျွမ်းကျင်သူတစ်ဦး ဖြစ်သော်လည်
ယခုရောက်နေသောနေရာတော့ မရောက်ဖူးသေးပေ။ တစ်
ရာရောက်သောအခါ သူ့အနောက်မှ ကပ်လိုက်လာသော ခြေ
ကိုသတိပြုမိလိုက်သည်။

ခြေရာကောက်လိုက်လာသော အန္တရာယ်မျိုးပင် ဖြ





ပေလိမ့်မည်။

ထိုကဲ့သို့သော တောနက်ကြီးများထဲမှာ တောကောင်
ကြီးများက နေရာမရွေး ရှိနေကြရာ အန္တရာယ်က အချိန်မရွေး
ရောက်လာနိုင်သည်။

သူက ရပ်ပြီးနားစွင့်ကြည့်တော့ နောက်ကခြေသံက
ရွေ့ဆက်သွားသော နောက်ကခြေသံကို ပြန်ကြားရသည်။

ထို့ကြောင့် သတိထားရင်းမှ တောနက်ထဲမှ ပြန်ထွက်
နိုင်ရန် ကြိုးစားသော်လည်း အခွင့်အရေးမရတော့ပေ။ တစ်နေ
ရာမှာတော့ သူသွားမည်လမ်းတည့်တည့်မှ . . စောင့်နေဟန်ရှိ
သော တောကောင်ကြီးကို တွေ့ရသည်။ တောကောင်ကြီးမှာ
အတော်ကြီးသည်။

သူရောက်နေသော နေရာနှင့်လည်း မဝေးလှပေ။ ထို
အခြေအနေမျိုးတွင် လေးနှင့်မြားက အသုံးမဝင်တော့ပေ။

ထို့ကြောင့် နံဘေးမှချထားလိုက်ပြီး . . ကပ်ပါးကို မြဲမြဲ
ဆုတ်ကိုင်ထားပြီး အသင့်စောင့်နေလိုက်သည်။

"လာခဲ့စမ်းကွာ"

တောကောင်ကြီးကလည်း သူ့ကို အလွတ်ပေးလိုဟန်
မရှိပဲ အခွင့်ကောင်းစောင့်နေသည်။

သို့သော်လည်း လူနှင့် မျက်နှာချင်းဆိုင် အနေအထား
မျိုးဖြစ်နေသောကြောင့် ရုတ်တရက် ခုန်ဝင်မလာပေ။

နီမောင်က နောက်ဆုတ်သွားလျှင် သူက တစ်လှမ်းချင်း
ရွေ့တိုးလာသည်။ နီမောင်က ရွေ့တိုးသွားလျှင် သူက ဖြည်း



www.burmeseclassic.com

www.burmeseclassic.com


ဖြည်းနှင့် နောက်ဆုတ်ပေးသည်။

တစ်ကြိမ်မှာတော့ နီမောင် ဟန်ချက်ပျက်သွားသည်ကို အခွင့်ကောင်းယူပြီး တောကောင်ကြီးက ဝေါခနဲ ခုန်ဝင်လာသည်။

နီမောင်ကလည်း သတိရှိသူမို့ နံဘေးကိုရှောင်ပေးလိုက်ပြီး ကပ်ပါးနှင့်ခုတ်ရာ နောက်ခြေထောက်ကို ခုတ်မိသွားသည်။ ကပ်ပါးမှာ အသွားထက်လှသောကြောင့် ထိလိုက်သည်နှင့် ကွဲထွက်သွားသည်။

တောကောင်ကြီးမှာ ခြေထောက်တစ်ဖက် ဒဏ်ရာရသွားသဖြင့် ဟန်ချက်ပျက်သွားသော်လည်း ကျားနာခဲသဘောမျိုးဖြင့် နောက်တစ်ကြိမ် ခုန်ဝင်လာပြန်သည်။ ဒီတစ်ကြိမ်တော့ မမျှော်လင့်သောအဖြစ်အပျက်က ပေါ်လာသည်.

တောကောင်ကြီးက ခုန်ဝင်လာစဉ် တောတွင်းမှ ဖြတ်ထွက်လာသော မြားတစ်စင်းက ကိုယ်ကိုထိမှန်သွားပြီး နံဘေးသို့ကျသွားသည်။

နီမောင်က ထိုအခြေအနေကို အံ့သြမနေပဲ ကပ်ပါးနှင့် ခုတ်ရန်ပြေးသွားသည်။ သို့သော် ကျားက မြားတန်းလန်းနှင့်ပင် တောတွင်းဝင်ပြေးသွားလေတော့သည်။

ထိုအခါမှ မြားထွက်လာသော နေရာဘက်သို့ ကြည့်လိုက်ရာ သစ်ပင်များကြားမှ မိန်းမပျိုတစ်ယောက် ထွက်လာသည်။ မြဝင်းသူပင်ဖြစ်၏။

မြဝင်းသူက သူတို့ရွာမှာ မဟုတ်ပေ။ ဟိုမိုင်းရွာနှင့် မဝေး



လှသော ပုလွယ်ရွာမှဖြစ်သည်။ ပုလွယ်ရွာမှာလည်း အိမ်ခြေလေးငါးဆယ်ခန့်ရှိသော ရွာကြီးတစ်ရွာပင်ဖြစ်သည်။

မြဝင်းသူက အသက်(၂၀)ကျော်အရွယ်ခန့်ရှိပြီး လှပချောမောသူဖြစ်သည်။ သို့သော် မာနကြီးပြီး ယောက်ျားလေးတစ်ယောက်လို ကြမ်းကြမ်းတမ်းတမ်း နေတတ်သဖြင့် တော်ရုံလူ အနားမကပ်ဝံ့ပေ။

လေးမြားပစ်ရာမှာ သူမတူအောင် ကျွမ်းကျင်သူဖြစ်ပြီး တစ်ယောက်တည်း တောထဲတောင်ထဲ သွားလာနေသူဖြစ်သည်။

မြဝင်းသူက နီမောင်ရှိသောနေရာသို့ ဆင်းလာသည်။

"ငါ့ကို အခုလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဟာ"

"ရပါတယ် ကျေးဇူးတင်ဖို့မလိုပါဘူး၊ အမြင်မတော်လို့ ဝင်ပြီး အကူအညီပေးတာပဲဟာ"

"ဘာပဲဖြစ်ဖြစ် နင်ဝင်ကူပေးတော့ အန္တရာယ်မြန်မြန် ရှင်းသွားတာပေါ့"

ဟုပြောပြီး လေးနှင့်မြားကို ပြန်ကောက်ယူလိုက်သည်။

"နင်က အန္တရာယ်များတဲ့အလုပ်မျိုး လုပ်ချင်တာကိုး"

မြဝင်းသူက အပြစ်တင်သော အသံမျိုးဖြင့်ပြောသည်။

"ဆင်းရဲတော့လည်း ဒီလိုပဲလုပ်ရတာပဲပေါ့"

"ဆင်းရဲမှာပေါ့ သူများတွေလို ပိုက်ဆံရတဲ့အလုပ်မျိုးမှ မလုပ်တာကိုး"

"ဘိန်းစိုက်တဲ့အလုပ်၊ ဘိန်းအရောင်းအဝယ် လုပ်တာ


www.burmeseclassic.com

www.burmeseclassic.com

တွေကို ပြောတာလား"

"ဟုတ်တယ်"

"ကိုယ့်အတွက် အကျိုးရှိတယ်ဆိုပေမယ့် တခြားသူတွေ ဒုက္ခရောက်မယ့် အလုပ်မျိုးတော့ တစ်သက်လုံး မလုပ်ပါဘူး"

"ဒါကြောင့် ဆင်းရဲနေတာပေါ့"

"ငါက လူဆင်းရဲနေပေမယ့် စိတ်ချမ်းသာပါတယ်၊ လူက တော့ချမ်းသာနေပေမယ့် စိတ်ဆင်းရဲနေရတဲ့ ဘဝမျိုးတော့ မလို ချင်ပါဘူး"

"နင်ကတော့ ဒီတစ်သက် ဆင်းရဲတွင်းက လွတ်မယ့်သူ မျိုးမဟုတ်တာ သေချာတယ်"

နီမောင်က ရယ်နေလေသည်။

"နင် ငါ့ကိုဝင်ပြီး အကူအညီပေးတာ ကျေးဇူးတင်ပါ တယ်၊ အခါအခွင့်ကြုံတဲ့အခါ နင့်ကိုတစ်လှည့်ပြန်ပြီး အကူအညီ ပေးခွင့်ရပါစေလို့ ငါဆုတောင်းပါတယ်၊ ဒါပေမယ့် နင်ပြောတဲ့ အလုပ်မျိုးတော့ ငါတစ်သက် ဘယ်တော့မှ မလုပ်ဘူးဆိုတာ တော့ နင်သိထားစေချင်တယ်"

ထိုသို့ပြောပြီး နီမောင်က နေရာမှ ထွက်လာခဲ့လေရာ မြဝင်းသူတစ်ယောက်တည်း ထိုနေရာမှာ ရပ်လျက်သား ကျန်နေ ခဲ့လေသည်။





# အခန်း [၆]

# မိုးခါးရေမသောက်ကြသူများ

ရွာသို့ပြန်ရောက်သောအခါ နီမောင်က ငှင်းနှင့် မိတ် ဆွေလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်ကြသော စောထီးနှင့် မဲအောင်တို့ကို ထိုအကြောင်းပြောပြလိုက်သည်။

"မြဝင်းသူဆိုတာ ပူလွယ်ရွာက ကောင်မလေးမဟုတ် သား"

"ယောကျ်ားလေးလို စိတ်ကြမ်းကိုယ်ကြမ်းနဲ့ မာနလည်း အတော်ကြီးတယ်၊ သူ့ကို ပြောတာမဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com

"အေး . . ဟုတ်တယ်"

"သူနဲ့တွေ့တာ မင်းဟန်ကျတာပေါ့၊ သူက တော်ရုံဆိုရင် သိပ်အဖက်လုပ်နေတာမဟုတ်ဘူး၊ နောက်တစ်ခါတွေ့ရင် ရည်းစားစကားပြောကြည့်ပေါ့"

ထိုစကားကြောင့် နီမောင်မျက်နှာပေါ်မှာ ရှုံ့မဲ့သွားလေသည်။

"ဘာဖြစ်လို့လဲ"

"သူက ငါတို့လို ဆင်းရဲတဲ့လူတွေဆိုရင် သိပ်အထင်ကြီးတဲ့ပုံမပေါ်ဘူး၊ မနေ့ကတွေ့တော့ ငါ့ကိုတောင် ဘိန်းမစိုက်ပဲ တခြားအလုပ်တွေလုပ်နေလို့ အပြစ်တင်တဲ့လေသံမျိုးနဲ့ ပြောလိုက်သေးတယ်"

"အို . . ဒါကတော့ကွာ ဆင်းရဲတာပဲဖြစ်ဖြစ် ချမ်းသာနေတာပဲဖြစ်ဖြစ် ကိုယ်ကြိုက်တဲ့အလုပ် ကိုယ်လုပ်ကြမှာပေါ့ . . ဘိန်းမစိုက်ရုံနဲ့တော့ လူတစ်ယောက်ကို အထင်သေးလို့ ဘယ်ဖြစ်ပါ့မလဲ"

ငမဲအောင်က ပြောလိုက်သည်။ ထိုအခါ စောထီးက . .

"ဒီအရပ်ဒေသမှာ နေကြတဲ့လူတွေ အတော်များများက ဘိန်းစိုက်ချင်စိုက်၊ မစိုက်ရင် ဘိန်းကုန်ကူးကြတယ်၊ အဲ့ဒီလူတွေကြားထဲမှာ ငါတို့က လူထူးလူဆန်းတွေ ဖြစ်ချင်ဖြစ်နေမှာပေါ့"

ဟုပြောလိုက်သည်။

"ဒါကတော့ သူတို့ထင်ချင်သလို ထင်ပေါ့ကွာ၊ အများမိုးခါးရေသောက်လို့ ရူးကြတော့၊ မိုးခါးရေမသောက်တဲ့ ငါတို့ကို





အရူးလို့ ထင်တော့လည်း ဘာတတ်နိုင်ပါ့မလဲ"

ဟု သုံးယောက်သား ပြောဆိုနေကြလေသည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်မှာလည်း ဟိုမိုင်းရွာမှာနေကြပြီး နီမောင်နှင့် သက်တူရွယ်တူများ ဖြစ်ကြသည်။

၎င်းတို့လည်း ဘိန်းမစိုက်ပဲ တောင်ယာအလုပ်နှင့် သစ်သီးခြံများစိုက်ပျိုးကာ အသက်မွေးကြလေသည်။

လူငယ်လူရွယ်များဖြစ်သော်လည်း ငွေရလွယ်သော ဘိန်းစိုက်ခြင်းနှင့် ဘိန်းကုန်ကူးခြင်း မလုပ်ကြပေ။

သို့ကြောင့်လည်း သုံးယောက်သား ပေါင်းသင်းမိကြခြင်းဖြစ်သည်။

နီမောင်တို့နေကြသည့် ပူလွယ်ရွာသည် အားခါလူမျိုးနှင့် အခြားတိုင်းရင်းသားများ စုဝေးနေထိုင်ကြသည့် ရွာငယ်တစ်ခုသာဖြစ်သည်။

ထိုတောင်တန်းဒေသတစ်ဝိုက်မှာရှိကြသော ရွာအတော်များများမှာ တစ်နေရာမကောင်း တစ်နေရာ ရွှေ့ပြောင်းနေကြသည့်ရွာ များသည်။ တစ်နေရာတည်းမှာ အချိန်အကြာကြီးနေကြသော ရွာကနည်းသည်။ ပူလွယ်ရွာကတော့ တစ်နေရာတည်းမှာ အချိန်အကြာကြီးရှိနေသည့် ရွာအမျိုးအစားထဲမှာ ပါဝင်လေသည်။

၎င်းတို့အရပ်ဒေသမှာ တစ်နေရာမကောင်းသဖြင့် တစ်နေရာပြောင်းတော့မည်ဆိုလျှင် ရွာကို ခေါင်းဆောင်နေသော ရွာလူကြီးလေးဦးက နေရာသစ် ထွက်ရှာရသည်။



www.burmeseclassic.com

www.burmeseclassic.com

ရေမြေအနေအထားကောင်းသော နေရာရောက်လျှင် ထိုနေရာသို့ ရွှေ့ပြောင်းရွာတည်ကြသည်။ ၎င်းတို့အနေနှင့် ရွာပြောင်းရွှေ့သောအလုပ်မှာ ထွေထွေထူးထူးတော့ မရှိပေ။

စားအိုးစားခွက်များကို ခြင်းတောင်းတစ်လုံးဖြင့် ထည့်လွယ်သွားကြရုံသာရှိသည်။ မွေးထားသော တိရစ္ဆာန်များကို တစ်ပါတည်း ခေါ်သွားရုံရှိလေသည်။

မလေ့ထုံးစံအရ ရွာကိုဦးဆောင်ကြသည့် လူကြီးလေးဦးတို့မှာ. . .

(၁) 'ကယ်ဟ' ခေါ် အားခါအမျိုးသားတို့၏ ယဉ်ကျေးမှု မလေ့ထုံးစံကို နားလည်သူတစ်ယောက်။
(၂) 'ကျလီး' ခေါ် ပန်းပဲဆရာတစ်ယောက်။
(၃) 'ဖေမတ်' ခေါ်သော ဆေးဆရာလည်းဖြစ်၊ နတ်ဆရာလည်းဖြစ်သူတစ်ယောက်၊ ၎င်းက ရွာသူရွာသားတို့ ရောဂါဘယကင်းရှင်းရေးနှင့် သေသူ၏ဝိညာဉ်အား ဝိညာဉ်များနေသောနေရာသို့ ကောင်းမွန်စွာ သွားနိုင်စေရန် လမ်းပြပေးနိုင်သူတစ်ယောက်ဖြစ်သည်။
(၄) 'လာဂျာ' ဟုခေါ်သောရွာကို အုပ်ချုပ်ရမည့် ရွာလူကြီးတစ်ယောက်. . စသည့် လေးယောက်ဖြစ်သည်။

ထိုလူကြီးလေးယောက်က ရွာသစ်တည်မည့် မြေနေရာကို ရှာဖွေတွေ့သောအခါ ရွှေ့ပြောင်းကြမည့် ရွာသားများကို စုဝေးခေါ်ဆောင်သွားသည်။

ထိုနေရာရောက်သောအခါ ရွာနယ်နိမိတ်ကို သတ်မှတ်





သည်။ ရွာအဝင်ပေါက်ကို သတ်မှတ်သည်။ ရွာနယ်နမိတ်အတွင်းသို့ မိစ္ဆာနှင့် မကောင်းဆိုးဝါးများ မဝင်နိုင်စေရန် ရုပ်တုများစိုက်ခြင်း၊ ဂါထာမန္တန်များနှင့် စည်းတားခြင်းကို နတ်ဆရာက ပြုလုပ်ရသည်။ ရွာနယ်နိမိတ်သတ်မှတ်ပြီးသောအခါ နေအိမ်များအတွက် နေရာချပေးသည်။ ထိုသို့ရွာတည်ပြီးသောအခါ. . ဒန်းစီးပွဲတော် ကျင်းပကြသည်။

"ဒန်းစီးပွဲတော်အပြင် အခြားမလေ့ထုံးစံအရ ပြုလုပ်သော ပွဲတော်ကိုးမျိုးလည်း ရှိသေးသည်။ ၎င်းတို့မှာ. . .

(၁) ကြက်ဉပြုတ်စားပွဲ
(၂) စပါးနတ်ပူဇော်ပွဲ
(၃) ကောက်စိုက်ပွဲ
(၄) ဒန်းစီးပွဲ
(၅) ကယ်ဟကြီး၏ထမင်းကျွေးပွဲ
(၆) တောထုတ်ပွဲ
(၇) နှံကောင်ဖမ်းပွဲ
(၈) ကောက်သစ်စားပွဲ
(၉) နှစ်သစ်ကူးပွဲ တို့ဖြစ်ကြလေသည်။

စောစောကရေးသားခဲ့သော ရွာလူကြီးလေးယောက်တို့၏ တာဝန်များကလည်း များသည်။

ကျလီးခေါ်သော ပန်းပဲဆရာသည် ရွာမှာရှိသော. . ပေါက်တူး၊ ပေါက်ချွန်း၊ ဓား၊ တူးရွင်းတို့က ပြုလုပ်ပေးရသည်။ သွေးပေးရသည်။ ပြင်ပေးရသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုအတွက် ပြုလုပ်ပြုပြင်ပေးခ မရပေ။ သူပိုင်သော တောင်ယာကို တစ်ရွာလုံးက စိုက်ပေးရသည်။ ရိတ်သိမ်းချိန်ရောက်လျှင် ရိတ်သိမ်းပေးရသည်။ အမဲလိုက်သော ရွာသားတစ်ဦးဦးက အမဲရလာလျှင် သူ့အတွက်ဝေစု လာပေးရသည်။

ဇေမတ်ခေါ် ဆေးဆရာကလည်း ရွာထဲမှလူများ ရောဂါဖြစ်လျှင် ဆေးကုပေးရသည်။

တစ္ဆေသရဲများ ဖမ်းစားနှောင့်ယှက်ပါက နှင်ထုတ်ပေးရသည်။ သေသူ၏ဝိညာဉ်ကို ကောင်းသောနေရာရောက်အောင် လမ်းပြပေးရသည်။

ကံကြမ္မာဆိုးများနှင့် ကြုံတွေ့ရသူတို့အား ယတြာပြုလုပ်ပေးရသည်။ ထို့အတွက် ဆေးဖိုးဝါးခ ရသည်။ လူမမာအိမ်နှင့် လူသေအိမ်မှပေးသော အဖိုးအခတို့ကို စားရသည်။

လဂျာဟုခေါ်သော ရွာလူကြီးသည် ရွာ၏အကြီးအကဲဖြစ်သောကြောင့် အမှုအခင်း စစ်ဆေးဆုံးဖြတ်ပေးရခြင်း၊ အခြားမှ လာသူများနှင့် သင့်မြတ်အောင် လုပ်ကိုင်ပေးရသည်။

အမှုအခင်းမှရသော ဒဏ်ကြေးကို စားခွင့်ရှိသည်။

ကယ်ဗာခေါ် ခလေ့ထုံးစံနားလည်သော လူကြီးကတော့ ရပ်ရွာနှင့်ပတ်သက်သည့် ခလေ့ထုံးစံကိစ္စများကို ဒိုင်းပြုလုပ်ပေးရသည်။ ထို့အတွက် တစ်ရွာလုံးက သူ့အတွက် စားသောက်ဖို့ ဝေစုပေးရသည်။

ပူလွယ်ရွာတွင် အခြားဘာသာကိုးကွယ်သူ ရှိသော်လည်း နည်းသည်။ အတော်များများကတော့ နတ်ကိုယုံကြည်ကိုးကွယ်ကြသည်။ သို့သော်လည်း ၎င်းတို့ယုံကြည်ကိုးကွယ်သော နတ်အမျိုးအမည်ကို မေးလျှင်တော့ မသိပေ။

နတ်ဆရာက ဘယ်နတ်နှောင့်ယှက်နေသည်၊ ဘယ်လိုပူဇော်လျှင် ချမ်းသာရာရမည် ဟုပြောလျှင် ပြောသည့်အတိုင်းလုပ်သည်။ ထိုသို့ ပူဇော်ရင်းမှ သေဆုံးသွားတော့လည်း 'နတ်က သူ့ဝိညာဉ်ကို ကောင်းတဲ့နေရာခေါ်သွားပြီ' ဟု ပြောလျှင်လည်း ငြိမ်းသွားလေသည်။

နတ်ပူဇော်ခြင်းကို တာဝန်ယူပေးရသော နတ်ဆရာအတွက် တာဝန်ကြီးကြီးမားမား မရှိပေ။

ရွာသစ်တည်ပြီးသောအခါ တောင်ယာစိုက်ခင်းများ ပြုလုပ်ပြီး စပါးနှင့်အခြားအသီးအနှံများ စိုက်ကြသည်။ ရှေးအခါက ဘိန်းစိုက်ပျိုးခြင်းမှာ မိမိခြံဝန်းအတွင်း လှပစေရန်နှင့် ဆေးအဖြစ်သုံးရန် စိုက်ပျိုးကြခြင်းဖြစ်သည်။

ဘိန်းပင်မှ ပန်းပွင့်သောအခါ ရောင်စုံလှပလေသည်။ အချို့က ဘိန်းပန်းများကို ပန်းခြံသဖွယ် စိုက်ပျိုးကြသည်။ ဆေးအဖြစ် အသုံးပြုပုံကတော့ အကိုက်အခဲပျောက်ဆေးအဖြစ် အသုံးပြုသလို၊ ဝမ်းရောဂါဖြစ်လာလျှင် ဘိန်းဆေးမှာ အကောင်းဆုံးဖြစ်သည်။

ဘိန်းဆေးကိုသုံးပါက မည်သည့်ဝမ်းရောဂါမဆို သက်သာပျောက်ကင်းသည်။

အထူးသဖြင့် ရက်ရှည်လများ ဝမ်းကိုက်ရောဂါပိုး ခံနေသော ရောဂါသည်တို့မှာ ဘိန်းဆေးအနည်းငယ် ကျွေးရုံဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ကင်းနိုင်သည်။

ထို့အပြင် အဆစ်အမြစ် ယောင်ယမ်းပါက ဘိန်းဆေး လိမ်းပေးပါက သက်သာပျောက်ကင်းလေသည်။ ရှေးအခါက ဒေသခံများက ဘိန်းကို ခြံဝန်းအလှစိုက်ပျိုးခြင်း၊ ဆေးဝါးအ တွက်သာ စိုက်ပျိုးကြသော်လည်း နောက်ပိုင်းနယ်ခြားဘက်မှ တရုတ်ဖြူများ ဝင်ရောက်လာတော့မှ မူလဦးတည်ချက်ပျောက် ပြီး မူးယစ်ဆေးဝါးအဖြစ် အသွင်ပြောင်းသွားခဲ့ခြင်းဖြစ်သည်။

ထိုအရပ်ဒေသ၌ နေကြသူများမှာ လူမျိုးပေါင်းစုံ ဖြစ် သောကြောင့် ခလေ့ထုံးစံတို့မှာလည်း အမျိုးမျိုးရှိသည်။ မြန်မာ ခလေ့ထုံးစံက တစ်ပတ်မှ တနင်္ဂနွေအစ စနေအဆုံး ခုနစ်နေ့ ရှိသည်။ သူ့နေ့နှင့်သူ သင်္ကေတအရုပ်များရှိသည်။

လားဟူတို့ကတော့ တစ်ပတ်လျှင် (၁၂)ရက်သတ်မှတ် ပြီး. . ထို(၁၂)ရက်မှာလည်း သူ့အကောင်နှင့်သူရှိသည်။

(၁) စေ ဟုခေါ်သော မြွေနေ့
(၂) မူး ဟုခေါ်သော မြင်းနေ့
(၃) ယော ဟုခေါ်သော သိုးနေ့
(၄) မော့ ဟုခေါ်သော မျောက်နေ့
(၅) ဂ ဟုခေါ်သော ကြက်နေ့
(၆) ဖီး (ယေ့) ဟုခေါ်သော ခွေးနေ့
(၇) ဝ ဟုခေါ်သော ဝက်နေ့
(၈) ဖူ (Fu) ဟုခေါ်သော ကြွက်နေ့
(၉) နူး ဟုခေါ်သော နွားနေ့





(၁၀) လား ဟုခေါ်သော ကျားနေ့
(၁၁) ထောလာ ဟုခေါ်သော ယုန်နေ့
(၁၂) လော ဟုခေါ်သော နဂါးနေ့
ဟူ၍ (၁၂)နေ့ ထားသည်။

နာမည်ပေးသည့်အခါမှာတော့ နဂါးနေ့မှာမွေးလျှင် ယောက်ျားကို ကျလော(မောင်နဂါး)ဟုအမည်ပေးပြီး မိန်းမဆို လျှင် နာလော(မနဂါး)ဟု အမည်ပေးလေ့ရှိသည်။

အခြားနေ့တွေမှာမွေးရင်လည်း အကောင်အမည်များ အတိုင်း ပေးကြသည်။

ယောက်ျားဆိုလျှင် ရှေ့မှာကျလော ထည့်မှည့်ပြီး မိန်းမ ဆိုလျှင် နာလောထည့်မှည့်လေ့ရှိကြသည်။

လားဟူတို့သည် တရုတ်အမျိုးအနွယ်များ ဖြစ်သဖြင့် တရုတ်ဖြူများဝင်ရောက်လာပြီး 'မြေတူးဆွနိုင်သမျှ ဘိန်းစိုက်ကြ' ဟု အားပေးအားမြှောက်ပြုသောအခါ ဘိန်းစိုက်ပျိုးကြတော့ သည်။

အချို့လည်း လက်နက်ဖြင့်ခြိမ်းခြောက်ပြီး အတင်းအ ဓမ္မ အစိုက်ခိုင်းသည်။

ဘိန်းစိုက်ပျိုးရန် စိုက်ပျိုးစားရိတ်ငွေများကို ချေးပေး သည်။ ထွက်သမျှဘိန်းတို့ကိုလည်း ဘိန်းတစ်ပိဿာလျှင် ရှေး ဟောင်းငွေဒင်္ဂါးအပြား(၂၀) ပေးဝယ်ကြသည်။

ပထမ သေနတ်ဖြင့်ခြိမ်းခြောက်ခိုင်းသဖြင့် ကြောက်ရွံ့ သောကြောင့် ဘိန်းစိုက်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com

နောက်တော့ ငွေရမှန်းသိသောအခါ ကိုယ့်လောဘနှင့် တိုးချဲ့စိုက်ပျိုးကြရာမှာ ဘိန်းခင်းများ အများအပြား တိုးပွားလာခြင်းဖြစ်တော့သည်။

အချို့ရွာများမှာ ဘိန်းမစိုက်ပဲ အခြားသီးနှံစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုနေသူများလည်း ရှိသည်။

ထိုသူများကိုတော့ တရုတ်ဖြူများနှင့် ဘိန်းကုန်ကူးသေသူများက သဘောမကျကြပေ။

ထိုအထဲတွင် နီမောင်တို့လည်းပါသည်။

ထိုအရပ်ဒေသမှာနေပြီး ဘိန်းမစိုက်သူများကို ကျန်သူများက အထင်မကြီးကြပေ။

ထိုထက် ယောက်ျားလေးများဆိုလျှင် မိန်းကလေးများက အထင်မကြီးသလို စိတ်လည်းမဝင်စားပေ။

မိန်းကလေးများဆိုလျှင် ယောက်ျားလေးများက ရှောင်သွားတတ်ကြသည်။ အဘယ်ကြောင့်ဆိုလျှင်. . .

တောင်ယာစိုက်ပျိုးစားသောက်ကြသူများမှာ ထမင်းစားရရုံမှလွဲပြီး ကြီးပွားတိုးတက်မည်မဟုတ်သောကြောင့် ဖြစ်သည်။

ထို့ပြင် ဘိန်းမစိုက်သူများကို တရုတ်ဖြူများက သဘောမကျကြပေ။

၄င်းတို့က လက်နက်အားကိုးဖြင့် ရွာသူရွာသားများကို အနိုင်ကျင့်ကြသည်။

ဘိန်းမစိုက်သူများဆိုလျှင် နှိပ်စက်ချင်ကြသည်။

နီမောင်တို့စိုက်ခင်းများဆိုလျှင် မကြာခဏဆိုသလို ဖျက်ဆီးခြင်းခံရသည်။

မီးရှို့ခံရသည့်အခါရှိသလို အပင်များအသီးအနှံရခါနီးတော့မှ စိုက်ခင်းတစ်ခုလုံး ရစရာမရှိအောင် အဖျက်ဆီးခံရသည်များလည်း ရှိသည်။

ထိုကဲ့သို့ သီးနှံစိုက်ခင်းများ ပျက်စီးသွားသောအခါ. . တောထဲမှ ရှာဖွေရသော ပစ္စည်းများကိုပင် ရောင်းချစားသောက်ကြရသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့အပြင် အခြားဘိန်းမစိုက်ပဲ အခြားသီးနှံစိုက်ပျိုးပြီး အသက်မွေးကြသူအချို့ကလည်း ရှိလသည်။ သို့သော် လူနည်းစုသာ ဖြစ်သည်။

ထိုသူများမှာလည်း နီမောင်တို့ကဲ့သို့ပင် စိုက်ခင်းများ အဖျက်အဆီးခံကြရသည်။

အချို့ဆိုလျှင် မတတ်နိုင်တော့သဖြင့်. . ဘိန်းကုန်ကူးသောအဖွဲ့များ၌သော်လည်းကောင်း၊ ဘိန်းချက်သောနေရာများ၌ ဝင်ရောက်လုပ်ကိုင်ရင်း ဝမ်းစာရှာရသူများပင် ရှိကြသည်။

"ဒီတစ်နယ်လုံးက ဘိန်းနဲ့မပတ်သက်သူ မရှိသလောက်ပဲ ဘိန်းစိုက်တယ်. . ဘိန်းကုန်ကူးတယ်၊ ရွာသူကြီးတွေကလည်း ငွေရတော့ ကြည့်နေကြတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ငါတို့တစ်တွေ လူညီရင် သူတို့ကိုမှမတတ်နိုင်ပါဘူး၊ အခုဖြစ်နေတာက လူအများစုက ငွေရလို့လုပ်နေကြလို့ အခုလိုဒုက္ခတွင်းက မတက်နိုင်ကြပဲဖြစ်နေတာ"




☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



"ဒါထက်ပိုဆိုးတာပေါ့ကွ၊ သူတို့ဝင်လုပ်တာထက် မလှုပ်ပဲနေတဲ့လူတွေကိုပါ အနှောင့်အယှက်ပေးနေတာကတော့ ဆိုးတာပေါ့"

"ငါတို့စိုက်ခင်းတွေ ဖျက်ဆီးခံနေရတာလည်း သူတို့တွေလက်ချက်ဖြစ်မှာပဲ"

"ဒါတွေကလည်း တစ်နေ့တော့အဖြေပေါ်လာမှာပါပဲ၊ ငါတို့အလှည့် ရောက်လာတဲ့နေ့မျိုးတော့ ရှိလာမှာပါ"

နီမောင်စကားကြောင့် ကျန်နှစ်ယောက်ကသက်ပြင်းချလိုက်ကြသည်။

"ဒါထက်နီမောင် မကြာခင် ဒန်းစီးပွဲတော် ကျင်းပတော့မယ် မင်းသွားဦးမှာလား"

"ငါတော့ သိပ်မသွားချင်ပါဘူး၊ ဒီအလုပ်က လူတွေအတွက် သိပ်အကျိုးမရှိပါဘူး"

"ဒါပေမယ့် တခြားရွာကလာတဲ့ ကောင်မတွေလည်း တွေ့ရတယ်၊ ပျော်လည်းပျော်ရတာပေါ့"

ဟု နှိုင်းပြောရာ နီမောင်လည်းဘာမှ ထပ်မပြောတော့ပေ။ တကယ်တော့ ထိုအရပ်မှာ ရပ်ရွာဓလေ့တို့က အတော်များလှပေရာ ထိုအထဲတွင် ဒန်းစီးပွဲတော်လည်း တစ်ခုအပါအဝင်ဖြစ်သည်။





# အခန်း (၇)

# မြဝင်းသူနှင့် ပြန်တွေ့ရခြင်း

ဒန်းစီးပွဲတော်မှာ ရှေးအစဉ်အဆက်ကတည်း လားဟူအမျိုးသားတို့ ပြုလုပ်လာသော ရိုးရာပွဲတော်တစ်ခုဖြစ်သည်။ ဒန်းစီးပွဲတော် ပြုလုပ်သောနေရာမှာ တောင်ထိပ်ပေါ်၌ရှိသော ဟိုမိုင်းရွာ၌ဖြစ်သည်။ ဟိုမိုင်းရွာသည် အိမ်ခြေလေးငါးဆယ်ခန့်သာရှိပြီး လားဟူအမျိုးသားတို့ များလေသည်။

ရွာလယ်လောက်တွင် ဘာသာရေးကိုင်းရှိုင်းသော လား



www.burmeseclassic.com

www.burmeseclassic.com



ဟူအမျိုးသားတို့၏ ဘုရားကျောင်းဆောင်တစ်ဆောင်ရှိသည်။

ထိုဘုရားကျောင်းရှေ့တွင် ပေ(၄၀)ခန့်မြင့်သော သစ်သားတံခွန်တိုင်ကြီး စိုက်ထူထားပြီး အပေါ်ထိပ်၌ တံခွန်တိုင်အလုံးကြီးများ ချိတ်ဆွဲထားသည်။ ထိုတံခွန်တိုင်လုံးကြီးများမှာ လေတိုက်လိုက်တိုင်း တလူလူနှင့် လွင့်နေရော အဝေးမှပင် လှမ်းမြင်ရသည်။ ထိုသင်္ကေတပင် တောင်ထိပ်ပေါ်မှာရှိသော ဟိုမိုင်းရွာရှိသောနေရာကို ညွှန်ပြပေးနေသကဲ့သို့ ရှိသည်။

ထိုရွာသည် တောင်ထိပ်ပေါ်၌ တည်ထားသော်လည်း ရေအတွက် အခက်အခဲမရှိကြပေ။

ရွာအထက် တောင်ကြောတစ်ခုပေါ်မှ ထွက်နေသော ရေထွက်ပေါက်တစ်ခုမှရေကို ဝါးရေတံလျှောက်ဖြင့် သွယ်တန်းကာ ရွာလယ်သူကြီးအိမ်ရှေ့ ကျောက်ဖျာကြီးပေါ်သို့ရောက်အောင် စီမံထားသည်။ ထိုတောင်ကျရေမှာ စဉ်ဆက်မပြတ် စီးကျနေရာ တစ်ရွာလုံး သောက်သုံး၍မကုန်နိုင်အောင် ရှိလေသည်။ တကယ်တော့ ဟိုမိုင်းရွာမှာ အိမ်ခြေမများလှသော်လည်း သာယာလှပသော နေရာတစ်ခုပင် ဖြစ်လေသည်။

အားခါအမျိုးသားတို့၏ ဒန်းစီးပွဲတော်ကို နှစ်စဉ် စပါးပေါ်ချိန်ရောက်ပါက ကျင်းပလေ့ရှိကြသည်။ ဒန်းစီးပွဲတော် ကျင်းပသောနေရာမှာ ရွာ၏အနောက်တောင်ထောင့် ကိုက်တစ်ရာခန့်ဝေးသောနေရာ၌ ကျင်းပကြသည်။

ထိုနေရာမှာ ချောက်ကမ်းပါးကြီးများရှိသည်။ အောက်သို့ကြည့်လျှင် မမြင်ရလောက်အောင် နက်ရှိုင်းသည်။ ချောက်





ကမ်းပါးအတွင်း၌လည်း ကျောက်စွန်း၊ ကျောက်ချွန်များက နေရာမလပ်အောင်ရှိကြသည်။

အကယ်၍သာ ထိုင်နေရာမှ အောက်သို့ပြုတ်ကျသွားပါက အသက်ရှင်နိုင်စရာမရှိပေ။

ဒန်းစီးပွဲတော် ကျင်းပသောနေရာမှာ ထိုချောက်ကမ်းပါးအစွန်းထိပ်၌ ဖြစ်သည်။ ထိုပွဲတော်သို့ ရပ်ဝေးရပ်နီးမှ လူပျိုအပျိုတို့ ရောက်လာလေ့ရှိသည်။

လူပျိုတို့က ဒန်းစီးပွဲတော် ဝင်ရောက်ပြိုင်ရင်း သူဘယ်လောက် ကြံ့ခိုင်သန်စွမ်းပြီး သတ္တိရှိကြောင်း ပြသရန်အတွက်ဖြစ်ပြီး၊ အပျိုတို့ကတော့ ထိုအထဲမှ လူစွမ်းကောင်း လူပျိုတို့ကို ချစ်သူအိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရန် လာရောက်ကြခြင်းဖြစ်သည်။

လူငယ်လူရွယ်တို့အတွက်တော့ ရင်ခုန်စရာ ပျော်ရွှင်စရာကောင်းသော ရိုးရာပွဲတော်တစ်ခုပင်ဖြစ်သည်။

ဒန်းစီးပွဲတော် ဖြစ်ပေါ်လာပုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက အားခါတို့သည် ယူနန်တရုတ်စစ်ဘုရင်များ လက်အောက်တွင် အမှုထမ်းနေရာမှ နောက်တွင် နှိပ်စက်မှုကို မခံနိုင်တော့သဖြင့် ခုခံတိုက်ခိုက်ပြီး ရုန်းထွက်ကြလေသည်။

၎င်းတို့သည် ခုခံတိုက်ခိုက်ရင်းနှင့် တောင်ဘက်ပိုင်းသို့ တဖြည်းဖြည်း ရောက်လာကြသည်။ ပြေးရင်းလွှားရင်းမှပင် ရောက်သည့်နေရာမှာ ရွာတည်လိုက်၊ စိုက်ပျိုးစားသောက်ရင်း၊



www.burmeseclassic.com

www.burmeseclassic.com

အမဲလိုက်ရင်းနှင့် နေထိုင်လာခဲ့ကြသည်။

နောက်ပိုင်း ရေကြည်ရာမြက်နုရာ နေရာရှာဖွေရင်း အင်ဒိုချိုင်းနားနှင့် မြန်မာနိုင်ငံမြောက်ပိုင်း၊ အရှေ့ပိုင်းဒေသများသို့ ရောက်လာကြသည်။

၎င်းတို့အနေဖြင့် လူနည်းစုဖြစ်သောကြောင့် အင်အားကြီးသောသူများနှင့် ယှဉ်ပြိုင်ရန် သတ္တိဗျတ္တိရှိပြီး ကျန်းမာသန်စွမ်းသောလူများ လိုအပ်လျက်ရှိသည်။

ဆိုးရွားသောရာသီဥတုဒဏ်ကို ခံနိုင်စေရန်သော်လည်းကောင်း၊ သားရဲတိရစ္ဆာန်များကို တိုက်ခိုက်သတ်ဖြတ်ရာ၌သော်လည်းကောင်း၊ အခြားမျိုးနွယ်စုများနှင့် ကျွန်လုပွဲများ၊ စားကျက်လုပွဲများအတွက်လည်းကောင်း ယှဉ်ပြိုင်တိုက်ခိုက်ကြရသည်။

ထိုသို့တိုက်ခိုက်ရာမှာ သတ္တိစွမ်းရည်နည်းပါးပြီး တိုက်ခိုက်ရန် ညံ့ဖျင်းနေပါက တစ်မျိုးသားလုံး ပြုတ်ပြုတ်ပြုန်းရတော့မည့် အခြေအနေသို့ ရောက်သွားနိုင်သည်။

အခြားအင်အားကြီးပြီး တိုက်ခိုက်ရေကောင်းသော မျိုးနွယ်တို့၏ ကျေးကျွန်ဘဝ ရောက်ကြရပေမည်။ သို့ကြောင့် ခေါင်းဆောင်များက လူငယ်လူရွယ်များကို သတ္တိစွမ်းပကား ပြည့်စုံစေရန်နှင့် ကြံ့ခိုင်မှုပြည့်ဝနေစေရန် ဒန်းစီးပွဲတော် ပြုလုပ်ပေးခြင်းဖြစ်သည်။ ဒန်းစီးပွဲတော်ပြုလုပ်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ လူငယ်လူရွယ်များ၏ အရည်အချင်းစစ်ခြင်းဆိုပါကလည်း မမှားပေ။

အားခါခေါင်းဆောင်များက ဘယ်လောက်ထိ ပြုလုပ်





ကြသလဲဆိုလျှင် ကိုယ်လက်အင်္ဂါချို့ယွင်းနေသော ကလေးများနှင့် ကိုယ်ချင်းဆက်မွေးလာသော ကလေးများမှာ မိဘများနှင့် ရပ်ရွာအကျိုးအတွက် အကူအညီမရနိုင်ပဲ ၎င်းတို့ကြီးပြင်းအောင် ကျွေးမွေးရသည်ကပင် ဝန်ထုပ်ဝန်ပိုးဖြစ်မည် စိုးသောကြောင့် မွေးစကတည်းက ဖျောက်ဖျက်ပစ်လိုက်ကြသည်။

ခြေလက်အင်္ဂါအစုံအလင်နှင့် မွေးလာစေကာမူ အရွယ်ရောက်လာသောအခါ သတ္တိဗျတ္တိရှိပြီး စွမ်းရည်ပြည့်ဝသောသူဖြစ်စေရန် နည်းအမျိုးမျိုးနှင့် စမ်းသပ်ကြည့်ပြီးမှ ဒန်းစီးပွဲတော်ကို ဝင်ရောက်ဆင်နွှဲရခြင်းဖြစ်သည်။

တကယ်တော့ ဒန်းစီးပွဲတော်မှာ သူရဲကောင်းများ သတ္တိရှင်များရွေးချယ်သော ပွဲတစ်ပွဲဆိုက မမှားပေ။

ဒန်းစီးပွဲတော်ပြုလုပ်သောနေရာမှာ ချောက်ကမ်းပါးစွန်းထိပ်ပေါ်တွင် ဖြစ်သည်။

ချောက်ကမ်းပါးထိပ်စွန်းပေါ်မှာ ပေ (၃၀)ခန့်မြင့်သော ဝက်ခွတိုင်ကြီးလေးတိုင်စိုက်ပြီး ထိုတိုင်လေးတိုင် အလယ်ထိပ်မှ နွယ်ကြိုးတစ်ချောင်းကို အောက်သို့ (၂၅)ပေခန့် တွဲလောင်းချထားသည်။

ထိုနွယ်ကြိုးသည် ချောက်ကမ်းပါးထိပ်၏ ငါးပေအထက်ခန့်၌ ရှိလေသည်။ ထိုကြိုးအဖျားထိပ်တွင် ကွင်းတစ်ခုပြုလုပ်ထားပြီး ထိုကြိုးကွင်းထဲတွင် တုတ်တိုတစ်ချောင်းထည့်ထားသည်။ တုတ်တိုမှာ ဝါးဖြင့်ပြုလုပ်ထားပြီး အလုံးက ကျပ်ပြားခန့်ရှိပြီး အရှည်က တစ်ပေသာသာခန့်သာရှိသည်။


www.burmeseclassic.com

www.burmeseclassic.com

အရပ်အခေါ်ကတော့ တောင်ဆုတ်ခန့်ရှိသော ဝါးလုံးတိုပင်ဖြစ်၏။

ထိုဝါးလုံးကို ကြိုးကွင်းထဲသို့ ခပ်ချောင်ချောင်ထည့်ထားခြင်းမှာ သူရဲကောင်းများစီးကြမည့် ဒန်းစင်ပင် ဖြစ်တော့သည်။

ပြိုင်ပွဲဝင်မည့်သူက ထိုဝါးလုံးပေါ်သို့ခွထိုင်ပြီး နွယ်ကြိုးကိုကိုင်ထားရသည်။

ဝါးလုံးကသေးပြီးတိုကာ နွယ်ကွင်းကကျယ်သဖြင့် ဟိုဘက်ဒီဘက်လျောနေရာ ပြုတ်မကျစေရန် သတိထားရသည်။

တစ်ဖက်သို့ လျောထွက်သွားပါက ပြုတ်ကျသွားနိုင်သည်။ ကျွံကျသွားနိုင်သည်။

ထိုဝါးလုံးတိုလေးပေါ်မှာ ထိုင်ပုံထိုင်နည်းက ရှိသေးသည်။ နည်းစနစ်မကျပါက ဒန်းကြိုးလွှဲသည့်အခါ ဟန်ချက်ပျက်ပြီး ချောက်ကမ်းပါးအတွင်း ပြုတ်ကျကာ အသက်သေဆုံးနိုင်သည်။

ဒန်းစီးမည့်သူက အပေါ်တက်ထိုင်ပြီး အဆင်သင့်ဖြစ်သောအခါ ဒန်းလွှဲသူက ဝါးလုံးမှကိုင်ပြီး စလွှဲသည်။

နွယ်ကြိုးကရှည်သောကြောင့် အရှိန်ယူရသည်။

အရှိန်ရလာသောအခါ ဒန်းကို ကြိုက်သလိုလွှဲတော့သည်။ ဒန်းပေါ်ရောက်နေသူမှာ ချောက်ကမ်းပါးပေါ်မှ လေဟာနယ်ထဲရောက်သွားသောအခါ တော်ရုံသတ္တိမရှိသူ စိတ်မခိုင်သူဖြစ်ပါက ထိတ်လန့်ပြီးအောက်သို့ ပြုတ်ကျသွားနိုင်လေသည်။

ဒန်းလွှဲသူက တစ်ဖက်သို့ တည့်တည့်မတ်မတ်တက်





သွားအောင်လွှဲပေးရာမှ ဘေးသို့ယိုင်ထွက်သွားအောင်လွှဲပေးခြင်း၊ စိုက်ထားသော ဝက်ခွတိုင်များဖြင့် ထိလုမတတ်ပွတ်ကာသီကာလွှဲခြင်း၊ ကြိုးကိုလိမ်ပြီး ချာချာလည်နေအောင်လွှဲခြင်း၊ အပေါ်သို့ဇောက်ထိုးဖြစ်သွားအောင်အထိ လွှဲခြင်းများအထိ ကြိုက်သလိုလွှဲပေးနိုင်သည်။

ထိုသို့လွှဲပေးနေရင်းမှ. . ကြိုးပြတ်ကျသွားလျှင်သော်လည်းကောင်း၊ ဝါးလုံးပြုတ်ကျသွားလျှင်သော်လည်းကောင်း၊ ဝက်ခွတိုင်နှင့် တိုက်မိ၍သော်လည်းကောင်း ချောက်ထဲပြုတ်ကျသွားလျှင် အသက်ရှင်စရာအကြောင်း မရှိပေ။ အရိုးအသားပင် ရှာမတွေ့နိုင်တော့ပေ။

ဒန်းလွှဲသူက စိတ်ကြိုက်လွှဲပြီး ဘယ်လိုနည်းနှင့်မှ ပြုတ်မကျပဲ ခံနိုင်ရည်ရှိသောအခါမှ. . ထိုသူကို သူရဲကောင်းအဖြစ် သတ်မှတ်သည်။

သို့မဟုတ်ပဲ ဒန်းစီးရင်းနှင့် အခြေအနေမလှတော့လျှင်သော်လည်းကောင်း၊ ကြောက်လန့်တကြား အော်ဟစ်နေလျှင်သော်လည်းကောင်း ဒန်းလွှဲခြင်းကိုရပ်ပြီး အောက်သို့ပြန်ချပေးသည်။

ထိုသူမှာ သတ္တိစွမ်းရည်၊ ကြံ့ခိုင်ရေးစွမ်းရည် စာမေးပွဲစစ်ရာတွင် ကျရှုံးသူဖြစ်ပြီး တိုက်ခိုက်ရေးကိစ္စများတွင်သော်လည်းကောင်း၊ ရပ်ရွာရေးခေါင်းဆောင်ပိုင်း နေရာများတွင် ပါဝင်ဆောင်ရွက်ခွင့် မရှိတော့ပေ။

နောက်လိုက်အဖြစ်နှင့် ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်မျိုးနှင့်သာ လုပ်ကြရတော့သည်။

သတ္တိနည်းသူအဖြစ် လူအများအထင်အမြင်သေးခြင်းကို ခံရသည်။ အပျိုများ၏ ဥပက္ခာပြုခြင်းကိုပါ ခံကြရသည်။

ဒန်းစီးပွဲတွင် နည်းမျိုးစုံဖြင့် စမ်းသပ်စစ်ဆေးသော်လည်း ကြံ့ကြံ့ခံနိုင်ပြီး ဒန်းပေါ်မှ ဆင်းလာသူကို မိန်းမပျိုများက ဝိုင်းဝန်းချီးကျူးကြသည်။

ထိုအထဲမှ မိမိကြိုက်နှစ်သက်သော မိန်းမပျိုကို မေတ္တာစကားပြောနိုင်သည်။

သူကလက်ခံလျှင် လက်ဆွဲပြီး တောထဲသို့ ခေါ်သွားနိုင်သည်။ သို့ကြောင့်လည်း တစ်နှစ်တစ်ခါ ကျင်းပသော ဒန်းစီးပွဲတော်ကို လူငယ်လူရွယ်များက နှစ်သက်သဘောကျကြခြင်းဖြစ်သည်။

နောက်ပိုင်းမှာတော့ ဒန်းစီးပွဲတော်များကို အခြားနေရာများတွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကျင်းပပြုလုပ်ကြသည်။

အားခါတို့၏ ချောလ(ဩဂုတ်လ)သို့ရောက်ပါက ဒန်းစီးပွဲတော်ကို မည်သည့်နေ့တွင် ကျင်းပမည်ဟု နတ်ဆရာက ကြေညာပေးရသည်။

ထိုအခါ ရပ်ရွာမှာနေကြသူများက ကြက်မတစ်ကောင်စီသတ်ပြီး ရှေးကမိဘဘိုးဘွားများအား ကန်တော့ကြရသည်။ နောက်တစ်နေ့၌ ဒန်းဆင်ရန်သတ်မှတ်ထားသော နေရာ၌. . နတ်ဆရာက သက်ဆိုင်ရာများအား တိုင်တည်ရွတ်ဆိုပြီး ဝက်ခွ တိုင်စိုက်ခြင်း၊ ဒန်းကြိုးဆင်ခြင်းများ ပြုလုပ်လေသည်။





ဒန်းဆင်နေစဉ်မှာပင် နတ်ဆရာက. . .

ဆန်ရေစပါးပေါများစေရေး၊ လူနှင့်တိရိစ္ဆာန်တို့ ရောဂါ ယကင်းဝေးရေး၊ ကျန်းမာရေးကောင်းမွန်စေရေးနှင့် အနှောင့် ယှက်၊ အဖျက်အဆီးများ ကင်းဝေးစေရေး ဆုတောင်းစကား း ရွတ်ဆိုပေးရသည်။

အချို့နေရာများတွင် ဒန်းစီးပွဲတော် စတင်တော့မည် လျှင် ဒန်းကြိုး၏ ကွင်းထဲသို့ ခြေတစ်ဖက်နင်းပြီး. . .

“စပါးနှံများသီးပါပြီ မြင်းမြီးတမျှကြီးပါသည်”

အစချီပြီး ရပ်ရွာအတွက် သီးနှံတိုးပွားစေရန် မင်္ဂလာ ချင်းများကို သီဆိုသည်။ ထိုကဲ့သို့ဆိုသော သီချင်းစာသား းမှာ နေရာအလိုက် ကွဲပြားမှုတော့ရှိသည်။

သီးချင်းဆိုပြီးသောအခါ ခြေတစ်ဖက်ကို ပြန်နုတ်ပြီး းစီးသူထိုင်ရန် ဝါးလုံးကို ကြိုးကွင်းထဲသို့ ထည့်ပေးလေသည်။ နောက် ဒန်းလွှဲမည့်သူများ လက်ထဲသို့ ထည့်ပေးလိုက်တော့ ည်။

ထိုသည်ကပင် ရပ်ရွာဓလေ့အတိုင်း ဒန်းစီးပွဲတော် ဖွင့် င်လိုက်ခြင်းပင်ဖြစ်သည်။

“ယခုအချိန်ကစပြီး အခမ်းအနားကြီး စတင်ဖွင့်လှစ်ပြီ ကြောင်း ကြေညာအပ်ပါသည်ခင်ဗျား”

ဟု အများကြားအောင် အသံခဲ့စက်ဖြင့် အော်ပြောရန် ပါချေ။

ဒန်းစီးပွဲတော်စပြီဆိုလျှင်တော့ အချို့နေရာများမှာအ



www.burmeseclassic.com

www.burmeseclassic.com

လှည့်ကျစောင့်ပြီး စီးကြသည်။ အချို့နေရာများမှာတော့ သူထက် ငါ အရင်ဦးအောင်အလုအယက် ဒန်းပေါ်တက်ကြသည်။ လူပျို တစ်ယောက် ဒန်းပေါ်ရောက်သွားလျှင် အပျိုများက ဒန်းကို ဝိုင်းလွှဲပေးကြသည်။

အပျိုတစ်ယောက် ဒန်းပေါ်ရောက်သွားလျှင် လူပျိုများ ကဝိုင်းပြီး ဒန်းလွှဲပေးကြသည်။ ဒန်းစီးနေသူက သီချင်းဆိုနေ သလို ဒန်းလွှဲသူများကလည်း သီချင်းဆိုကြသည်။

ထိုဒန်းစီးခြင်းက ရှေ့ပိုင်းမှာကဲ့သို့ သတ္တိရှိသူရွေးချယ် သော ဒန်းစီးခြင်းမျိုးမဟုတ်ပဲ လူပျိုအပျိုတို့ ဖူးစာဖက်ရွေးချယ် သော ဒန်းစီးပွဲတော်မျိုးသာ ဖြစ်တော့သည်။

"ဒန်းလွှဲပေးတဲ့ ခင်အလှနှင့် ပေါင်းဖက်ခွင့်ရလျှင်. . . တောင်ကြီးတစ်ခြမ်းလုံးကိုပင် စပါးစိုက်ခင်းကြီးဖြစ်အောင် လုပ် ပေးနိုင်ပါရဲ့"

ထိုသို့ယောကျ်ားလေးများက သီချင်းဆိုလျှင် မိန်းက လေးများကလည်း အားကျမခံ သီချင်းပြန်ဆိုကြသည်။

"တောင်တစ်ခြမ်းလုံးကို တောင်ယာခုတ်နိုင်ရုံတော့ ကျွန်မကိုရမည်မထင်ပါနဲ့၊ တောင်တစ်ခုလုံးပြောင်အောင် ခုတ် နိုင်တယ်ဆိုရင်တောင် ကြွားပြောတာလားလို့ စဉ်းစားရပါဦးမယ်"

ထိုသို့ အချီအချ သီချင်းများဆိုရင်း ဒန်းကိုဖြည်းဖြည်း ချင်းလွှဲကာ ပျော်ကြလေသည်။ ထိုကဲ့သို့သော ဒန်းစီးပွဲတော်မျိုး ကတော့ သတ္တိစမ်းသော ဒန်းစီးပွဲတော်မျိုးမဟုန်ပဲ အပျိုလူပျိုတို့ ၏ ပျော်ပွဲမျိုးဖြစ်လေသည်။





ထို့ကြောင့် သတ္တိစမ်းသော ဒန်းစီးပွဲတော်မျိုးကို မသွား ကြပဲ ထိုကဲ့သို့ ပျော်စရာကောင်းသော ဒန်းစီးပွဲတော်မျိုးမှ သွား ကြသူများလည်းရှိသည်။

တစ်ရွာနှင့်တစ်ရွာ ဒန်းစီးပွဲတော်ကျင်းပသော ရည်ရွယ် ချက်ချင်း မတူကြသလို ကျင်းပသောနေ့ရက်လည်း မတူကြပေ။

ဒေသခံများကတော့ ဘယ်နေ့ဘယ်ရက်မှာ ဘယ်ရွာ တွင် ဒန်းစီးပွဲတော်ရှိသည်ကို စနည်းနာပြီးမှ ၄င်းတို့နှစ်သက် သော နေရာသို့သွားကြသည်။

တကယ်တော့ ထိုဒန်းစီးပွဲတော်မျိုးမှာ တစ်ရွာနှင့်တစ် ရွာမှ အပျိုလူပျိုများ တွေ့ဆုံကြပြီး ချစ်သူရှာသော သို့မဟုတ် ဖူးစာဖက်ရှာသောပွဲ ဆိုလျှင်လည်းမမှားပါချေ။

ဟိုမိုင်းရွာ၌ ကျင်းပသော ဒန်းစီးပွဲတော်ကတော့ ယော ကျ်ားလေးများကို သတ္တိစမ်းကာ သူရဲကောင်းရွေးချယ်သော ပွဲမျိုးဖြစ်သည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက် တောင် ထိပ်ပေါ်ရောက်သွားသောအခါ တောင်ထိပ်ပေါ်မှာ အခြားရွာမှ လာကြသော လူအတော်များများ ရောက်နေကြလေပြီ၊ အခြား ရွာမှလာကြသော မျက်နှာစိမ်းများလည်း တွေ့ရသည်။

ဘိန်းကုန်ကူးသောအဖွဲ့များထဲမှ အလုပ်လုပ်နေကြ သော လူငယ်လူရွယ်များလည်း လာသည်။ အခြားရွာများမှ အပျို လူပျိုများလည်း လာကြသည်။

ဒန်းစီးပွဲကျင်းပမည့်နေရာနှင့် မနီးမဝေးနေရာရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ပုလွယ်ရွာမှ မြဝင်းသူကို တွေ့ရသည်။ သူမသည် အခြား အဖော်များနှင့် လာခြင်းဖြစ်သည်။ ထုံးစံအတိုင်း လေးနှင့်မြားဘူး ကတော့ ပါလာလေသည်။

အဝတ်အစားကိုလည်း အခြားမိန်းမပျိုများကဲ့သို့ လှလှ ပပဝတ်ဆင်ထားခြင်းမရှိပဲ သာမန်အဝတ်အစားများနှင့်ပင် ဖြစ် သည်။

"နင်ဘာလာလုပ်တာလဲ"

"ဒန်းစီးပွဲတော်လာတာလေ ငါကဒီရွာကပဲ"

"သိပါတယ် ဒါထက် နင်ကသူများတွေလို ဒန်းစီးဝံ့ လား"

"စီးဝံ့လို့လာတာပေါ့"

"တော်ကြာ ပြုတ်ကျပြီး သေသွားတော့ ဘယ့်နှယ်လု မလဲ"

"နင်က ငါ့ကိုအထင်သေးလို့မေးတာလား"

"အထင်တော့မသေးပါဘူး၊ ဒါပေမယ့် နင်ကြည့်ရတာ သတ္တိတော့ရှိပုံမရဘူး"

"ဘာဖြစ်လို့လဲ"

"ကြောက်လို့ ဘိန်းတောင်စိုက်ဝံ့တာမှမဟုတ်တာ"

"နင်က ဘိန်းစိုက်တဲ့သူမှ အထင်ကြီးတာလား"

"ဒီလိုတော့မဟုတ်ပါဘူး၊ နင် ဒန်းစီးမယ် ဆိုတော့လည်း ကြည့်ရဦးမှာပေါ့"

မြဝင်းသူက သူ့ကိုတမင် မခံချင်အောင် ပြောနေ





သိသဖြင့် ပြန်မေးလိုက်သည်။

"ငါဒန်းစီးပြီး ဒန်းပေါ်ကပြန်ဆင်းလာရင် နင်ကိုယ်တိုင် သက်တွဲပြီး ကြိုမလား"

ဟုပြောလိုက်သောအခါ ဖြူဖွေးသော ပါးပြင်နှစ်ဖက်မှာ နီးနုရောင်သမ်းသွားလေသည်။

"ကြည့်ကြသေးတာပေါ့"

ထိုသို့ပြောနေစဉ်မှာ သူတို့အနီးသို့ လူသုံးယောက် ရောက်လာသည်။ ခေါင်းဆောင်လုပ်သူက ဒီပဆိုသူဖြစ်ပြီး အ သက် (၂၅)နှစ်အရွယ်ခန့်ရှိသည်။

သူသည် ပုလွယ်ရွာသားတစ်ဦးဖြစ်ပြီး ဘိန်းစိုက်ခြင်း အပြင် နယ်ခြားဘက်သို့ ဘိန်းအရောင်းအဝယ် ကုန်ကူးနေသူ လည်းဖြစ်သည်။

တရုတ်ဖြူကုန်သည်များနှင့် အဆက်အသွယ်ရှိသူဖြစ် သဖြင့် သေနတ်ကိုင်နိုင်သူဖြစ်သည်။

သူသည် လက်နက်အားကိုးဖြင့် အရာရာကို အနိုင်ကျင့် နေသူဖြစ်သည်။ ထို့ထက် ဒီပသည် ငယ်ရွယ်စဉ်ကတည်းက ဘုန်းတော်ကြီးများထံမှ ရှောင်လင်ပညာနှင့် စိတ်စွမ်းအား အ ထူးခြားသော ပညာများကို အတန်အသင့် သင်ကြားထားသူဖြစ် သည်။

ထို့ကြောင့် လူတစ်ယောက်ကို စိတ်ညှို့ပြီး အမိန့်ပေး နိုင်အောင် စွမ်းအားရှိသူဖြစ်သည်။

သို့ကြောင့် ဒီပကို လူအတော်များများက ကြောက်ရွံ့



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

ဒီပမှာ အရပ်မြင့်မြင့်နှင့် ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သူဖြစ်သည်။ နှုတ်ခမ်းမွေးရှိပြီး ဆံပင်ရှည်တို့ကလည်း ကုပ်အထိ ဝဲကျနေသည်။ သူသည် စိတ်စွမ်းအားကောင်းသူမို့ မျက်လုံးအကြည့်များက စူးရှပြီး ကြောက်စရာကောင်းလေသည်။

သူက အနီးသို့ရောက်လာသောအခါ... နီမောင်နှင့် မြဝင်းသူတို့ကို အကဲခတ်ကြည့်ရင်း မေးလိုက်လေသည်။

"မင်းကဘယ်သူလဲ"

"ငါနာမည် နီမောင်"

"မင်းက သူနဲ့ခင်နေတာလား"

"ဟုတ်တယ်"

ထိုစကားကြားသောအခါ ဒီပက မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။

"မြဝင်းသူလို မိန်းကလေးတစ်ယောက်နဲ့ ခင်မင်တယ်ဆိုတော့ ထူးဆန်းနေသလိုပဲ၊ မြဝင်းသူက ငါတို့တောင် အဖက်လုပ်ချင်တာမဟုတ်ဘူး"

မြဝင်းသူက မျက်စောင်းတစ်ချက် ထိုးလိုက်သည်၊

"ဒါထက် မင်း ဒန်းစီးဦးမှာမဟုတ်လား"

ဒီပက အကြံအစီရှိဟန်ဖြင့် မေးလိုက်ခြင်းဖြစ်သည်၊

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းတာပေါ့ကွာ မင်းဒန်းစီးရင် ငါတို့က ဒန်းလွှဲပေးဖို့စောင့်နေရတာပေါ့"





ဟု ပြောပြီး ထွက်သွားကြလေသည်။

"သူကဘယ်သူလဲ"

"သူ့နာမည်က ဒီပလို့ခေါ်တယ် သူကငါတို့ရွာကပဲ"

"သူ့ကြည့်ရတာ နင်နဲ့ငါနဲ့ စကားပြောနေတာကို သဘောကျပုံမရဘူး"

"မကျလည်း မတတ်နိုင်ဘူး၊ သူနဲ့ငါနဲ့က ဘာမှမပတ်သက်ဘူး"

ထိုသို့ပြောပြီး မြဝင်းသူက ထိုနေရာမှ ထွက်သွားရန် ဟန်ပြင်လိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ပြန်လှည့်ပြောသည်။

"နင်ဒန်းစီးလို့ သူတို့ဒန်းဝင်လွှဲရင် သတိထားနော်"

နီမောင် ခေါင်းညိတ်ပြလိုက်တော့မှ ထိုနေရာမှ လှည့်ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၈]

## ချောင်းကမ်းပါးပေါ်မှ အသက်လုပွဲ

တောင်ထိပ်မှာစိုက်ထူထားသော တံခွန်တိုင်ထိပ်ပေါ်တွင် တပ်ဆင်ထားသော တံခွန်လုံးများက လေတိုက်သောအခါ လွင့်နေကြသည်။

ဘုရားကျောင်းဆောင်တစ်ဝိုက်မှာလည်း လူအများ ရှိနေကြသည်။ ဒန်းစီးပွဲပြုလုပ်မည့်နေရာမှာ ရွာ၏အနောက် တောင်ထောင့် ကိုက်(၁၀၀)ခန့်ဝေးသော နေရာ၌ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာ၌ မြင့်မားသော ချောက်ကမ်းပါးထိပ်ရှိသည်။ အောက်တွင် အသူတစ်ရာနက်ရှိုင်းသော ချောက်ကြီးရှိသည်။

ချောက်ကမ်းပါးထိပ်တွင် ပေ(၃၀)ခန့်မြင့်သော ဝက်ခွတိုင်လေးတိုင် စိုက်ထားပြီး အလယ်တွင် ဒန်းကြိုးဆင်ထားသည်။

ထိုအနီးနားတစ်ဝိုက်မှာလည်း ဒန်းစီးမည့်သူ၊ ဒန်းလွှဲမည့်အပျိုလူပျိုတို့ အများအပြား ရှိနေကြသည်။ ထိုဒန်းပွဲမှာ. . အလှလွှဲသော ဒန်းပွဲမဟုတ်ပဲ သက်စွန့်ဆံဖျား စီးရမည့် ဒန်းပွဲဖြစ်သောကြောင့် တော်ရုံသတ္တိနည်းသူများ မလာဝံ့ကြပေ။

သို့ကြောင့် အလှစီးသော ဒန်းစီးပွဲလောက်တော့ လူမများလှပေ။

အချို့က ဒန်းစီးဖို့မဟုတ်ပဲ. . အခြားသူများ စွန့်စွန့်စားစား ဒန်းစီးကြသည်ကို လာရောက်ကြည့်ရှုကြခြင်းဖြစ်သည်။

နီမောင်တို့သုံးယောက် ထိုနေရာသို့ ရောက်သွားတော့ ဒီပတို့အဖွဲ့အပြင် မြဝင်းသူကိုပါ တွေ့ရလေသည်။

ဒန်းစီးပွဲစတော့ နတ်ဆရာ ဇာလာဟီးက ခေလ့ထုံးစံအရ နတ်များကို တိုင်တည်ဆုတောင်းလေသည်။ ပြီးမှ ဒန်းစီးပွဲ ဖွင့်ပေးရန် ရွာလူကြီး ဦးထန်ဖုန်းရှိန်လက်သို့ ဒန်းကြိုးလွှဲပေးသည်။

ရွာလူကြီးက ပထမဆုံး ဒန်းစီးမည့်သူကိုခေါ်ပြီး ဒန်းပေါ်တင်ပေးလိုက်သည်။

ပထမဆုံး ဒန်းပေါ်တက်လာသူကတော့ အခြားသူ မဟုတ်ပေ၊ ဒီပပင်ဖြစ်သည်။





ဒီပကို ထိုနယ်တစ်ဝိုက်မှ သိနေကြပြီး ကြောက်ရွံ့ကြသဖြင့် သူနှင့်လုပြီး ဘယ်သူကမှ ဒန်းပေါ်မတက်ကြပေ။ ထို့ကြောင့် အေးအေးဆေးဆေး ဒန်းပေါ်သို့ တက်လာနိုင်ခြင်းဖြစ်သည်။

ဒီပမှာ အရွယ်ကလည်းကောင်း၊ ရုပ်ရည်ကလည်း ခန့်ညားသူမို့ သူဒန်းပေါ်တက်သည်နှင့် အပျိုများက သူ့ထက်ငါဦးအောင် ဒန်းလွှဲပေးကြသည်။

အတန်ကြာသောအခါမှ အခြားရွာမှ ကာလသားများက ဝင်လွှဲပေးကြသည်။

"မင်းတို့ဒန်းလွှဲနေတာကလည်းကွာ ကလေးပုခက်လွှဲသလိုဖြစ်နေပြီ၊ ဒန်းစီးရတဲ့သူတောင် အိပ်ငိုက်လာပြီ ငါတပည့်တွေ ဝင်လွှဲကြစမ်းကွာ"

ဟုပြောသဖြင့် အခြားသူများက ဖယ်ပေးပြီး သူနှင့်ပါလာသော တပည့်များက တစ်ယောက်တစ်လှည့်စီ လွှဲပေးကြသည်။

သူတို့ကတော့ ဒန်းကြိုးကို ဇောက်ထိုးဖြစ်သွားသည်အထိ မြောက်တက်သွားအောင်လွှဲပေးကြသည်။

သို့သော်လည်း ဒီပက အပြုံးမပျက်ပေ။

ထိုသို့ လွှဲနေရင်းမှပင် ဒန်းပေါ်မှာ မတ်တတ်ရပ်စီးပြသည်။ ဒန်းကြိုးကို ခြေထောက်နှင့်လိမ်ချိတ်ပြီး လက်နှစ်ဖက်လွှတ်ကာ စီးပြသည်။

ကြည့်ရသူများက အသည်းတအေးအေးနှင့် ဖြစ်နေကြ


www.burmeseclassic.com

www.burmeseclassic.com

သည်။ မိန်းမပျိုများကတော့ သဘောကျကြသဖြင့် အသံကုန် ဟစ်အော်ကာ အားပေးနေကြလေသည်။

ဒီပဒန်းစီးနေတာကြည့်ပြီး ငမဲအောင်က တိုးတိုးကပ် ပြောလေသည်။

"ဒီပဆိုတဲ့လူက အတော်ကို ဒန်းစီးကျွမ်းကျင်တာပဲ"

"ဒီအရပ်မှာမွေး၊ ဒီအရပ်မှာကြီးပြင်းတာဆိုတော့လည်း ဒီလောက်တော့ ကျွမ်းကျင်မှာပေါ့"

"သူ့ကြည့်ရတာ ကျွမ်းဘားပြနေသလိုပဲ၊ ဒါထက် မင်း ဒန်းစီးဦးမှာလား နီမောင်"

နီမောင်က ခေါင်းညိတ်ပြသည်။

"ဖြစ်ပါ့မလား"

"ဘာကြောင့်မဖြစ်ရမှာလဲ"

"မင်း ဒန်းပေါ်ရောက်တော့မှ ဟိုလူတွေ ရောက်လာပြီး အခုလိုလာလွှဲပေးရင် မခက်ပေဘူးလား"

"သတိထားရမှာပေါ့. . . မစီးပဲပြန်လို့တော့ မဖြစ်ဘူး မြဝင်းသူကိုပြောထားပြီးပြီ၊ တော်ကြာ. . အထင်သေးသွားလိမ့် မယ်"

ထိုအခါ နှစ်ယောက်စလုံး သက်ပြင်းချလိုက်ကြသည်။

"မင်းကသူအထင်ကြီးတာ ခံချင်လို့လား"

"ဒီသဘောမျိုးတော့ မဟုတ်ပါဘူး. . ၊ ယောကျ်ားတစ် ယောက်ရဲ့ဂုဏ်သိက္ခာဆိုတာ. . အသက်ထက်ပိုပြီး အရေးကြီး တယ်"





ထိုအခါ နှစ်ယောက်စလုံး ဘာမှထပ်မပြောတော့ပဲ သတိထားပြီးစီးရန်သာ အတန်တန်မှာကြလေသည်။

အတန်ကြာတော့ ဒီပ ဒန်းပေါ်မှဆင်းလာပြီး သူတို့ရှိရာ သို့ လျှောက်လာကြလေသည်။

"ဒန်းစီးတယ်ဆိုတာ ဒီအတိုင်း ထိုင်စီးနေရင် ပုခက်ထဲ မှာ အိပ်ရသလိုပဲ၊ ငါလို စီးနိုင်မှ ဒန်းစီးတဲ့အရသာကိုရမှာ. . မင်းရောစီးဦးမှာလား"

နီမောင်က ခေါင်းညိတ်ပြလိုက်ပြီး ဒန်းကြိုးရှိရာသို့ လျှောက်သွားသည်။

ဒန်းကြိုးနားမှာတော့ ဒီပ၏လူသုံးယောက် ရှိနေကြ သည်။ သူတို့မျက်နှာများမှာ ကောက်ကျစ်သော အမူအယာများ ရှိနေကြသည်။

နီမောင်လာတာမြင်တော့ ဒန်းစီးရန်ပြင်နေကြသော အခြားသူများက ဖယ်ပေးကြသည်။

နီမောင်က ဒန်းပေါ်မတက်ခင် ပတ်ဝန်းကျင်ကို တစ် ချက်ကြည့်လိုက်တော့ ချောက်ကမ်းပါးစွန်းနားမှ ရပ်နေသော မြဝင်းသူကို မြင်ရလေသည်။

ထို့နောက် စိတ်ထဲမှ ရတနာသုံးပါးကို ကန်တော့ခြင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်များတို့ကို တိုင်တည်ပြီးမှ ဒန်းပေါ် သို့တက်သည်။

သူသည် ရှမ်းဘောင်းဘီနှင့် ကိုယ်ကပ်အကျီကို ဝတ် ထားပြီး ဆံပင်ရှည်များကို နဖူးမှာ သားရေပြားဖြင့် သိုင်းချည်



www.burmeseclassic.com

www.burmeseclassic.com

ထားသည်။

ခါးမှာအခြားလက်နက်မပါပဲ ထိပ်မှာခဲလုံးတပ်ထားသည့် ကြိုးခွေးတစ်ချောင်းသာပါသည်။

အရေးအကြောင်းရှိပါက အသုံးပြုနိုင်ရန် ဖြစ်သည်။ ဒန်းပေါ်ရောက်စကတော့ ဖြေးဖြေးမှန်မှန်လွှဲပေးသည်။ နောက်တော့ တဖြည်းဖြည်း မြန်လာသည်။ ပိုကြမ်းလာသည်။ ချောက်ရှိရာဘက်သို့ ထောင်ထက်သွားသည်။ နံဘေးသို့ ယိုင်ထွက်သွားအောင် လွှဲသည်။

ပြန်အကျတွင် ဝက်ခွတိုင်နှင့် တိုက်မိပြီး စင်ထွက်သွားရန်လွှဲသည်။

ထိုသို့လွှဲနေခြင်းမှာ သာမန်မဟုတ်တော့ပဲ ဒန်းပေါ်မှ လူမကျကျအောင် လွှဲနေခြင်းဖြစ်မှန်းကို သိသာလေသည်။ နံဘေးမှ ရပ်ကြည့်နေသူများမှာ အသက်ရှူရန်ပင် မေ့နေပြီး ဒန်းလွှဲရာကိုသာ လိုက်ကြည့်နေကြသည်။ နီမောင်က ဒန်းပေါ်မှ သတိဖြင့်စီးနေရင်း နားထဲမှ အော်သံအချို့ကြားလာသည်။

"သတိထား ဒန်းပေါ်ကလွင့်ကျသွားလိမ့်မယ်"

ထိုအသံက အမျိုးသမီးတစ်ယောက်အသံဖြစ်သည်။ ထိုကဲ့သို့သောအခြေအနေမျိုးကို နတ်ဆရာနှင့် ရွာလူကြီးတို့ကလည်း ဒန်းကိုရပ်ပေး၍ မရပေ။ ဒန်းစီးနေသူက မတတ်နိုင်တော့သည့်အဆုံး 'ရပ်ပါတော့'ဟု အော်ပြောမှ လွှဲနေသောဒန်းကို ရပ်ပေးရသည်။

တစ်ကြိမ်မှာတော ဒန်းကြီးကိုလိမ်ပြီး လွှဲလိုက်ရာ အ





ပေါ်သို့ မြောက်တက်သွားပြီး. . လူကလက်လွတ်သွားသည်။ နီမောင်က အပေါ်မြောက်တက်သွားစဉ် ဒန်းက လွှဲပေးသူများရှိရာ ပြန်ရောက်သွားသည်။

သူတို့က ပြန်မလွှဲပေးပဲ ကိုင်ထားသည်။

ထိုအခါ မြဝင်းသူကပြေးလာပြီး ဒန်းကြိုးကိုင်ထားသူများကို တွန်းဖယ်လိုက်ကာ ဒန်းကြိုးကို အားဖြင့်ပြန်တွန်းပေးလိုက်သည်။

နီမောင်ကလည်း သတိရှိသည်။ ဒန်းမှ လက်ပြုတ်သွားသည်နှင့် ခါးမှာပါလာသော ကြိုးခွေကို ဖြုတ်ယူသည်။

သူပြန်ကျလာသောအချိန်မှာ မြဝင်းသူပြန်လွှဲပေးလိုက်သည့်ဒန်းက မနီးမဝေးပြန်ရောက်လာသည်။ ထိုအခါ ခဲသီးတပ်ထားသောကြိုးဖြင့် လှမ်းပစ်လိုက်ရာ ပတ်မိသွားသည်။

ထိုအရှိန်နှင့်ပင်. . ချောက်ကမ်းပါးပေါ်သို့ ပြန်ရောက်အောင် ပြန်လွှဲတက်သွားလေသည်။

"ဟေ. . ."

သူပြန်ရောက်သွားသောအခါ ပရိတ်သတ်များ၏ အော်သံများ ပေါ်ထွက်လာလေတော့သည်။

နီမောင်က အေးအေးဆေးဆေးအမူအယာနှင့်ပင် ကြာပွတ်ကြိုးခွေကို ပြန်သိမ်းပြီး ခါးမှာပြန်ချိတ်လိုက်သည်။

ထိုအခါမှာပင် ဒီပ အနားရောက်လာသည်။

"မင်းက ငါထင်ထားတာထက်တောင် ပိုတော်နေသေးပါလား၊ ဒါကြောင့်လည်း မြဝင်းသူက မင်းကို အထင်ကြီးနေတာ


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မယ်"

နီမောင်ကဘာမှ ပြန်မပြောပေ။

"မင်းက ငါ့ရဲ့ ပြိုင်ဘက်တစ်ယောက် ဖြစ်လာနိုင်တယ်"

"သန့်ရှင်းတဲ့ ယှဉ်ပြိုင်ဘက်ဆိုရင်တော့ ပိုကောင်းတာ ပေါ့ကွာ"

ထိုစကားကြောင့် ဒီပမျက်နှာ တစ်ချက်ပျက်သွားသည်။

"သန့်သန့်ရှင်းရှင်းနဲ့ပဲ ယှဉ်ပြိုင်မှာပါကွာ၊ နောက်လမှာ ငါတို့ရွာမှာ ကောက်သစ်စားပွဲတော်ရှိတယ် အဲ့ဒီအခါ စိတ်ဝင်စားစရာကောင်းတဲ့ပြိုင်ပွဲတွေ အများကြီးရှိတယ် မင်းလာခဲ့ပါ လား"

"ဘယ်လို ပြိုင်ပွဲတွေလဲ"

"သတ္တိရှိတဲ့သူချင်းတွေ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲတွေပေါ့ကွာ၊ မင်းရောက်လာရင် စိတ်ဝင်စားမှာပါ၊ ငါတို့နေတာ ပူလွယ်ရွာ မှာပါ၊ အဲ့ဒီရွာမှာ မြဝင်းသူလည်းရှိတယ်၊ မင်း သူ့ရှေ့မှာ အစွမ်း အစပြချင်ရင်တော့ လာခဲ့ပေါ့ကွာ၊ ငါကမင်းကို တစ်ခါတည်း ဖိတ်ခဲ့ပါတယ်"

ဟုပြောဆိုကာ ဒီပက သူ့လူများကိုခေါ်ပြီး ထိုနေရာမှ ပြန်ထွက်သွားကြလေသည်။

ထိုအခါမှ စောထီးနှင့် ငမဲအောင်တို့ ရောက်လာပြီး စိတ်ပူစွာ ပြောကြသည်။

"ငါတို့ထင်တဲ့အတိုင်းပဲ မင်းကိုဟိုလူတွေက တမင် ယုတ်မာကြတာကွ"





"ဟုတ်တယ်နီမောင် မင်းကိုဒန်းပေါ်က ပြုတ်ကျအောင် တမင်လုပ်ကြတာ၊ ငါတို့ကလည်း ဘာမှဝင်မပြောသာတော့ ဒီ အတိုင်းကြည့်နေရတာ"

"မင်း ဒန်းပေါ်က လွင့်ထွက်သွားတော့ ငါတို့အတော် ကို စိုးရိမ်သွားတာ၊ အဲ့ဒီအချိန်မှာ သူတို့က ဒန်းကြိုးကို ပြန်လွှတ် ပေးပဲ ဆွဲထားကြတာ မြဝင်းသူ ဝင်လာပြီး အတင်းပြန်တွန်း ပေးလိုက်လို့ ဒန်းကမင်းဆီပြန်ရောက်လာတာ. . မဟုတ်ရင် ဒီအချိန်လောက်ဆိုရင် မင်းချောက်ထဲမှာ အရိုးတခြား အသား တခြားဖြစ်နေလောက်ပြီ"

"ဟုတ်တယ် နီမောင်ရဲ့ မင်းသူ့ကိုတော့ ထပ်ပြီးကျေးဇူး တင်ရမှာပဲဟေ့"

ဟုပြောနေကြစဉ် သူတို့နှင့် မနီးမဝေးမှ ဖြတ်လျှောက် သွားသော မြဝင်းသူကို ရိပ်ခနဲ လှမ်းမြင်လိုက်ရသဖြင့် နီမောင်က နောက်မှခပ်သုတ်သုတ် လိုက်သွားသည်။ တောစပ်ရောက်တော့ မျက်ခြည်ပြတ်သွားလေသည်။

နီမောင်က ဟိုဟိုဒီဒီ လိုက်ကြည့်တော့လည်း မတွေ့ရ ပေ။ မြဝင်းသူတစ်ယောက် သူမရွာသို့ ပြန်သွားလေပြီလား ဟု ထင်လိုက်မိသည်။

ပြန်သည်ဆိုဦးတော့ ယခုလောက် မြန်မြန်ပျောက်သွား သည်ကတော့ ထူးဆန်းနေသလိုရှိသည်။ တကယ်တော့ မြဝင်း သူက ရွာသို့ ပြန်သွားခြင်းမဟုတ်ပေ။

ရွာမှထွက်လာစဉ်က လေးနှင့်မြားပါလာသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာမှ ဝှက်ထားခဲ့သည်။ ပြန်ကာနီးမှ သွားယူခြင်းဖြစ်သည်။

သစ်ပင်ကြားမှာ သစ်ရွက်ခြောက်များနှင့် ဖုံးထားသော လေးနှင့်မြားဘူးကိုယူပြီး ပြန်ထလိုက်သောအခါ သူနှင့်မနီးမဝေးသို့ လူတစ်ယောက်ရောက်လာသဖြင့် အနည်းငယ်ထိတ်လန့်သွားသည်။

နီမောင်မှန်းသိတော့မှ စိတ်သက်သာရာရသွားသည်။

"နင်ဘာလာလုပ်တာလဲ"

လေးကို တမင်တင်းထားပြီး မေးလိုက်သည်။

"ဒန်းစီးပွဲမှာ သတ္တိစမ်းလို့ အောင်မြင်လာတဲ့ လူပျိုတစ်ယောက်က တောထဲမှာတွေ့တဲ့မိန်းမပျိုကို ပခုံးဖက်ပြီး စကားပြောခွင့်ရှိတယ် မဟုတ်လား"

"လာဖက်ကြည့်ပါလား"

"ငါက တကယ်လည်း မဖက်ပါဘူး၊ အရပ်ဓလေ့ ထုံးစံရှိတာကို ပြောတာပါ"

"နင် ဘာဖြစ်လို့ ငါ့နောက်လိုက်လာတာလဲ"

"ကျေးဇူးတင်စကားပြောချင်လို့ လိုက်လာတာပါ၊ နင်ရွာပြန်တော့မလို့လား"

"ဟုတ်တယ်"

"တစ်ယောက်တည်းဆိုရင် ငါလိုက်ပို့ပေးမယ်လေ"

"အလာတုန်းကလည်း တစ်ယောက်တည်း လာခဲ့တာပဲ ငါ့အတွက်က အဖော်မလိုပါဘူး"





"ငါက စေတနာနဲ့ ပြောတာပါ ဒီ့အတွက်တော့ အထင်မလွဲပါနဲ့"

ဟု ပြောပြီး နီမောင်က နောက်ကြောင်း ပြန်လှည့်ရန် ပြင်လိုက်တော့မှ လှမ်းပြောပြန်သည်။

"နေ. . နေဦး. . နင့်ကို ငါမေးစရာရှိသေးတယ်"

"မေးလေ"

"ဟို. . ဒီပတို့ ပြန်ခါနီးတော့ နင့်ကို ဘာတွေပြောသွားတာလဲ"

"နောက်လထဲမှာ သူတို့ရွာမှာ ကောက်သစ်စားပွဲတော်ရှိတယ်တဲ့၊ အဲ့ဒီမှာ ပြိုင်ပွဲတွေလည်းရှိလို့ ငါ့ကိုလာခဲ့ဖို့ ခေါ်ကြတာပါ"

"ထပ်ပြီးတော့ ဒုက္ခပေးချင်ကြပြန်ပြီ"

"ပူလွယ်ရွာဆိုတာ နင်နေတဲ့ရွာမဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုပြိုင်ပွဲမျိုးတွေလဲ ဒန်းစီးပွဲမျိုးပါတာလား"

"ပွဲတွေကတော့ အစုံပဲ၊ ဒန်းစီးပွဲထက် ပိုကြောက်စရာကောင်းတာတွေပါတယ်"

"ဘယ်လိုမျိုးတွေလဲ"

"ကိုယ်ကြိုက်တဲ့ လက်နက်ကိုင်ပြီး. . သူသေကိုယ်သေ တိုက်ခိုက်တာတွေပါတယ်"

"နိုင်တဲ့လူက ဘာရသလဲ"

"ရွာလူကြီးဆီမှာ ကြိုက်တာတောင်းယူနိုင်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားစရာပဲ"

"ဒါပေမယ့် အဲ့ဒီပြိုင်ပွဲမျိုးကိုတော့ နင်လာပြီး မပြိုင်သင့်ဘူး"

"ဘာကြောင့်လဲဟင်"

မြဝင်းသူက သက်ပြင်းတစ်ချက်ချလိုက်ပြီးမှ ဆက်ပြောပြသည်။

"အဲ့ဒီလိုပြိုင်ပွဲတွေမှာ ဒီပကိုနိုင်အောင် ယှဉ်ပြိုင်နိုင်တဲ့သူ မရှိသေးဘူး၊ သူက အတိုက်အခိုက် အသတ်အပုတ်လည်း ကျွမ်းကျင်တယ်၊ နောက်ပြီး သူက လူတစ်ယောက်ကို စိတ်ညို့နိုင်တယ်၊ သူနဲ့ယှဉ်ပြိုင်တဲ့သူတိုင်း အဲ့ဒီနည်းနဲ့ပဲ အနိုင်ယူလေ့ရှိတယ်"

"ဒါမတရားလုပ်တာပဲ ဒီနည်းနဲ့ အနိုင်ယူတာကို ရွာလူကြီးက ဘာမှမပြောကြဘူးလား"

သူလုပ်နေတာကို ဘယ်သူကမှမသိတော့ ဘယ်လိုမှ အရေးယူလို့မရဘူး။

ထိုစကားကြားတော့ နီမောင်က အံတစ်ချက်ကြိတ်ထားလိုက်သည်။

"ဒါကြောင့် နင့်ကိုမလာစေချင်ဘူးလို့ ပြောတာ"

"ဒါပေမယ့် အဲ့ဒီရက်ကျရင် ငါရောက်အောင် လာခဲ့ပါ့မယ်"

မြဝင်းသူမှာ မျက်လုံးကလေး အဝိုင်းသားဖြစ်သွားသည်အထိ အံ့သြသွားဟန်ရှိသည်။





"ဒီလို မတရားတဲ့နည်းနဲ့ လူတွေကို အနိုင်ယူပြီး ဒုက္ခပေးနေတဲ့သူမျိုးဆိုတာ ဒီအတိုင်းမထားရဘူး၊ သူ့ကိုထားရင် လူတွေကိုဆက်ပြီး ဒုက္ခပေးနေမှာပေါ့၊ ငါသူနဲ့လာပြီး ယှဉ်ပြိုင်တိုက်ခိုက်မှာပါ"

"ဟို. . ဟို. . သူက စိတ်ညို့ပညာသုံးတော့ ဘယ်လိုလုပ်မလဲဟင်"

"သူ့ရဲ့စက်ကွင်းထဲ မဝင်မိအောင် ကြိုးစားမှာပေါ့"

"နင်က တိုက်ရည်ခိုက်ရည်ရော ကျွမ်းကျင်သလားဟင်"

ထိုစကားကြောင့် နီမောင်က တစ်ချက်ရယ်လိုက်သည်။ ပြီး မြဝင်းသူကို စေ့စေ့ကြည့်ပြီး ပြန်မေးလိုက်သည်။

"နင်က ငါကို သရဲပေါကြောင်တဲ့လူတစ်ယောက်လို့ ထင်နေခဲ့တာမဟုတ်လား၊ ဘိန်းစိုက်ပြီး ဘိန်းကုန်ကူးတဲ့လူမျိုးမှ သတ္တိရှိတယ်လို့ထင်နေတယ် မဟုတ်လား"

မြဝင်းသူမှာ မျက်နှာတစ်ချက် ပျက်သွားသည်။

"ဒီ. . ဒီလိုတော့ မဟုတ်ပါဘူး"

"မိန်းကလေးတွေရှေ့မှာ အစွမ်းအစပြဝံ့မှ၊ ဘိန်းကုန်ကူးဝံ့မှ ဒါမှမဟုတ် လူတွေကို သက်ဝံ့မှ သတ္တိရှိတာမဟုတ်ဘူး၊ သတ္တိဆိုတာလည်း နေရာတကာ ပြနေရတာမှ မဟုတ်တာ၊ အရေးအကြောင်းပေါ်လာတဲ့အခါ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ပြီး ရင်ဆိုင်ဝံ့မှ သတ္တိရှိတဲ့လူလို့ ခေါ်ထိုက်တာပေါ့"

"ငါ. . ငါ. . တောင်းပန်ပါတယ်"

"တောင်းပန်စရာမလိုပါဘူး မြဝင်းသူရယ်၊ ငါကတော့င်



www.burmeseclassic.com

www.burmeseclassic.com

နင့်ကို ကျေးဇူးတင်ရမှာပါ၊ ငါ့မှာ အန္တရာယ်နဲ့ကြုံတိုင်း နင် အကူအညီပေးခဲ့တာ နှစ်ကြိမ်ရှိပြီ၊ ဒီအတွက် ကျေးဇူးလည်းတင်ပါတယ်. . နင့်မှာ အခက်အခဲကြုံတဲ့အခါ ငါပြန်ပြီး အကူအညီပေးခွင့်ရပါစေလို့ပဲ ဆုတောင်းပါတယ်”

ဟုပြောပြီး နီမောင်က နောက်ကြောင်းပြန်လှည့်သွားလေတော့သည်။

နေရာမှာတော့ မြဝင်းသူတစ်ယောက်တည်း ရပ်လျက်ကျန်ခဲ့လေတော့သည်။





# အခန်း (၉)

# တောင်တန်းပေါ်မှ ထူးဆန်းသောပွဲတော်

နမ့်ဆင်ချောင်းကတော့ တသွင်သွင်စီးဆင်းလျက်ရှိသည်။ ထိုချောင်းမှာ သိပ်မကျယ်လှသော်လည်း သံလွင်မြစ်အ ဝင်ပေါက်ပြီး မိုင်းပြင်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့ကို ပိုင်းခြားပေးထားသော နယ်နိမိတ်ချောင်းလည်း ဖြစ်၏။

တစ်ချိန်က ကိုးကန့်လက်နက်ကိုင်များ ဘိန်းအသယ်အပို့လုပ်ကြရာ၌ သံလွင်မြစ်သို့ ကျောင်းခါးကူးတို့ဆိပ်မှ ဝါး



www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကလေးများနှင့် ဖြတ်ကူးကြကာ . . မိုင်းပြင်နယ်သို့ ဝင်ရောက်ကြသည်။

ထို့နောက် လွယ်မော့တောင် ဟက်တက်ကွဲလျှိုထဲ စီးဆင်းလာသော ထိုနမ့်ဆင်ချောင်းကိုဖြတ်ကာ မိုင်းဆတ်နယ်ထဲသို့ဝင်ကြသည်။

မိုင်းဆတ်နယ်ထဲသို့ ရောက်သောအခါ . . ဟိုမိုင်း အနောက်ဘက်ရှိလျှိုကြီးအတိုင်း မိုင်းလီရောက်အောင် သွားကြသည်။ မိုင်းလီမှ မိုင်းခုတ်၊ မိုင်းလုံး သို့သွားပြီးမှ တစ်ဖက်နိုင်ငံရောက်အောင် ကူးသွားကြလေသည်။

ထိုအချိန်က ကိုးကန့်လက်နက်ကိုင်များသည် လားကောင်ရေ (၆၀၀-၇၀၀)နှင့် ဘိန်းများကို အသယ်အပို့ လုပ်ကြရာတွင် ခေတ်မီလက်နက်များကို အသုံးပြုပြီး အစောင့်အရှောက် အင်အား အများအပြားကို အသုံးပြုခဲ့ကြသည်။

ထိုသို့ လူအင်အား၊ လက်နက်အင်အားကောင်းကောင်း အသုံးပြုမှသာ ဘိန်းကုန်ကူးနေသူအချင်းချင်း လမ်းမှ ဖြတ်တောက်တိုက်ခိုက်ခြင်းကို ကာကွယ်နိုင်ကြမည်ဖြစ်သည်။

ဘိန်းကုန်ကူးသူတို့မှာ လက်နက်အင်အား၊ လူအင်အား မကောင်းပါက အဖွဲ့များက ကြားဖြတ်တိုက်ခိုက်မှုကြောင့် ကုန်ပစ္စည်းနှင့် ပါသမျှပစ္စည်းများ ဆုံးရှုံးကြရသည်။ ထိုဒေသတစ်ဝိုက်တွင် ဘိန်းအရောင်းအဝယ် ပြုလုပ်ရန်အတွက် ဘိန်းဈေးတော်များကိုလည်း မကြာခဏ ပြုလုပ်ကြသည်။

ဘိန်းဈေးပွဲတော်ဟုသာ ဆိုသော်လည်း လောင်းကစား





ဝိုင်းများကိုသာ ဦးစားပေးလုပ်ကြသည့် ပွဲတော်တစ်မျိုးပင်ဖြစ်သည်။ နေရာအတည်တကျမရှိပဲ . . အဆင်ပြေသောနေရာ၌ ကျင်းပကြခြင်းဖြစ်သည်။

ယခု ကျင်းပသောနေရာမှ မိုင်းလီ၌ ဖြစ်သည်။ မိုင်းလီရွာမှာ အိမ်ကောင်းကောင်း သုံးလုံးသာရှိပြီး ကျန်တာတွေက သာမန်သာဖြစ်သည်။

မိုင်းလီရွာမှာ တောင်စောင်းတစ်နေရာမှာရှိသော ထင်းရှူးပင်ကြီးများကြားတွင် တည်ထားသည်။ သွပ်မိုးထားသော အိမ်သုံးလုံးကတော့ ကျောက်ဖ တစ်အိမ်၊ သားဖြစ်သူက တစ်အိမ်နှင့် စာရေးအိမ်က တစ်အိမ်ဖြစ်သည်။

ထိုအိမ်သုံးအိမ် ပိုင်နက်အဝန်းအဝိုင်းမှာရှိသော နယ်နိမိတ်ကို မိုင်းလီဟု ခေါ်ကြခြင်းဖြစ်၏။ မိုင်းလီမှာ နေရာမကျယ်ဝန်းသော်လည်း နာမည်ကြီးပြီး လူသိများသောနေရာ ဖြစ်သည်။

၎င်းသုံးအိမ်ပိုင်သောနေရာကို လားဟူတို့က တာလဲရွာဟုခေါ်သည်။ ရှမ်းကတော့ ဝမ်လဲရွာဟုခေါ်သည်။ အများကတော့ မိုင်းလဲဟုပင် အခေါ်များကြသည်။

မိုင်းလီမှာ အိမ်သုံးအိမ်နှင့် ထူထောင်ထားသော နေရာပင်ဖြစ်သော်လည်း ရှမ်းပြည်နယ် မြေပုံထဲမှာပင် တစ်နေရာဖော်ပြထားသော နေရာလည်းဖြစ်၏။

မြေပုံထဲမှာတော့ "မိုင်းနင်း"ဟု ဖော်ပြထားသည်။

ထိုနေရာ၏အကြီးအကဲမှာ ကျောက်ဖ ပင်ဖြစ်သည်။ ကျောက်ဖဟူသော ဝေါဟာရမှာ . . စော်ဘွားဟုသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း စောဖျားဟူ၍ အဓိပ္ပာယ်ရှိသည်။

ကျောက်ဖကိုလည်း၊ ကျောက်ဖယား၊ ကျောက်ဖရဲ ဟူသော အသံထွက်ဖြင့် ခေါ်ကြသည်။ ကျောက်ဟူသော ဝေါဟာရမှာ ပိုင်ဆိုင်သူဟု အဓိပ္ပါယ်ရှိသည်၊ ဖဆိုသည်မှာ ဖယား ဟူသော ဝေါဟာရမှ ဆင်းသက်လာပြီး အဓိပ္ပါယ်မှာ "မြင့်မြတ်သူ. . ဂုဏ်ကြီးသူ"ဟု အဓိပ္ပါယ်ရှိသည်။

ထို့ကြောင့် ကျောက်ဖဟူသော ဘွဲ့အမည်ကို အားလုံးက လေးစားရိုသေကြရသည်။

ပဒေသရာဇ် ဧကရာဇ်အကြီးအကဲများက ၎င်းတို့ယုံကြည်အားထားရသော လက်အောက်ခံ နယ်စားပယ်စားများကို ပေးလေ့ရှိရာ အချို့မှာ သားစဉ်မြေးဆက်အထိ ထိုဘွဲ့ကို အဆင့်ဆင့်ဆက်ခံသွားကြလေသည်။

လားဟူအမျိုးသားများက ဘွဲ့ရှိလျှင် ဂုဏ်သိက္ခာရှိသည်ဟု ရိုးသားစွာ ယုံကြည်ကြလေသည်။

၎င်းတို့ အရပ်ဒေသတွင် ဘွဲ့တစ်ခုခု (တက္ကသိုလ်မှရသော ဘွဲ့မျိုးမဟုတ်ပေ) ရထားသူမှာ ဂုဏ်ရှိသည်ဟု ဒေသခံများက ယုံကြည်ထားရာ ငွေကြေးတတ်နိုင်သူများက ငွေဖြင့် ဝယ်ယူကြသည်မျိုးပင်ရှိသည်။

ယခုအခါ ဘွဲ့ထူးဂုဏ်ထူးများ၊ ဒေါက်တာဘွဲ့စသည်များကို ငွေပေး၍ ဝယ်ယူနေကြရာ. . ဟိုးတောင်တန်းဒေသမှာနေသူများက ရှေးဘုရင်များလက်ထက်ကတည်းက ထိုကိစ္စမျိုး ပြုလုပ်ခဲ့ကြကြောင်း သိသာနိုင်ပေသည်။ စော်ဘွားရာထူးရှိ





ဘုရင်များကို အမျိုးမျိုးချဉ်းကပ်ပြီး၊ လာဘ်လာဘများ၊ သမီးကညာများ ဆက်သပြီး ရယူခဲ့ကြသည်။

သူတို့အနေဖြင့် ထိုကဲ့သို့ အရင်းအနှီးပြုလုပ်ပြီး စော်ဘွားဘွဲ့ရပြီးပြီဆိုလျှင် သူတို့တစ်သက်သာမက၊ သားစဉ်မြေးဆက်အထိ စားမကုန်အောင် ရကြလေရာ. . မက်မောကြသည်။ ငွေပုံပေးပြီး ရအောင်ယူကြသည်။

ယခု ကုလားပြည်မှပေးသော ဒေါက်တာဘွဲ့ကို မြန်မာပြည်မှလူအချို့က တကူးတကဝယ်ယူ အသုံးပြုနေသကဲ့သို့ပင် ဖြစ်သည်။ လမ်းဘေးမှ ဆေးရောင်းသူ ဗေဒင်ဟောနေသူများပါ တစ်ချိန်မှာ "ဒေါက်တာဘွဲ့" ရလာကြလေမည်လား မပြောနိုင်ပါချေ။

ဘွဲ့ထူးဂုဏ်ထူးများကို ငွေနှင့်ပေးဝယ်၍ရသော အဖြစ်မှာ ယခုမှပေါ်သည်မဟုတ်ပဲ ရှေးကတည်းက တောင်တန်းဒေသများ၌ ရှိခဲ့ကြောင်း သာဓကအချို့ရှိသည်။

စဝ်ဖ သို့မဟုတ် ကျောက်ဖ ဟူသောဘွဲ့ကို တစ်ချိန်က ငွေဖြင့်ဝယ်ယူ၍ ရနိုင်သည်။

(၁၉၇၃)ခုနှစ်လောက်က တောခိုလားဟူခေါင်းဆောင် ကျောင်းလုံဆိုသူက. . . လားဟူအမျိုးသားများ လိုချင်သော 'ကျောက်ဖ' ဘွဲ့ကိုသူကပေးနိုင်သည်။

'ကျောက်ဖဘွဲ့' လိုချင်ပါက. . ငွေဒင်္ဂါးပေါင်း (၁၀၀) ခန့်တော့ရသည်။ 'ဖယားဘွဲ့' ကိုလိုချင်ပါက ငွေဒင်္ဂါးပေါင်း (၅၀)ပေးပါက ရနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ပူကျောင်းလုံမှာ ထိုနယ်တစ်ဝိုက်တွင် ကြီးစိုးမင်းမူနေရာ ကျောက်ဖဘွဲ့၊ ဖယားဘွဲ့များကို ငွေဖြင့်ရောင်းစားခဲ့ဖူးသည်။

ရှေးကအစဉ်အလာမရှိခဲ့သော်လည်း ထိုအချိန်ကငွေနှင့်ဝယ်ယူခဲ့သဖြင့် ကျောက်ဖအတော်များများ ရှိခဲ့ကြသည်။

တက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားခြင်းမရှိပဲ စာတမ်းတစ်ခုရေးပို့ရုံနှင့် ဘွဲ့တစ်ခုရသလိုမျိုး ဖြစ်နေတော့သည်။ ထားပါတော့ . ထိုအကြောင်းများက သိသလောက်ရေးရလျှင် ဝတ္ထုဇာတ်လမ်းပင် ဆက်ရေးနိုင်တော့မထင်ပါ။

မိုင်းလီကျောက်ဖနေသောအိမ်မှာ တောင်စောင်းတစ်နေရာ၌ရှိသည်။

ထင်းရှူးပင်များ အုံ့ဆိုင်းနေပြီး အေးချမ်းသာယာသောနေရာဖြစ်သည်။

ကျောက်ဖနေအိမ်မှ တောင်အောက်မြေပြန့်သို့ ဘိန်းခင်းများဖြတ်ပြီး တစ်မိုင်ခန့်သွားပါက လီရှောတရုတ်များနေသော 'လားကားရွာ'သို့ ရောက်သည်။

မြေပြန့်နေရာကျယ်ကျယ်ရှိသော လားကားရွာအနီးတွင် ဘိန်းဈေးပွဲတော် ကျင်းပနေကြခြင်းဖြစ်သည်။

ပွဲတော်ကျင်းပသောနေရာတွင် စားသောက်စရာရောင်းသော ဈေးဆိုင်အချို့ရှိသည်။

အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော ရွာများမှာ ဘိန်းဈေးပွဲတော်သို့ လာကြသူများမှာ ဘိန်းခင်းများထဲမှ လူတ





ယောက်သွားသာရုံ ဖောက်ထားသော လမ်းကျဉ်းကလေးများမှ သွားကြလာကြလေသည်။

အချို့နေရာများမှာ ဘိန်းပင်များမှာ လက်နှင့်တိုက်မိနေပြီး အချို့နေရာများမှာ ခြေဖြင့်အနင်းခံရသောကြောင့် မြေပေါ်မှာကျိုးကြေလျက်ရှိသည်။

အောက်ဒေသများမှာ စပါးစိုက်ခင်းများထဲမှ လူသွားသကဲ့သို့ ဖြစ်လေသည်။

ဘိန်းဈေးပွဲတော် ကျင်းပသောရက်မှာ အများအားဖြင့်တော့ ဘိန်းသီးများသီးနေသော အချိန်မျိုးဖြစ်သည်။

သို့ကြောင့် သွားရင်းလာရင်းမှ ဘိန်းသီးများကို ခူးပြီးအဆာပြေစားသောက်သွားကြသည်။

အချို့ဘိန်းသီးများမှာ မာလကာသီးအလုံးအရွယ်ခန့်ကြီးလေသည်။

ဘိန်းဈေးပွဲတော် ကျင်းပသောနေရာမှာ ယာယီတဲများဆိုးထားသည်။ ကောက်ရိုးများ၊ ရောင်စုံပလတ်စတစ်စများ မိုးထားသောကြောင့် ပန်းခြီကားကဲ့သို့ဖြစ်နေသည်။

ထိုတဲများမှာ အခြားမဟုတ်ပေ။

လောင်းကစားပြုလုပ်သော တဲများ၊ အစားအသောက်ရောင်းချသောတဲများ၊ ကြူလာရာဆိုင်များ၊ ရေဒီယိုကက်ဆက်ပါရှိသော ပစ္စည်းရောင်းချသောဆိုင်များ၊ အထည်အလိပ်ဆိုင်များ၊ သက္ကလတ်သိုးမွေးထည်များ၊ တက်ထရွန်ချုပ်ပြီးသားအထည်များ၊ အလှကုန်ပစ္စည်း ရောင်းသောဆိုင်များ၊ ဖနံ၊ မှန်



www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ် စသည်တို့ဖြင့် ပြုလုပ်ထားသော လူသုံးကုန်ပစ္စည်း ရောင်းသောဆိုင်များ၊ အခြားအသုံးအဆောင် ကုန်မာပစ္စည်း ရောင်းသောဆိုင်များ ရှိကြသည်။

အခြားအစားအသောက် ရောင်းချသောဆိုင်များမှာလည်း ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်များမှအစ အခြားတိုင်းရင်းသားအစားအသောက် ရောင်းချသောဆိုင်များဖြစ်ကြသည်။

သာမန်အရက်မှစပြီး နိုင်ငံခြားဖြစ်အကောင်းစား အရက်ရောင်းသောဆိုင်များလည်း ရှိသည်။

ဈေးတန်းကြီးမှာ တမျှော်တခေါ်ဖြစ်သည်။

အောက်အရပ်ဒေသများတွင်ဘုရားပွဲတော် ကျင်းပရာသို့ (၁၂)ပွဲဈေးသည်များ လာရောက်ရောင်းချကြသကဲ့သို့ပင် ဖြစ်သည်။

တကယ်က ထိုအရပ်ဒေသတွင်ပြုလုပ်သော ပွဲတော်ကတော့ ဘုရားပွဲတော်နှင့် မတူပေ။ ဘာသာရေးအကြောင်းပြု၍ ပြုလုပ်သော ပွဲတော်မျိုးလည်းမဟုတ်ပေ။

ဘိန်းဈေးပွဲတော်ဟု ဆိုသော်လည်း ဘိန်းအရောင်းအဝယ်ပြုလုပ်ခြင်းကနည်းပြီး လောင်းကစားဝိုင်းကြီးများ အကြီးအကျယ်ပြုလုပ်ခြင်းဖြစ်သည်။

လောင်းကစားဝိုင်း ပြုလုပ်နေသောတဲများမှာ အတော်ကြီးပြီး တဲအတွင်း၌လူများ ကြိတ်ကြိတ်တိုးနေသည်။

အများအားဖြင့် လောင်းကစားဒိုင်များမှာ နှစ်စဉ်လာ





နေကျဖြစ်သော ကျိုင်းတုံဘက်မှ တရုတ်လောင်းကစားဒိုင်များပင်ဖြစ်ကြသည်။

စုံ,မ ကစားသော ဒိုင်မျိုးဖြစ်ပြီး ငွေသားဒင်္ဂါးဟောင်းဖြင့်ထိုးလျှင် ငွေသားဒင်္ဂါးဟောင်းဖြင့် အလျော်အစားလုပ်ပေးသည်။ ငွေစက္ကူထိုးလျှင် ငွေစက္ကူလျော်သည်။ ရွှေတောင့်ချထိုးလျှင် အလေးချိန်အတိုင်း ရွှေတောင့်ပြန်လျော်ပေးသည်။

ကြိုက်သလောက်ထိုး ကြိုက်သလောက်ပြန်လျော်ပြီး အကန့်အသတ်မထားသော လောင်းကစားဒိုင်မျိုးဖြစ်သည်။

သာမန်အဝတ်အစားများ ဝတ်ထားသော. . လူတစ်ယောက်ဆိုလျှင် ကျောပိုးအိတ်အဟောင်းတစ်လုံးကို လွယ်လာသည်။

သူသည် လောင်းကစားဒိုင် ရောက်သောအခါ လွယ်အိတ်အတွင်းမှ တစ်မိုက်ခန့်ရှည်သော ရွှေချောင်းတစ်ချောင်းကို ချထိုးသည်။

ဒိုင်လုပ်နေသော တရုတ်က စိတ်မချသောကြောင့် ထိုရွှေတုံးကိုကောက်ယူပြီး မှတ်ကျောက်တိုက်ကြည့်သည်။

အရောအစပ်မပါသည့် အခေါက်ရွှေမှန်းသိတော့မှ ပြန်ချထားသည်။

အလေးချိန်နှင့်တွက်လျှင် နှစ်ဆယ်သားသုံးဆယ်သားခန့် ရှိမည်။

ထိုသူက အလျော်ခံရသောအခါ ဒိုင်က ထိုရွှေတုံးတို့ချိန်ခွင်တစ်ဖက်၊ သူတို့လျော်ပေးရမည့် ရွှေတုံးကတစ်ဖက် ချိန်



www.burmeseclassic.com

www.burmeseclassic.com

စက်ပြီး သုံးဆလျော့သည်။

ပြီးမှ အကောက်အတွက်ငွေဒင်္ဂါးအချို့ကို ပြန်သိမ်းယူသည်။

ထိုမှကြောက်စရာကောင်းသော အလောင်းအစားမျိုး အထိပါသည်။

သူတို့ဒေသခံများအတွက်ကတော့ ရှုံးသည်ဖြစ်စေ နိုင်သည်ဖြစ်စေ သိပ်မထူးခြားလှပေ။

လောင်းကစားဝိုင်းမှ အနိုင်ရလျှင် ဘိန်းစိုက်ရာမှ ဘိန်းအရောင်းအဝယ်လုပ်နိုင်ပြီး အကယ်၍ ပါသမျှကုန်သွားပါက လည်း အရေးမကြီးပေ၊ မိမိနေရာပြန်ပြီး ဘိန်းစိုက်စားရုံအပြင် အခြားဘာမှ မထူးခြားပေ။

ထိုကဲ့သို့ စုံ,မ ဝိုင်းများအပြင် ကိုးမီးဝိုင်း၊ လေးကောင်ဂျင်ဝိုင်းများလည်း ရှိပေရာ မည်သည့်နေရာကြည့်ကြည့် လူတိမပေါက်ပေ။

ငြင်းခုံသံများ၊ အော်ဟစ်သံတို့မှ နားကွဲမတတ် ဆူညံနေတော့သည်။

တစ်ယောက်နှင့်တစ်ယောက် မကျေနပ်သဖြင့် ဆဲဆိုနေကြသူများ၊ ရန်ဖြစ်နေကြသည်လည်းရှိသည်။

ထိုနေရာမျိုးမှာတော့ သက်ဆိုင်ရာ ကျောက်ဖများအုပ်ချုပ်နေသည်ဆိုသော်လည်း ကိုယ်ဖြစ်ကိုယ်ခံပင်၊ အချို့သေနတ်ပါလာသဖြင့် စိတ်မထင်လျှင် သေနတ်ဖြင့် ပစ်သည်အထိ ရှိကြသည်။





လေးကောင်ဂျင်ဝိုင်းတွင် လူတစ်ယောက်က သူမှာပါလာသော ဘိန်းထုပ်ကြီးကို လက်မှာကိုင်ထားပြီး အခြေအနေကိုစောင့်ကြည့်နေသည်။

သေချာလောက်ပြီအထင်နှင့် ငါးရှဉ့်ကွက်ထဲသို့ ပါလာသော ဘိန်းနှစ်ပိဿာထုပ်ကို ချထိုးလိုက်သည်။

ဖွင့်လိုက်တော့ ဖားပေါ်လာသောကြောင့် ထိုဘိန်းထုပ်ကြီးအစားခံလိုက်ရသည်။

တစ်နှစ်လုံး မစားရက် မသောက်ရက်ပဲနှင့် စုထားသော ဘိန်းထုပ်မှာ တစ်ချက်တည်းနှင့် ကုန်သွားတော့သည်။ ချောက်ချားပြတ်ကျသွားလျှင်တော်မှ ရှိုးခနဲလေတိုက်သံ ကြားရလိမ့်ဦးမည်။

ယခု ဘာသံမှမကြားလိုက်ရပဲ လက်ပြောင်းသွားတော့သည်။ ပစ္စည်းအမျိုးမျိုး ရောင်းချနေသော ဈေးတန်းဘက်မှာ အရက်ဆိုင်ကောင်း၊ စားသောက်ဆိုင်များမှသော်လည်း ငွေဒင်္ဂါး၊ ငွေကျပ်များနှင့် ဝယ်ယူနေသူများရှိသလို ဘိန်းနှင့် အလဲအလှယ်လုပ်ပြီး ဝယ်နေကြသူများလည်း ရှိသည်။

မုန့်ဟင်းခါးရောင်းနေသောဆိုင်တွင် လူတစ်ယောက်က မုန့်အဝစားပြီးနောက် သူ့မှာပါလာသော ဘိန်းဘူးကြီးထဲမှ ဘိန်းမှုန့်များကို ဟင်းရေသောက်ဇွန်းဖြင့် တစ်ဇွန်းခပ်ယူပြီး မုန့်ဖိုးပေးနေသည်လည်းရှိသည်။

အချို့ပစ္စည်းအရောင်းဆိုင်များမှာ ငွေစက္ကူနှင့် အကြွေစေ့များ သုံးစွဲပုံမှာလည်း အဆန်းဖြစ်သည်။ ဆယ်ပြားစေ့ကြေး


www.burmeseclassic.com

www.burmeseclassic.com



စေ့ကို ပြည်မဘက်တွင် ငါးမူးသာ သတ်မှတ်သော်လည်း ထိုအ
ရပ်ဒေသ၌ တစ်ကျပ်ဟုသတ်မှတ်သည်။

ငါးမူးဖိုးဝယ်ပြီး တစ်ကျပ်တန် ငွေစက္ကူပေးလိုက်လျှင်
ပြန်မအမ်းတော့ပေ။

စက္ကူဖြင့်ပြုလုပ်ထားသော ငွေတစ်ကျပ်ကို ငါးမူးဟု
သာသတ်မှတ်သည်။ တစ်ကျပ်ဟု မသတ်မှတ်ပေ။ ဆယ်ပြားစေ့
ဆယ်စေ့ကိုမှ တစ်ကျပ်ဟု သတ်မှတ်သည်။

တကယ်တော့ ဘိန်းဈေးပွဲတော်ဟုသာ အမည်တပ်ကြ
သော်လည်း ဘိန်းထုပ်ကြီးများ တောင်ပုံရာပုံချပြီး အရောင်း
အဝယ်လုပ်နေကြခြင်းမဟုတ်ပါ။

ဘိန်းပေါ်ချိန်တွင် တရုတ်လောင်းကစားဒိုင်ကြီးများက
လောင်းကစားဝိုင်းများ လာရောက်ပြုလုပ်ကြခြင်းသာ ဖြစ်ပေ
သည်။

ရှေးအခါဆိုလျှင် လောင်းကစားဝိုင်းများ ကျင်းပသော
အချိန်တွင် ပွဲလမ်းသဘင်များပါ ထည့်ကြသောကြောင့် ဘိန်း
ဈေးပွဲဟု အလွယ်ခေါ်ကြခြင်းဖြစ်သည်။

ပဒေသရာဇ်စော်ဘွားကြီးများခေတ်က မိုင်းလီဘိန်းခင်း
မှ လောင်းကစားဝိုင်းများကို နယ်ရှင်စော်ဘွားကြီးများက အခွ
အကောက်ယူပြီး ဖွင့်ခဲ့ကြလေသည်။

ကစားဝိုင်းထောင်သော ဒိုင်များတွင် စော်ဘွားအစု
၍ တစ်စုသတ်မှတ်ကြသည်။

ရှေးအခါက ဘိန်းဈေးပွဲတော်ကို လနှင့်ချီပြီး ရက်ရှည်





င့်ကြသည်။

နယ်သူနယ်သားများကလည်း ဘိန်းဈေးပွဲတော် ကျင်းပ
မည့်ရက်ကို နားစွင့်နေကြသည်။ စောင့်မျှော်နေကြသည်။

ဈေးရောင်းမည့်ဈေးသည်များက ဘိန်းဈေးပွဲတော်
ကျင်းပမည့်ရက်နှင့် နေရာကို စနည်းနာကြရသည်။

ဘိန်းဈေးပွဲတော် ကျင်းပသောရက်တွင် လောင်းကစား
ရန်သက်သက် လာကြသူများရှိသလို အချို့ကလည်း တစ်နှစ်လုံး
ဆောင်းထားသော ဘိန်းများကိုရောင်းချပြီး ရသမျှငွေနှင့် အ
သုံးလိုသောပစ္စည်းများ ဝယ်ယူရန်လာကြလေသည်။ အချို့လည်း
ပျော်ပွဲရွှင်ပွဲများပါသဖြင့် ပျော်ရွှင်ရန်လာကြသူများလည်း ရှိ
သည်။

စော်ဘွားများလက်ထက်နောက်ပိုင်း တရုတ်ဖြူများ
လက်ထက် ရောက်တော့လည်း ဘိန်းဈေးပွဲတော်များကို အစဉ်
အလာမပျက် ဆက်လုပ်ခဲ့ကြသည်။

ရှေးအခါက ဘိန်းဈေးပွဲတော်တွင် အငြိမ့်ပွဲများထည့်
ကြသည်။

ငှားထားသောအငြိမ့်ကို ဘိန်းဈေးပွဲတော် တစ်လကျင်း
ပလျှင် တစ်လလုံးအက ခိုင်းသည်။ ရက်ကြာတော့ ဇာတ်ထုပ်
ဇာတ်လမ်းများ မရှိတော့သဖြင့် ကပြီးသား ဇာတ်ထုပ်ဇာတ်လမ်း
ကိုပင် ထပ်တလဲလဲ ကပြရသည်။

ကြည့်နေသူများကလည်း စင်ပေါ်မှ မင်းသားမင်းသမီး
များ မည်သည့်ဇာတ်လမ်းကသည်ဖြစ်စေ အရေးမကြီးပေ။ သူတို့



www.burmeseclassic.com

www.burmeseclassic.com

နားထဲမှာ ဆိုင်းသံဗုံသံကြားနေရလျှင်ပင် ကျေနပ်နေကြသည်။

အချို့ဆိုလျှင် လောင်းကစားဝိုင်းမှ ရွှေနှင့်ငွေများ အနိုင်ရလာသောအခါ အိပ်နေသော မင်းသားမင်းသမီးနှင့် ဆိုင်းတီးသူများကို နှိုးပြီး ဇာတ်ကခိုင်းသည်။ ဇာတ်သမားများကလည်းဖြစ်သလို ပြင်ဆင်ပြီး ကပြပေးရာ တစ်ယောက်တည်းထိုင်ကြည့်သူများပင်ရှိသည်။ ပြီးပါက ရွှေနှင့်ငွေအချို့ ဆုအဖြစ်ပေးပြီးပြန်သွားကြသည်။

ဇာတ်သမားများ အနေနှင့်လည်း ကြောက်ရွံ့သည့်အတစ်ကြောင်း၊ ရွှေငွေများ သို့မဟုတ် ဘိန်းများ ဆုအဖြစ် ရတတ်သည်ကတစ်ကြောင်းကြောင့် အချိန်မဟုတ် လာကခိုင်းလျှင်လည်း ကပြပေးကြရသည်။

တစ်ခါက ဇာတ်ကနေရင်း . . လူကြမ်းတစ်ယောက်က မင်းသမီးကို ထိကပါးရိကပါးလုပ်နေရာ . . လူတစ်ယောက်က ဇာတ်စင်ထောင့်နားက လာပြောသည်။

"ငါတို့ဒေသမှာ ဒီလို မတရားလုပ်လာရင် မကြိုက်ဘူး မင်း သူနဲ့ ဝေးဝေးမှာနေရင် ကောင်းမယ်"

ဟု လေသံမာမာဖြင့် ပြောသဖြင့် မင်းသမီးအနားသို့ မကပ်ဝံ့တော့ပဲ ဝေးဝေးမှာ သွားနေရလေသည်။





# အခန်း [၁၀]

# လျှို့ဝှက်စွမ်းအားရှိသောသူ

လီရှောတရုတ်များသာ အနေများသော လားကားရှာ၌ ကျင်းပသော ဘိန်းဈေးပွဲတော်မှာလည်း ရှေးက အစဉ်အလာအတိုင်းပင် လောင်းကစားဝိုင်းများ အကြီးအကျယ် ပြုလုပ်ကြလေသည်။

ကျိုင်းတုံဘက်မှ တရုတ်လောင်းကစားဒိုင်များအပြင် နယ်ခြားမှ လောင်းကစားဒိုင်များလည်း လာကြသည်။ ထိုသို့လာကြရာမှ ရွှေငွေများပါသဖြင့် တပည့်များနှင့် သေနတ်များပါပါ


www.burmeseclassic.com

www.burmeseclassic.com


လာကြသည်။

ထိုပွဲတော်သို့ ပူလွယ်ရွာမှ ဒီပတို့အဖွဲ့လည်း ရောက်လာကြသည်။ ဒီပနောက်မှာ တပည့်သုံးယောက်ပါလာပြီး အားလုံးလူဆိုးလူမိုက်များချည်း ဖြစ်သည်။ တိုက်ခိုက်မှု အရည်အချင်းကောင်းကြပြီး လူတစ်ယောက်ကို သတ်ရမှာ ဝန်မလေးကြသူများဖြစ်သည်။

ဒီပက အင်္ကျီအနက်၊ ဘောင်းဘီအနက် ဝတ်ဆင်ထားပြီး အပေါ်မှ လောင်းကုတ်အင်္ကျီအနက်ကြီးကို ထပ်ဝတ်ထားလေသည်။

ဆံပင်ရှည်များကို နောက်သို့သပ်တင်ထားသောကြောင့် သွေးအေးအေးနှင့် ရက်စက်ကြမ်းကြုတ်သော ၎င်း၏မျက်နှာအထင်းသားပေါ်နေတော့သည်။

ဒီပတို့သည် ဘိန်းဈေးပွဲတော်တစ်လျှောက် လျှောက်ကြည့်ကြပြီးမှ အကြီးဆုံး လောင်းကစားဝိုင်းတစ်ခုရှိရာသို့ ထွက်သွားကြသည်။

ထိုနေရာမှာတော့. . . တရုတ်ဗိုင်များ အကြီးအကျယ်လောင်းကြေးဖွင့် ကစားနေသော ခြောက်ကောင်ဝိုင်းဖြစ်သည်။ ဒီပသည် လောင်းကစားပြုလုပ်လျှင် သာမန်မကစားပဲ ၎င်း၌ရှိသော စိတ်စွမ်းအားကို အသုံးပြုပြီး ကစားလေ့ရှိသည်။

ထို့ကြောင့်လည်း လောင်းကစားလုပ်တိုင်း အနိုင်ရသည်က များလေသည်။

လောင်းကစားပြုလုပ်ရာတွင် မိမိပြိုင်ဘက်များ၏စိတ်ကိုသိခြင်းက နိုင်ဖို့အခွင့်အလမ်း ပိုရလေသည်။

၎င်းမှာ ကံတရားနှင့် စိတ်စွမ်းအင်တို့ ဆက်စပ်မှုတစ်ခုလည်းဖြစ်သည်။

လောင်းကစားပြုလုပ်ခြင်းနှင့် စိတ်စွမ်းအင်အသုံးချခြင်းမှာ တစ်နည်းတစ်ဖုံ ဆက်စပ်မှုရှိကြလေသည်။

အချို့လည်း လောင်းကစားမှုပြုလုပ်ရာတွင် အစွဲအလမ်းကြီးမှုများ ( Superstitions )ရှိနေတတ်သည်။

ကန်တုံးနီ(ခ)လူမျိုး (Cantonese) များသည်။

( books ) ဟူသောစကားလုံးကို လောင်းကစားပြုခါနီးတွင် မပြောမိအောင် သတိထားကြသည်။

ထိုအသံထွက်သည် ဆုံးရှုံးခြင်း (Lose) ဟူသော အသံထွက်နှင့်တူသောကြောင့် ဖြစ်သည်။

တရုတ်လောင်းကစားများသည်. . အဓိကဝင်ပေါက် (Main entrance)မှ ဝင်ခြင်းသည် မင်္ဂလာမရှိသောကြောင့် ထိုနေရာမှ ဝင်ရောက်ခြင်းကို ရှောင်ကြဉ်ကြသည်။

လောင်းကစားပြုလုပ်နေစဉ် စိတ်စွမ်းအားကိုတော့ အခါအားလျော်စွာ အသုံးပြု၍မရပေ။

အခြေအနေနှင့် အချိန်အခါကောင်းမှသာ အသုံးပြု၍ရလေသည်။

ဒီပက လောင်းကစားပြုလုပ်နေသော နေရာရှေ့မှာရပ်ပြီး အခြေအနေကို ကြည့်သည်။

လက်အယူအဆနှင့် ဂျင်လည်နေသောအသံကို နား



www.burmeseclassic.com

www.burmeseclassic.com



စွင့်သည်။ အထူးသဖြင့် ဂျင်လှည့်နေသူ၏ အမူအရာကိုကြည့်ပြီး သူ၏စိတ်ကို ခန့်မှန်းကြည့်သည်။

ထို့နောက် ဂျင်လှည့်နေသူ ဒီတစ်ကြိမ် ဘယ်လိုသတ္တ ပေါ်အောင်လှည့်တော့မည်ဟု အရင်ခန့်မှန်းကြည့်သည်။

သူ့စိတ်ထဲမှာ ခန့်မှန်းထားသည်နှင့် တိုက်ဆိုင်မှုရှိ မ သိစေရန် နောက်မှပါလာသော တပည့်များကို ဝင်ထိုးခိုင်းသည်။

သုံးကြိမ်ထိုးလျှင် နှစ်ကြိမ်ခန့် အလျော်ခံရသည်။

နောက်တစ်ကြိမ်မှာတော့ ဒီပကကိုယ်တိုင် ရွှေထွ ထိုးသည်။ ထိုတစ်ကြိမ်မှာတော့ ပါလာသောရွှေချောင်းမျာ ချထိုးလိုက်ခြင်းဖြစ်သည်။

"ကြိုက်သလောက်ထိုး ၊ထိုးသလောက်လျော်ပဲ မဟု လား"

တရုတ်ဒိုင်ကမော့ကြည့်သည်။

"ဟုတ်တယ်. . . ငွေထိုးရင်ငွေလျော်တယ်၊ ရွှေထိုး ရွှေလျော်တယ်"

ဒီပက ဘာမှထပ်မပြောတော့ပဲ. . ဝက်နေရာမှာ ရွှ ချောင်းအချို့ ချထိုးလိုက်သည်။

ဂျင်လှည့်သူက မျက်နှာတစ်ချက် ပျက်သွားပြီးမှ အ ထားသောအဖုံးကို အသာဖွင့်သည်။

ဝက်ပေါ်လာသောကြောင့် သူချထိုးသောရွှေချော များ၏ သုံးဆအလျော်ရသည်။

တရုတ်ဒိုင်က ဘာမှမပြောပဲ သူ့မျက်နှာကိုတစ်ချ





မော့ကြည့်သည်။

ဒီပကလည်း စူးစူးစိုက်စိုက်ပြန်ကြည့်သောအခါ မျက်လုံးချင်းဆုံမိသွားသည်။

မြွေမြွေချင်းခြေမြင်ဆိုသလို တစ်ယောက်အခြေအနေကိုတစ်ယောက်က အကဲခတ်မိကြသည်။

နောက်ထပ်ဘာမှ မပြောပဲ ကျသင့်သောအကောက်ငွေကိုနုတ်ယူပြီး အလေးချိန်သုံးဆ အလျော်ပေးလိုက်သည်။

ဒီပကဆက်မထိုးတော့ပဲ အပြင်သို့ပြန်ထွက်လာသည်။

သူ့အနေဖြင့် ဒီကနေ့အဖို့နောက်ထပ် ဆက်ထိုးစရာမလိုတော့ပေ။ လုံလောက်သွားပေပြီ။

ထို့ကြောင့်. . တပည့်များကိုခေါ်ပြီး ခေါက်ဆွဲဆိုင်တစ်ဆိုင်တွင် အကောင်းဆုံးအရက်များကိုမှာပြီး စားသောက်နေကြသည်။

ဒီပနောက်မှ ပါလာသောတပည့်သုံးယောက်တို့မှာ နက်ကျော်၊ စိန်မှတ်နှင့် ဝမ်ချူးတို့ဖြစ်ကြသည်။

"ဆရာကတော့ လုပ်လိုက်ရင် အပိုင်တွေချည်းပဲ၊ တစ်ချီတည်းလုပ်ချလိုက်တာ တရုတ်ဒိုင်တွေတော့ မျက်စိမျက်နှာပျက်ပြီး ကျန်ခဲ့ကြတာပဲ"

"လောင်းကစားလောကဆိုတာ လျှင်သူစားစတမ်းပေါ့ကွာ"

"ဝက်ကျတော့မယ်အလှည့်ရောက်မှ တစ်ကောင်တည်းပုံအောထိုးတာတော့ အံ့သြစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဒီပက လက်ထဲမှာကိုင်ထားသောအရက်ကို စိမ်ပြေနေပြေသောက်ရင်း ကျေနပ်နေဟန်ရှိသည်။

ပြီးမှ စီးကရက်တစ်လိပ်ကို မီးညှိသောက်ရင်း ပြောပြသည်။

"လောင်းကစားလုပ်တဲ့နေရာမှာ အရေးကြီးတာက စိတ်ပဲ သူဘာလုပ်တော့မယ်ဆိုတာ သိဖို့အရေးကြီးတယ်၊ အဲဒီလိုသိရင် ဘယ်လိုကစားနည်းပဲဖြစ်ဖြစ် ကိုယ့်ဘက်ကတစ်ပန်းသာတာပဲ"

"မှန်တာပေါ့ ဆရာရယ်"

"ငါကြည့်တာက ဂျင်လှည့်သူရဲ့စိတ်ပဲ"

"ဟင်. . လက်ကိုမကြည့်ပဲ စိတ်ကိုဘယ်လိုကြည့်တာလဲ"

"စိတ်ကစေခိုင်းတဲ့အတိုင်း သူ့လက်ကလိုက်လုပ်နေတာဆိုတော့ သူ့လက်ကိုမကြည့်ပဲ သူ့စိတ်ကိုမြင်အောင်ကြည့်တာက ပိုပြီးခရီးရောက်တာပေါ့"

"ဒါကတော့ အလေ့အကျင့်ရှိမှ ဖြစ်မှာပေါ့ဆရာရယ် ဒါထက် ဝက်ရုပ်ကျမယ်မှန်း ဘယ်လိုခန့်မှန်းသလဲ"

"အဲဒီအချိန်မှာ ဝက်ရုပ်ရှိတဲ့အကွက်ကို လူတွေသိပ်မကြိုက်ကြဘူး၊ ထိုးတဲ့သူလည်းနည်းတယ်၊ ဒါကလည်းသူတို့မှာအယူအဆတစ်ခုခုကြောင့်လည်း ဖြစ်မှာပေါ့"

"ဖြစ်နိုင်ပါတယ်"

"ဂျင်လှည့်တဲ့သူတွေဟာ သိပ်ကျွမ်းကျင်လာရင် လက်





အယူအဆ၊ အချိန်အဆကောင်းလာကြတယ်၊ အဲဒီလိုကျွမ်းကျင်တဲ့လူတွေက ကိုယ်လိုချင်တဲ့အရုပ် ပေါ်အောင် ကျအောင် လှည့်နိုင်ကြတယ်"

ထိုစကားကြောင့် တပည့်သုံးယောက်က ဒီပကိုတအံ့တသြ ကြည့်လိုက်ကြသည်။

"သူက အဲဒီအချိန်မှာ ဂျင်လှည့်ခါနီးတော့ လူတွေမကြိုက်တဲ့ဝက်ရုပ်ရှိတဲ့ အကွက်ကို ဖျပ်ခနဲတစ်ချက် လှမ်းကြည့်လိုက်တာကို ငါသတိပြုလိုက်မိတယ်၊ ဒါကြောင့်. . . သူ ဝက်ကျအောင်လှည့်တော့မှာကို ခန့်မှန်းမိတာနဲ့ ထွက်ထိုးလိုက်တာပဲ"

"တော်ပါပေတယ် ဆရာရယ်"

"ဒီလိုတော်လို့လည်း တရုတ်ဒိုင်တွေ ကော့ကျန်နေခဲ့ကြတာပေါ့ကွာ"

"ဒီကောင်တွေက လူလည်တွေပါ. . သူတို့က နည်းမျိုးပေါင်းစုံ အသုံးပြုပြီး လူတွေအပေါ်မှာ ကတုံးပေါ်ထိပ်ကွက်စားနေကြတာ၊ တစ်ခါတလေ ဒီလိုမြွေပွေးပိုးထိတဲ့အဖြစ်မျိုးနဲ့ကြုံရမှလည်းကောင်းတယ်"

"ဟား. . ဟား. . ဟား. . ဟား"

ဒီပတို့အဖွဲ့မှာ စားရင်းသောက်ရင်း အောင်ပွဲခံနေကြစဉ် သူတို့စားသောက်နေသော စားပွဲသို့ လူအချို့ရောက်လာကြသဖြင့် စကားပြတ်သွားကြသည်။

မြင်လိုက်တာနှင့် တရုတ်လော်ပန်၏ လူမိုက်များဖြစ်ကြောင်းသိလေသည်။


www.burmeseclassic.com

www.burmeseclassic.com

စုစုပေါင်း(၅)ယောက်ဖြစ်ပြီး သေနတ်များနှင့် ဓားများ ပါလာကြသည်။

ဒီပက ၄င်းတို့ဝင်လာသည်ကို မြင်သော်လည်း လုံးဝဂရုမစိုက်သောအမူအရာဖြင့် အရက်ခွက်ကို ပြန်ကောက်ယူပြီး တစ်ကျိုက်တည်းဖြင့် မော့သောက်လိုက်သည်။

ခေါင်းဆောင်လာသူက ဒီပရှေ့မှ ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

"ဘာကိစ္စရှိလို့လဲ"

"ငါတို့ဆီက ယူသွားတဲ့ရွှေချောင်းတွေကို ပြန်ထားခဲ့ပါ"

ဒီပက အရက်ဖန်ခွက်ကို ပြန်ချကာ တစ်ချက်ရယ်လိုက်သည်။

"မင်းတို့က လောင်းကစားဝိုင်တွေ မဟုတ်ဘူးလား၊ ကစားဝိုင်းထဲမှာရှုံးသွားတဲ့ ရွှေငွေတွေကို ဒီလိုပဲပြန်တောင်းလို့ ရသလား"

"ဒါပေမယ့် မင်းကမရိုးမသား ပညာသုံးပြီး နိုင်သွားတာဆိုတော့ ပြန်ပေးခဲ့ရမှာပေါ့"

"ငါမရိုးမသားလုပ်တယ်ဆိုတာ ဘယ်လိုသိသလဲ ဘယ်လိုသက်သေပြနိုင်သလဲ"

"တခြားသူတွေ မရိပ်မိပေမယ့် ငါတို့ဆရာကြီးကတော့ သိတယ်၊ ဒါကြောင့် ပြန်တောင်းခိုင်းလိုက်တာပဲ"

"ပြန်မပေးရင် ဘယ်လိုလုပ်မလဲ"





"ဒီနေရာကနေ အသက်ရှင်ရက်နဲ့ ပြန်ထွက်သွားခွင့် မပေးနိုင်ဘူး"

"မင်းတို့ လုပ်ချင်တိုင်းလုပ်လို့ရမလား၊ မင်းတို့မှာ သေနတ်ပါသလို ငါတို့မှာလည်း ပါတာပဲ"

ထိုသို့ပြောရင်း ဒီပကဝင်းဝတ်ထားသော လောင်းကုတ်အကျီကို ဟပြရာ. . ခါးမှာထိုးထားသော သေနတ်များကို တွေ့ရသဖြင့် ခေါင်းဆောင်မှာ အနည်းငယ်တွေဝေသွားသည်။

ထိုအခါ ဒီပကပြောသည်။

"ဒီနေရာမှာ သေနတ်မသုံးသင့်ဘူးဆိုတာ. . မင်းတို့လည်း သဘောပေါက်မှာပေါ့၊ သေနတ်သံကြားတာနဲ့ တခြားသက်နက်ကိုင်တွေရောက်လာရင် မင်းတို့ကစားဝိုင်းတွေ ပျက်မှာပေါ့"

"ငါတို့ရွှေတွေ ပြန်ထားခဲ့ပါ"

"လောင်းကစားဝိုင်းတွေဆိုတာ ငွေငွေချင်း၊ ရွှေရွှေချင်း၊ လောင်းကြေးထပ်ပြီး ဉာဏ်ပြိုင်ကြတာပဲ၊ ဉာဏ်သာတဲ့သူက နိုင်မှာပဲ၊ ဘာကြောင့် ပြန်တောင်းနေရတာလဲ မင်းတို့မရှက်ဘူးလား"

"ငါ့ဆရာကြီးအမိန့်ပေးလိုက်တဲ့အတိုင်း လုပ်ရမှာပဲ"

"ဒီလိုဆိုရင်တော့ မင်းနဲ့ငါနဲ့ တစ်ယောက်ချင်းသတ်မယ်၊ ငါ့ကိုနိုင်ရင် ရွှေချောင်းတွေကို ပြန်ယူသွားပေတော့၊ မင်းရှုံးရင်တော့ နောက်ထပ်လိုက်ပြီး မနှောင့်ယှက်နဲ့တော့. . ဘယ့်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ငါသဘောတူတယ်"

ဟုပြောဆိုပြီး အရက်ဝိုင်းသိမ်းကာ ထိုနေရာမှထလာကြလေသည်။

ထို့နောက် လူသူဝေးသော တောထဲသို့သွားကာ နှစ်ယောက်ချင်းယှဉ်ပြိုင်ရန်ဖြစ်သည်။

သေနတ်များကိုတော့ တပည့်များကို ဝေထားကြသည်။

ဒီပက ဓားတစ်လက်ကိုင်ပြီး တစ်ဖက်ခေါင်းဆောင်က လှံရောဓားပါ အသုံးပြု၍ရသော လက်နက်ကိုကိုင်လာသည်။

တစ်ဖက်ရန်သူက ဒီပထက် ကိုယ်လုံးကိုယ်ထည်ပိုကြီးလေသည်။

၄င်းတို့ တိုက်ခိုက်မည့်နေရာမှာ သစ်ပင်များမရှိပဲ အတန်အသင့်ကျယ်ဝန်းသော နေရာဖြစ်သည်။

တိုက်ပွဲစသည်နှင့် တစ်ဖက်ခေါင်းဆောင်က ဓားလှံကြီးကိုအသုံးပြုကာ တရကြမ်း ဝင်တိုက်လေသည်။

ထိုသူသည်. . ရှောင်လင်သိုင်းပညာကို အတန်အသင့်တတ်မြောက်ထားဟန်ရှိသဖြင့် ၄င်းကိုင်ထားသော လက်နက်ကိုတုတ်လိုရော ဓား၊ လှံကဲ့သို့ပါ အမျိုးမျိုးအသုံးပြုပြီး တိုက်ခိုက်လေသည်။

ဒီပကဓားတစ်လက်တည်းဖြင့် တိုက်ခိုက်ရသဖြင့် ရုတ်တရက်အနားကပ်၍မရနိုင်ပဲ ရှိနေလေသည်။

သို့သော်လည်း ဒီပကတိုက်ခိုက်ရာတွင် ခေသူမဟုတ်သောကြောင့် သွက်လက်စွာပင် ပြန်တိုက်လေသည်။





သံသံချင်းထိသောအသံများက အဆက်မပြတ်ပေါ်ထွက်နေသည်။

ဟိုဘက်ဒီဘက်ပါလာသော တပည့်များကတော့ သူ့ဘက်ကိုယ့်ဘက် အားပေးနေကြသည်။

ထိုသို့ အားပေးနေရင်းမှပင် အရေးအကြောင်းရှိပါက အသုံးပြုနိုင်ရန် သေနတ်များကိုလည်းအဆင်သင့် ကိုင်ထားကြသည်။

တိုက်ခိုက်နေသူနှစ်ယောက်ကတော့ လက်ရည်ချင်းမကွာလှသဖြင့် တစ်ယောက်နှင့်တစ်ယောက် အကွက်ချောင်းကာတိုက်ခိုက်နေရာမှ လူချင်းပူးမိသွားလေသည်။

ထိုအခိုက်မှာပင် တစ်ဖက်လူမှာ ဒီပနှင့်မျက်လုံးချင်းဆိုင်မိုး ကြည့်မိသွားသည်။

ထိုသို့ကြည့်မိသည်နှင့် မမြင်ရသောစွမ်းအားတစ်ခု ချုပ်ကိုင်လိုက်သကဲ့သို့ဖြစ်ကာ တစ်ကိုယ်လုံးတောင့်တောင့်ကြီးဖြစ်သွားတော့သည်။

ထိုကဲ့သို့ လျှပ်တစ်ပြက်ဖြစ်သွားသော အခြေအနေကို ဒီပကကောင်းစွာ အသုံးချလိုက်လေသည်။

လက်ထဲမှ ဓားဖြင့်ရင်ဝကို ထိုးသွင်းချလိုက်လေသည်။

"ဒုတ်"

"အင့်"

တစ်ဖက်ရန်သူမှာ မမျှော်လင့်ပဲခံလိုက်ရသဖြင့် မျက်လုံးကြီးပြူးထွက်ကာ ပါးစပ်ထဲမှသွေးများစီးကျလာက လဲကျ



www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။

ဒီပကာအားမှာ စွန်းပေနေသော သွေးများကို လဲကျသွားသူ၏အဝတ်များနှင့် သုတ်လိုက်ပြီးမှ ဓားအိတ်ထဲသို့ ပြန်ထည့်ကာ သူလူများရှိရာသို့ လျှောက်လာသည်။

နောက်မှလိုက်လာသော ရန်သူများမှာလည်း ခေါင်းဆောင်သေဆုံးသွားပြီးဖြစ်သောကြောင့် ဘာမှထပ်မပြောတော့ပဲ နောက်ကြောင်းပြန်လှည့်သွားကြလေတော့သည်။





# အခန်း [၁၁]

# ပဟေဠိဆန်သော ရန်သူလေလား

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

လေတိုးသံ၊ ကျေးငှက်များအော်သံမှလွဲပြီး အခြားမည်ည့်အသံမှ မကြားရပေ။

ထိုနေရာသည် တောင်ထိပ်တစ်ခုပေါ်၌ဖြစ်ပြီး မနီးဝေးမှ ကျောက်ဆောင်ပေါ်မှကျနေသော ရေတံခွန်လည်းရှိသည်။ ရေတံခွန် အနီးမှာရှိသော ကျောက်ဖျာတစ်ချပ်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်တစ်ယောက်ရှိနေသည်။

နီမောင်ပင်ဖြစ်သည်။

နီမောင်သည် အင်္ကျီကိုယ်ကျပ်နှင့် ဘောင်းဘီကို

ထားပြီး နဖူးမှာသားရေပြားတစ်ချောင်းကို သိုင်းစည်းထားသ

သူသည်တင်ပျဉ်ခွေထိုင်နေရင်း လက်နှစ်ဖက်ကို

ခွင်ထဲမှာယှက်တင်ထားသည်။ မျက်လုံးကိုမှိတ်ထားသည်။

လုံးမှိတ်ထားသောအချိန်မှာ နားအာရုံကိုစွင့်ထားသည်။ ဖွင့်

သည်။

နားအာရုံက အရာခပ်သိမ်းကို ကြားရသော်လည်း

ပြန့်လွင့်နေခြင်းမျိုးတော့မရှိပေ။ သူသည် စိတ်စွမ်းအားကို

တီးစေနိုင်သော ယောဂကျင့်စဉ်တစ်ခုကို ကျင့်နေသည်။

ရထားပြီးသော စိတ်စွမ်းအားများကို ထပ်မံမြှင့်တ

သည်။ သူနှင့်မနီးမဝေး သစ်ပင်တစ်ပင်အောက်မှာလည်း အ

တစ်ယောက်ရှိနေသေးသည်။

နီမောင်၏ဆရာဖြစ်သော ရှမ်းဆရာကြီး ဦးစိုင်း

ဖြစ်သည်။

ရှမ်းဆရာကြီး ဦးစိုင်းလုံမှာ အသက်(၆၀)ကျော်အ

ခန့်ရှိသော်လည်း အရပ်မြင့်မြင့်နှင့် ကိုယ်လုံးကိုယ်ထည် ပြ

သူဖြစ်သည်။

ဦးခေါင်းထိပ်မှာ ဆံကျင်ထုံးသေးလေးရှိပြီး . အ

ရောင် အင်္ကျီဘောင်းဘီတို့ကို ဝတ်ဆင်ထားသည်။

သူသည် ရိုးရာသိုင်းပညာများအပြင် ဗန်တိုပညာ





ိုင်းပြောင်းပြန်ပညာတို့ကို တတ်ကျွမ်းသည်။

စိတ်စွမ်းအား လေ့ကျင့်မှုမှာလည်း အဆင့်မြင့်သည်

ထိ တတ်ကျွမ်းလေသည်။

ဆရာကြီး ဦးစိုင်းလုံထံမှ ပညာသင်နေသူအချို့ ရှိသော်

ည်း သာမန်အဆင့်ဖြင့်သာ ပြီးသွားကြသည်။ တစ်နေ့လုပ်

စ်နေ့စား ဘဝများဖြစ်သဖြင့် သိုင်းပညာကို ကြာရှည်မသင်

ကြပေ။

တောတွင်းမှာ တောတိရစ္ဆာန်များ အန္တရာယ်နှင့် တွေ့

က ခုခံနိုင်ရန် . သဘောလောက်သာ သင်ကြခြင်းဖြစ်၏။

ထိုအထဲမှာ နီမောင်တစ်ယောက်ကတော့ တပည့်ရင်း

င်ဦးပမာ ဖွဲ့ကောင်းကောင်းနှင့် သင်ယူနေခဲ့ရာ အတော်အ

ခရီးပေါက်ခဲ့ပြီးဖြစ်သည်။

ထိုအကြောင်းကို နီမောင်က မည်သူ့ကိုမှ အသိမပေး

။ သူနှင့်အတူတူ သွားလာနေသော စောထီးနှင့် ငမဲအောင်

နှစ်ယောက်ကိုပင် အားလုံးပြောမပြပေ။ သူတို့နှစ်ယောက်က

ည်း နီမောင်တစ်ယောက် ဦးစိုင်းလုံထံမှာ ပညာသင်နေသည်

ာ သိကြသော်လည်း မည်ရွေ့မည်မျှလောက် တတ်မြောက်

သည်ကိုတော့ မသိကြပေ။

နီမောင်အနေကတော့ ထိုပညာကို ဝါသနာပါသော

ကြောင့် ဆရာကောင်းနှင့်တွေ့သောအချိန်တွင် ဂရုတစိုက်နှင့်

ယ်ယူနေခြင်းဖြစ်၏။

နီမောင်အနေဖြင့် တိုက်ခိုက်ရေးဘက်တွင် အတော်က



www.burmeseclassic.com

www.burmeseclassic.com

လေး ခရီးပေါက်ခဲ့ပြီမို့ ဦးစိုင်းလုံက စိတ်စွမ်းအားများကို အသ ချပြီး တိုက်ခိုက်နိုင်ရန်အတွက် ယောဂကျင့်စဉ်များအား သ ကြားပေးနေခြင်းဖြစ်သည်။

နားထဲမှာလည်း ဆရာကြီးဦးစိုင်းလုံပြောခဲ့သော စကား များက ပဲ့တင်ထပ်နေသည်။

"မျက်စိဆိုတာ ကြည့်လို့မြင်ရတယ်ဆိုပေမယ့်၊ သူ ထိခိုက်မိရင် မမြင်နိုင်တော့ဘူး၊ နားဆိုတာ နားထောင်ရင် ကြ ရတယ်ဆိုပေမယ့် တစ်စုံတစ်ခုနဲ့ ထိခိုက်မိသွားရင် မကြားရ ဘူး၊ မြင်တာရော ကြားတာပါ အသုံးချလို့ မရတော့ဘူးဆို ရန်သူနဲ့တွေ့တဲ့အခါ ဘယ်လိုတုံ့ပြန်မလဲ၊ ဘာနဲ့တိုက်ခိုက်

လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ စွမ်းအားအရှိဆုံးအ တစ်ခု ကျန်သေးတယ် တခြားမဟုတ်ဘူး စိတ်စွမ်းအင်ပဲ၊ စိ စွမ်းအားကောင်းနေရင် မျက်စိမမြင်ရလည်း ပူစရာမရှိဘူး မကြားရလည်း စိုးရိမ်စရာမရှိတော့ဘူး၊ စိတ်စွမ်းအားဆို ကိုယ်ထဲမှာရှိတာဆိုတော့ ဘယ်သူကမှလည်း လာပြီးဖျက်ဆီး မရနိုင်ဘူး၊ ဒါကြောင့် လူမမြင်ရတဲ့ လက်နက်တစ်ခုဖြစ်တဲ့ စိ စွမ်းအားကောင်းအောင် အမြဲကလေ့ကျင့်ရမယ်"

ထိုကဲ့သို့သော စကားသံများက နီမောင်၏ စိတ်အ ထဲမှာ ပဲ့တင်ထပ်နေလေသည်။

ထိုသို့လေ့ကျင့်နေစဉ် နောက်ဘက်မှ ဖြတ်ဝင်လာ အသံတစ်သံကို ကြားလိုက်ရသည်။

တစ်ချက်ကလေး စိတ်ပြန့်လွင့်သွားသဖြင့် ရှောင်





အချိန်မရတော့သဖြင့် လက်ဖျံနှင့် ရိုက်ဖယ်လိုက်ရသည်။

"ဖြောင်း"

လက်ဖျံတစ်ခုလုံး ကျင်တက်သွားသည်။

မျက်စိဖွင့်ကြည့်လိုက်တော့ သူ့အနားမှာ ဘယ်သူမှ တွေ့ရပေ။ မနီးမဝေးမှာ ဦးစိုင်းလုံ ရှိနေသော်လည်း ငြိမ်သက် ပင် ရှိနေသေးသည်။ စောစောက သူ့ဆီရောက်လာသော ရာကိုကြည့်လိုက်တော့ . တုတ်ပိုင်းတစ်ခု တွေ့ရသည်။

ထိုအခိုက်မှာပင် ဦးစိုင်းလုံရှိရာဘက်မှ တုတ်ပိုင်းတစ် ထပ်ဝင်လာသဖြင့် ရှောင်ပေးလိုက်ရသည်။ အရှိန်ပြင်းလှ သော တုတ်ပိုင်းက ခေါင်းပေါ်မှ ဝှီးခနဲကျော်သွားသည်။

လှမ်းကြည့်လိုက်တော့ ဦးစိုင်းလုံရှေ့မှာ တုတ်ပိုင်းအချို့ ထားသည်ကို လှမ်းမြင်ရသည်။

ထိုအခါမှ သဘောပေါက်သွားလေတော့သည်။

ဦးစိုင်းလုံက နေရာမှမထသေးသော်လည်း စိတ်စွမ်း အသုံးပြုကာ တုတ်ပိုင်းများဖြင့် သူရှိရာသို့ ပစ်ပေါက်နေ ဖြစ်သည်။

နီမောင်ကလည်း သူ့ဆီသို့ဝင်လာသမျှ တုတ်များကို အမျိုးမျိုးနှင့် ရှောင်ပေးနေရသည်။

နောက်ဆုံး တုတ်များကုန်သွားတော့မှ ရပ်သွားသည်။ ောင်လည်း ထိုအခါမှ ရှောင်တိမ်းရသည်ကို ရပ်လိုက်ရတော့ သည်။

အတန်ကြာတော့ ဦးစိုင်းလုံက နေရာမှထလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"စိတ်စွမ်းအား လေ့ကျင်နေရင်းနဲ့ ဘာတွေ အာရုံပြု
နေတာလဲ"

နီမောင်က သူအတွေးလွန်သွားသည်ကို သတိပြုမိ
ဖြင့် ဘာမှပြန်မပြောပဲ ရယ်နေလိုက်သည်။

"လူတစ်ကိုယ်လုံးမှာ ထိမ်းချုပ်ရတာအခက်ဆုံး
စိတ်ပဲ၊ ဒီစိတ်ကိုချုပ်တီးနိုင်မှ စွမ်းအားရမယ်၊ နောက်တစ်ကြိ
စိတ်စွမ်းအား လေ့ကျင့်တဲ့အခါမှာ ဘာမှမတွေးမိအောင် ဂရုစိ
ပါ"

"ဟုတ်ကဲ့"

နီမောင်က ဦးခေါင်းညွတ်ကာ ပြောလိုက်သည်။

"ကိုင်း. . မင်းဘယ်လိုအဆင့်မျိုး ရောက်နေပြီဆို
ငါစမ်းကြည့်မယ်၊ မင်းမျက်လုံးတွေကို အဝတ်နဲ့ ပိတ်စည်းထာ
လိုက်"

ဟုပြောသဖြင့် နီမောင်က ပဝါအနက်ဖြင့် မျက်နှာ
ပိတ်စည်းလိုက်သည်။

"ဒီစည်းထားတဲ့ပဝါကို ငါကဖြုတ်လို့ပြောမှ ဖြုတ်ရမယ်"

"ဟုတ်ကဲ့"

နီမောင်ကမျက်လုံးကို ပဝါဖြင့်စည်းပြီးနောက် စိတ်အ
ရုံကို စုစည်းလိုက်သည်။

မျက်စိကို ပဝါစည်းထားသော်လည်း သူ့အာရုံက ပ
ဝန်းကျင်တစ်ခုလုံးကို မြင်နေရသကဲ့သို့ရှိသည်။

နီမောင် မျက်နှာကို ပဝါဖြင့်စည်းခိုင်းထားပြီးမှ ဆ





ကြီးက သစ်ပင်တစ်ပင်အောက်မှာ အေးအေးဆေးဆေးထိုင်
က ကွမ်းဝါးနေသည်။

ခဏကြာတော့ သစ်တောထဲမှ တစ်ကိုယ်လုံး အဝတ်
များဝတ်ထားသော လူတစ်ယောက်ထွက်လာသည်။

မျက်လုံးနေရာမှာသာ ချန်ထားပြီး မျက်နှာကိုပါ အ
စည်းထားသဖြင့် ဘယ်သူဘယ်ဝါမှန်းတော့ မသိနိုင်ပေ။

တောထဲမှထွက်လာသူက ဆရာကြီးအနား ရောက်
သောအခါ ဆရာကြီးက လေးပေခန့်ရှည်သော တုတ်တစ်ချောင်း
ပေးလိုက်သဖြင့် ထိုသူကယူ၍ နီမောင်ရပ်နေရာ ဘက်သို့
ဖွပြီး လျှောက်လာသည်။

နီမောင်က ဘာမှမမြင်ရသဖြင့် ခြေသံကိုသာအာရုံပြု
နေသည်။

ခြေသံဖွဖွကြားရပြီး မရှေးမနှောင်းမှာပင် ကိုယ်ပေါ်သို့
သောတုတ်သံကြားရသဖြင့် ဘေးသို့ခုန်ရှောင်ထွက်သည်။
တ်ချက်ကလွဲသွားသော်လည်း ရိုက်သူကလည်းခေသူမဟုတ်
မိုး၍ရိုက်ချသော တုတ်ကမြေပေါ်မကျခင်မှာပင် အရှိန်
တ်ပြီး ဘေးတိုက်ပတ်ရိုက်သည်။

ဒီတစ်ကြိမ်တော့ နီမောင်က အပေါ်သို့ခုန်တက်သွားရာ
တ်ချက်နှင့် ဝေးသောနေရာ ရောက်သွားသည်။ ထိုနေရာ
ာက်မှ သူသတိပြုမိသည်မှာ တုတ်နှင့်ဝင်ရိုက်သူမှာ သူ့ဆရာ
ကြီး မဟုတ်မှန်းသိလိုက်သည်၊ ဆရာကြီးလက်ဆက ထိုလောက်
ပျော့ပေ။ ယခုတုတ်ချက်က အနည်းငယ် အားပျော့နေသည်။


www.burmeseclassic.com

www.burmeseclassic.com

သူရပ်နေရာသို့ နောက်မှပြေးလာကာ တုတ်ဖြင့်မိုးရိုက်ရာ ဘေးသို့အနည်းငယ်တိမ်းပေးကာ နောက်ပြန်ခုန်ဝင်သည်။

တိုက်ခိုက်သူက အရှိန်ဖြင့်ဝင်လာသောကြောင့် ကိုယ်ချင်းတိုက်မိသွားသည်။

"ဟင်"

စိတ်ထဲမှ အံ့ဩသွားသည်။

ဒါကပင် သူ့အမှားဖြစ်သည်။

နောက်တစ်ကြိမ် တုတ်ဖြင့်ပတ်ရိုက်သောအခါ ရှောင်ချိန်မရတော့ပေ။

"ဝိုး"

ပတ်ဝင်လာသောတုတ်ကို ခြေထောက်နှင့် ဆီးကန်ရာ ကျိုးသွားတော့သည်။

တုတ်သမားကလည်း ခေသူမဟုတ်သဖြင့်. . ကျိုးသွားသော တုတ်နှစ်ပိုင်းကို တစ်ဖက်တစ်ပိုင်းစီကိုင်ပြီး တရကြမ်းတိုက်ခိုက်လေသည်။

တစ်ကြိမ်မှာတော့ နီမောင်က ပြန်တိုက်သဖြင့် တုတ်တစ်ချောင်းလွင့်ထွက်သွားသည်။ နောက်တစ်ကြိမ် မိုးရိုက်သောအခါ ရှေ့သို့ခြေတစ်လှမ်းတိုးပြီး. . မိုးကျလာသော တုတ်ချက်ကိုရှောင်သည်. . ပြီးမှ. . ဘယ်လက်နှင့် တုတ်ကိုင်လက်ကို ရိုက်ဖယ်ပြီး ညာလက်ဖြင့် တုတ်သမားမျက်နှာကို လက်ဝါးစောင်းဖြင့် ခုတ်လိုက်လေသည်။

သို့သော် လက်ဝါးစောင်းက နှာခေါင်းမရောက်ခင်မှ





ရပ်တန့်သွားသည်။

စိတ်ထဲမှာ တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် ညာလိုက်ခြင်းပင်ဖြစ်၏။

ဒါကပင် သူ့အမှားဖြစ်တော့သည်။

မျက်နှာချင်းဆိုင် နီးနေသော တစ်ဖက်လူက သူ့ရင်ဝသို့ ခြေထောက်ဖြင့် ဆောင့်ကန်လိုက်ရာ ချက်ကောင်းထိသဖြင့် နောက်သို့ ပစ်လဲကျသွားတော့သည်။

"ဟား. . ဟား. . ဟား. . ဟား. . ဒါမှကောင်းတယ်ကဲ. . ကဲ. . မျက်နှာစည်းထားတဲ့ အဝတ်ကို ဖြည်လိုက်ပါတော့ကွာ"

ဆရာကြီးအသံကြားတော့မှ ကပျာကယာပြန်ထပြီး မျက်နှာစည်းထားသောအဝတ်ကို ဖြည်လိုက်သည်။

ကြည့်လိုက်တော့ မနီးမဝေးသစ်ပင်အောက်မှာ အေးအေးဆေးဆေးထိုင်ရင်း ကွမ်းဝါးနေသော ဆရာကြီးဦးစိုင်းလုံတစ်ယောက်သာရှိပြီး အခြားဘယ်သူမှ မတွေ့ရတော့ပေ။

နီမောင်က တအံ့တဩဖြင့် ဟိုဟိုဒီဒီ လိုက်ကြည့်တော့လည်း ဘယ်သူမှမရှိပေ။

"သူ ဘယ်ရောက်သွားပြီလဲဆရာကြီး"

"တောထဲ ပြန်သွားပြီ၊ ကိုင်း. . ပြောပါဦး၊ ရန်သူနဲ့ တိုက်ခိုက်နေရင်းကနေ ဘယ်လိုကြောင့် အရှိန်တုံ့သွားရတာလဲ"

"သူ. . သူက. . မိန်းကလေးတစ်ယောက်ဖြစ်နေလို့ ညာပေးလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com

"မိန်းကလေးဖြစ်ဖြစ်၊ ယောကျာ်းလေးပဲဖြစ်ဖြစ် မင်းကို တိုက်ခိုက်နေတာ မဟုတ်ဘူးလား၊ မိန်းကလေးမို့ ညှာပေးလိုက်တယ်ဆိုတော့ ခြေထောက်နဲ့ကန်သွားရုံမို့သာ တော်ရော့တယ် ဓားပါလို့ ဓားနဲ့ထိုးလိုက်မှုဖြင့် မခက်ပေဘူးလား"

နီမောင်က မချိသွားဖြဲကလေးဖြင့်ရယ်ရင်း. . .

"ကျွန်တော်မှားသွားပါတယ် ဆရာကြီး"

ဟု တောင်းပန်လိုက်သည်။

"ရန်သူမဟုတ်ရင်တော့ တောင်းပန်လို့ရတာပေါ့ကွာ၊ တကယ်လို့ ရန်သူဆိုရင် တောင်းပန်လို့ ရလိုက်မှာမဟုတ်ဘူး၊ တမလွန်ရောက်မှပဲ နောင်တရနေရလိမ့်မယ်၊

ကဲ. . . မင်းကို ဒဏ်ပေးတဲ့အနေနဲ့ ထပ်ပြီးလေ့ကျင့်ခိုင်းရဦးမယ်၊ ဟိုရေတံခွန်းနားသွားပြီး. . . ခန္ဓာကိုယ်ကြံ့ခိုင်မှုကောင်းအောင် လေ့ကျင့်ပေဦးတော့"

ဟုပြောသဖြင့် ရေတံခွန်ရှိရာဘက်သို့ ထွက်လာခဲ့ရလေတော့သည်။ ထိုသို့လျှောက်လာရင်းမှ သူ့စိတ်ထဲမှာ အတွေးပေါင်းများစွာပါလာလေသည်။

သူ့ကိုဝင်တိုက်ခိုက်တာ ဘယ်သူလဲ။

ဘယ်နေရာက ရောက်လာတာလဲ။

ဆရာကြီးက သူ့ကိုဘယ်လို ခေါ်လိုက်တာလဲ။

ဒါမှမဟုတ် လူတစ်ယောက် မဟုတ်ပဲ ကိုယ်ပွားဝိညာဉ်တစ်ယောက်များ ဖြစ်နေရော့သလား။

ထိုသို့တွေးကြည့်သော်လည်း. . အဖြေကတော့ မပေါ်





ပေ။ သို့သော် သူ့စိတ်ထဲမှာ မှတ်မှတ်သားသား ဖြစ်ကျန်ခဲ့တာ တော့ တစ်ခုရှိသည်။ အခြားမဟုတ်ပေ။

လူချင်းပူးကပ်သွားစဉ်က သူမထံမှရလိုက်သော ကိုယ်သင်းနံ့ပင်ဖြစ်သည်။

ထိုကိုယ်သင်းနံ့မျိုးကို. . နောင်တစ်ကြိမ် ပြန်တွေ့လျှင်လည်း သူ့စိတ်ထဲမှာ ကောင်းစွာမှတ်မိနေဦးမည်ကတော့ အသေအချာပင်ဖြစ်တော့သည်။

ထိုနေ့အဖို့တွင် နီမောင်အတွက်ကတော့ ပဟေဠိဆန်သောသူနှင့် တွေ့လိုက်ရခြင်းပင်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၂]

# ရေဲပန်းခင်းမှ အညတြဘဝများ

ပူလွယ်ရွာသည် တောင်တန်းပေါ်မှာ တည်ထားသော ရွာငယ်တစ်ရွာသာဖြစ်သည်။ ဖားပဲရွာ၊ ဟိုမိုင်းရွာတို့နှင့်လည်း ခရီးမဝေးလှပေ။ ခြေကျင်သွားလျှင် နေ့ဝက်ခရီးနှင့် ရောက်နိုင်ကြလေသည်။ ပူလွယ်ရွာသည် အိမ်ခြေသုံးလေးဆယ်ခန့်ရှိပြီး တောင်ယာစိုက်ခင်းများ၊ လက်ဖက်စိုက်ခင်းများရှိသည်။ အ



www.burmeseclassic.com

www.burmeseclassic.com

တော်များများကတော့ ဘိန်းစိုက်ပျိုးကြသည်။

ပူလွယ်ရွာမှာ ကျောက်ဖအုပ်ချုပ်သော ရွာဖြစ်သည်။ ပူလယ်ရွာ၏ကျောက်ဖမှာ ဦးခွန်ဘရင်ဖြစ်ပြီး မြဝင်းသူ၏ဖခင်ဖြစ်သည်။

ဦးခွန်ဘရင်မှာ အသက်(၆၀)အရွယ်ခန့်ရှိသော လားဟူအမျိုးသားဖြစ်သည်။ သူသည် ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်ပြီး မည်သည့်ကိစ္စမျိုးမဆို ဖြောင့်မတ်မှန်ကန်စွာ ဆုံးဖြတ်ပေးတတ်သောကြောင့် တစ်ရွာလုံးက လေးစားကြသည်။

မြဝင်းသူကတော့ ငယ်စဉ်ကတည်းက မိခင်သေဆုံးသွားသောကြောင့် မိတဆိုးသမီးဖြစ်ကာ ဖခင်၏ အလိုလိုက်ခြင်းခံရသူလည်းဖြစ်သည်။

ဦးခွန်ဘရင်မှာ ကျောက်ဖရာထူးရှိသည့်အပြင် တောင်ယာစိုက်ခင်းအများအပြား ရှိသည်။

သိုး၊ ဆိတ်၊ နွားတို့ မွေးထားသည်မှာလည်း အတော်များသည်။

တောင်ယာအလုပ်များနှင့် တိရစ္ဆာန်များ ထိန်းကျောင်းသောအလုပ်များကို အလုပ်သမားများကလုပ်ကိုင်ကြပြီး ဦးခွန်ဘရင်ကတော့ ရပ်ရွာကိစ္စများကိုသာ ဆောင်ရွက်ပေးနေရသည်။

မြဝင်းသူက မိန်းကလေးဖြစ်သော်လည်း တောပစ်ဝါသနာပါသူဖြစ်ရာ တောထဲသို့ အမြဲသွားလေ့ရှိသည်။ သူအသုံးပြုသော လက်နက်မှာ လေးနှင့်မြားဖြစ်သည်။ ငယ်စဉ်ကတည်းက လေးနှင့်မြားကို ကိုင်ဆောင်ခဲ့သောကြောင့် ယခုအခါတွင်





များစွာကျွမ်းကျင်နေချေပြီ။

သာမန်ပစ်မှတ်များကိုမဆိုထားနှင့် ပြေးနေသောသတ္တဝါများနှင့် ပျံနေသောငှက်များကိုပင် ထိမှန်အောင် ပစ်နိုင်သူဖြစ်သည်။

သူမသည် လှပချောမောသည့် မိန်းမပျိုဘဝရောက်နေသော်လည်း အလှအပကိုလည်း စိတ်မဝင်စားပေ။ ယောကျ်ားလေးတစ်ယောက်ကဲ့သို့ပင် ကြမ်းကြမ်းတမ်းတမ်း နေတတ်သူဖြစ်သည်။

ဖခင်ဖြစ်သူက ကျောက်ဖဖြစ်နေသည့်ကတစ်ကြောင်း၊ သူမပင်ကိုယ်စိတ်ကလည်း ကြမ်းသောကြောင့် တော်ရုံလူမျိုးကာလသားတို့ အနားမကပ်ဝံ့ကြပေ။ အရဲစွန့်ပြီး အနားကပ်လာပါကလည်း နောက်ကြောင်းပြန်လှည့်ပြေးရသည်က များသည်။

သူမသည် ယောကျ်ားလေးတစ်ယောက်ကို စိတ်ဝင်စားတတ်သူလည်း မဟုတ်ပေ။

၄င်းတို့နေသော အရပ်ဒေသတွင် လူပျိုတစ်ယောက်က အပျိုတစ်ယောက်ကို နှစ်သက်သဘောကျပါက တောထဲမှာ နှစ်ယောက်ချင်းတွေ့ပါက ပခုံးဖက်ပြီး စကားပြောခွင့်ရှိသည်။

ထိုသို့စကားပြောလာလျှင် ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ လက်ခံရသည်။

ထိုသို့စကားပြောသူရှိလာလျှင် မိန်းမပျိုမှာ အခြားအဖော်ပါလာလျှင်လည်း ဘာမှဝင်ရောက် ပြောဆိုပိုင်ခွင့်မရှိပဲ အခြားနေရာသို့ ရှောင်ပေးရသည်။


www.burmeseclassic.com

www.burmeseclassic.com



ပခုံးဖက်ပြီး စကားပြောနေသူက လွှတ်ပေးလိုက်တော့မှ အဖော်များနှင့်ရောပြီး ကိုယ်သွားလိုသောလမ်းကို သွားကြရသည်။

အချို့က ဘိန်းခင်းထဲမှာ လိုက်ပြီးစကားပြောသည်။

အချို့က တောထဲမှာလိုက်ပြီး စကားပြောသည်။

အချို့လည်း လူသွားလူလာရှိနေသော ရွာလမ်းမပေါ်မှာပင် ပခုံးဖက်ပြီး စကားပြောကြသည်။

မိန်းကလေးက ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပခုံးဖက်တာတော့ ခံကြရသည်။

ထိုသို့လာဖက်သည်ကို ခါးခါးသီးသီးငြင်းဆန်၍ မရပေ၊ မိန်းကလေးက မကြိုက်ကြောင်း ပြောလိုက်တော့မှ ပခုံးဖက်ပြီး လူပျိုစကားပြောနေသူက ဖြုတ်ကာ နေရာမှထွက်သွားတော့သည်။

သူထွက်သွားတော့မှ မိန်းကလေးလည်း လိုသောနေရာ သွားနိုင်လေသည်။

လူပျိုက ပခုံးဖက်ထားသောလက် မဖြုတ်မချင်း . . အတင်းရုန်းထွက်၍လည်းမရ၊ ရှောင်သွား၍လည်းမရပေ။

အတော်ဆန်းကြယ်သော လူပျိုလှည့်နည်းမျိုးပင်ဖြစ်၏။ သို့သော်လည်း တောင်တန်းဒေသပေါ်မှာ နေကြသော လူမျိုးစု အတော်များများမှာ ၎င်းတို့ဓလေ့ထုံးစံများရှိကြသည်။

နာဂတိုင်းရင်းသားအချို့မှာ ထို့ထက်ဆန်းကြယ်သော ဓလေ့ထုံးစံရှိကြသည်။





အရွယ်ရောက်လာသော လူပျိုအပျိုတို့မှာ မိဘများအိမ်မှာမနေပဲ သီးသန့်ဆောက်ထားသော လူပျိုဆောင်၊ အပျိုဆောင်များတွင် သွားနေကြသည်။

ထိုသို့နေရင်းမှ တစ်ဦးနှင့်တစ်ဦး သဘောကျလျှင် လူပျိုတစ်ယောက်က အပျိုနေသောအခန်းသို့သွားကာ အတူအိပ်စက်ခွင့်ရှိသည်။

အကယ်၍ မိန်းကလေးက မနှစ်သက်လျှင်တော့ အတူအိပ်ရန် အခြားအဖော်တစ်ယောက်ကို ရှာရသည်။ အကယ်၍မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးနှစ်ယောက် သုံးယောက်က ဝိုင်းကြိုက်နေကြလျှင် အရင်ဦးသူက အတူအိပ်ခွင့်ရသည်။

ထိုမိန်းကလေးအခန်းမှာ အခြားတစ်ယောက် ရောက်နေလျှင် အခြားသူများက ဘာမှပြဿနာမလုပ်ပဲ ရှောင်ပေးကြလေသည်။

ထိုသူနှင့် အဆင်မပြေပဲ ပြန်ထွက်သွားတော့မှ နောက်တစ်ယောက်က ဝင်အိပ်ခွင့်ရလေသည်။

ထိုကဲ့သို့သော ဓလေ့ထုံးစံမျိုးနှင့်စာလျှင်တော့ အပျိုတစ်ယောက်ကို လူပျိုတစ်ယောက်က ပခုံးဖက်ပြီး စကားပြောသောဓလေ့က လွန်သည်ဟုတော့ မဆိုသာပေ။

အဘယ်ကြောင့်ဆိုသော် . . . တောင်တန်းဒေသများ အသိပညာ မဖွံ့ဖြိုးသောကြောင့် ရှေးကထားခဲ့သော၊ ရှိခဲ့သော ဓလေ့ထုံးစံဟောင်းများကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

စေ နောက်လူများက လိုက်နာကျင့်သုံးကြသောကြောင့် ဖြစ်သည်။ သို့သော် တောင်တန်းဒေသပေါ်မှာ မိန်းမဖြစ်ရသည်မှာ တစ်ပန်းရှုံးသည်ဟု ဆိုရပေတော့မည်။

နောက်ပိုင်းကာလများမှာတော့ အချို့မိန်းကလေးများမှာ အသိဉာဏ်ရှိလာပြီး မိမိကိုထိခိုက်စေမည့် ဓလေ့ထုံးစံများကို ရှောင်ကြဉ်လာကြသည်။ ထိုမိန်းကလေးမျိုးထဲမှာ မြဝင်းသူက ရှေ့ဆုံးမှပါဝင်သူဖြစ်သည်။ တစ်ခါကတောထဲမှာ ပြန်လာစဉ် အခြားရွာမှ လူပျိုတစ်ယောက်က နောက်မှလိုက်လာပြီး ပခုံးကို ဖက်သည်။ မြဝင်းသူက အဖက်မခံပဲ ဖယ်ပစ်လိုက်သည်။

"နင် ဘာလုပ်တာလဲ"

"နင့်ကိုလူပျိုစကားပြောမလို့လေ"

"လူပျိုစကားပြောတာ ဒီအတိုင်းပြောပါလား"

"ဒီတစ်နယ်လုံးမှာ လူပျိုက အပျိုကိုသဘောကျရင် ပခုံးဖက်ပြီး စကားပြောနေကြတာပဲ၊ ဓလေ့ထုံးစံကို နင်မသိဘူးလား"

"ဓလေ့ထုံးစံရှိပေမယ့် မကောင်းတဲ့ဓလေ့ထုံးစံမျိုးကိုတော့ လက်မခံနိုင်ဘူး၊ ဓလေ့ထုံးစံကို အခွင့်ကောင်းယူပြီး . . မိန်းကလေးတစ်ယောက် အရှက်ရအောင်၊ ကြွေပျက်အောင် လုပ်တာမျိုးတော့ ငါလုံးဝလက်မခံဘူး၊ နင်စကားပြောရင် ဘေးနားက လိုက်ပြောလို့ရတယ်. . ငါ့အသား လာမထိနဲ့၊ ငါ့အသား လာထိရင်တော့ လက်ခံမှာမဟုတ်ဘူး"

ဟု မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်ရာ ထိုလူပျိုလည်း အနားမကပ်ဝံ့တော့ဘဲ တအံ့တဩဖြင့်ကြည့်ကာ ထိုနေရာမှ ထွက်သွားလေတော့သည်။





မြဝင်းသူ ဖခင်ပိုင်သော ဘိန်းစိုက်ခင်းအတော်များများ ရှိသည်။

ယခုအချိန်သည် ဘိန်းအစေးခြစ်ရမည့်အချိန်၊ ဘိန်းပေါ်ချိန်ဖြစ်သောကြောင့် ဘိန်းခင်းထဲမှာ မိန်းမပျိုလေးများ ရှိနေကြပြီး နေရာအနှံ့မှ သီချင်းသံများ တကြော်ကြော်ကြားရလေသည်။

ဘိန်းစေးခြစ်သောအလုပ်မှာ လွန်စွာလက်ဝင်လှသောအလုပ်ဖြစ်ရာ အမျိုးသမီးများနှင့် သင့်တော်သောအလုပ်မျိုးဖြစ်သည်။

နံနက်ခင်းနေရောင်ခြည် ရလာပြီဆိုသည်နှင့် ဘိန်းစေးခြစ်သောအလုပ်ကို စလုပ်ကြသည်။ ဘိန်းသီးပေါ်သို့ သံပြားအချွန်လေးဖြင့် အသာကလေးခြစ်ရသည်။

သဘောကတော့ သင်္ဘောသီးစိမ်းကို သံပြားချွန်များဖြင့် ခြစ်လိုက်သောအခါ အစေးဖြူဖြူများထွက်သည်။ ဘိန်းသီးသည်လည်း ထိုကဲ့သို့အစေးဖြူများ ထွက်သည်။ ဘိန်းသီးပေါ်မှာ ထောက်ဆေးခြစ်သလောက်သာ အခွံပေါက်သည်ဆိုရုံကလေး ခြစ်ရသည်။

ထိုသို့ခြစ်သောအခါ အစေးက အောက်သို့စီးကျမသွားဘဲ ခြစ်ကြောင်းထဲမှာပင် ခဲနေသည်။ နေအပူရှိန်နှင့်ထိလျှင် အစေးက ခဲသွားသော်လည်း မိုးရွာချလိုက်လျှင်တော့ ခြစ်ထားပြီး အစေးများ အောက်သို့ထွက်ကျကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိန်းစေးခြစ်သောအလုပ်မှာ များစွာအနုစိတ်သော အလုပ်ဖြစ်သည်။

ဘိန်းသီးနုလွန်းလျှင်လည်း အစေးမရ၊ ရင့်လွန်းလျှင်လည်း ခြောက်သွားသဖြင့် အစေးမရတော့ပေ။

ဒီကနေ့ ဘိန်းသီးများမှာ သံပြားချွန်ဖြင့် ခြစ်ထားခဲ့လျှင် နောက်တစ်နေ့(၂၄)နာရီတွင်. . အစေးများက ခြစ်ရာအစင်းကြောင်းထဲမှာ ပြည့်နေပြီ။ ထိုအစေးခဲများကို ထုတ်ယူရခြင်းဖြစ်၏။ အစေးခြစ်ထားသော ဘိန်းခင်းထဲရောက်သောအခါ အမျိုးသမီးများ ရင်ဘောင်တန်းပြီး ရပ်ကြသည်။

တစ်ယောက်နှင့်တစ်ယောက် နှစ်လံကွာခန့်ခြားသည်။

အမျိုးသမီးသည် လွယ်ထားသော ဝါးခြင်းကလေးထဲ သွေ့ခြောက်နေသော ဘိန်းပွင့်ဖတ်တစ်ဖတ်ကိုရိုက်၍ သူမ ဘယ်ဘက်လက်ဖဝါးပေါ်တွင် ဖြန့်တင်ထားလိုက်သည်။

ထိုနောက် လက်ယာလက်မ လက်သည်းခွံကို အာငွေ့နှင့် မှုတ်လိုက်ပြီး ထိုလက်သည်းခွံနှင့် ဘိန်းသီးခြစ်ကြောင်းပေါ်တွင် ခဲနေသော. . နီညိုညိုမဲညစ်ညစ် အဆင်းရှိသည့်ဘိန်းကို ကော်၍ယူလိုက်သည်။

ပြီးသည်နောက် ခြစ်ကြောင်းကြားထဲတွင် တင်နေသော ကျန်ကောင်းကျန်ရာများကို လက်သည်းစောင်းနှင့် ထိုးယူလိုက်သည်။

တို့ယူပြီး လက်သည်းခွံပေါ်၌တင်နေသော ဘိန်းများကို လက်ဝဲလက်ကဘိန်းပွင့်ဖတ်ပေါ်တွင် သုတ်လိုက်သည်။





ပြီးလျှင် နောက်တစ်ပင်သို့ပြောင်းပြီး ထိုနည်းအတိုင်း လက်သည်းခွံကို အာငွေ့ပေးပြီး အစေးကော်ပြန်သည်။

ဘိန်းသိမ်းရာ၌. . အာငွေ့မှာမပါမပြီး မသုံးမဖြစ်သော အစွည်းဖြစ်သည်။ အာငွေ့မပါလျှင် လက်သည်းခွံတွင် ဘိန်းစေးများကပ်နေမည်။

ဘိန်းသီးတစ်လုံးကို သိမ်းရာ၌အနည်းဆုံး နှစ်ကြိမ်သုံးကြိမ် လက်သည်းကို အာငွေ့ပေးရပါသည်။

လေး,ငါးကြိမ် အာငွေ့ပေးရသည်လည်း ရှိသည်။

ဘိန်းသိမ်းသူများ ပင်ပန်းသည်ဆိုသည်မှာ အာငွေ့ပေးခြင်းကို ဆိုလိုပါသည်။ အာငွေ့ပေးရလွန်းသဖြင့် ဘိန်းသိမ်းသူသည် လည်ချောင်းခြောက်သည်၊ လည်ချောင်းကွဲသည်။ အသံဝင်သည်၊ ချောင်းဆိုးကြသည်။

ထို့ကြောင့် လွယ်ထားသော ရေဘူးကလေးထဲမှ ရေကို အာစိုအောင် ခဏခဏသောက်ပေးနေကြရသည်။

ဘိန်းသိမ်းသူများသည် သူ့ထက်ငါပြိုင်၍ သိမ်းကြသောအခါ အာငွေ့ပေးရလွန်းခြင်းနှင့် ဘိန်းစိမ်းနံ့မွှန်ခြင်းကြောင့် နှလုံးထိပြီး မတ်တတ်ကလဲကာ မေ့မြောသွားရသည်များပင် ရှိသည်ဟု ဆိုပါသည်။

လက်ဝဲလက်ဖဝါးပေါ်မှ ပွင့်ဖတ်တွင် ဘိန်းစေးတွေ တဖြည်းဖြည်းများ၍ မို့မောက်လာသောအခါ ထိုအောက်ခံပွင့်ဖတ်နှင့်လုံးပြီး ခြင်းကလေးထဲ ထည့်လိုက်သည်။

ထို့နောက် အခြားပွင့်ဖတ်အသစ်တစ်ဖတ်နှင့် အလုပ်



www.burmeseclassic.com

www.burmeseclassic.com

ကိုပြန်စပြန်သည်။

ဘိန်းပွင့်၏သဘာဝသည် အသီးတင်လာချိန်၌ ပွင့်ဖတ်များကို ပွင့်အာ၍ခြွေချလေ့ရှိသည်။

ထိုခြွေချလိုက်သော ပွင့်ဖတ်များကို ကောက်ထားပြီး ဘိန်းသိမ်းသောအခါ၌ အောက်ခံအဖြစ်လည်းကောင်း၊ ဘိန်းပိဿာထုပ်များ ထုပ်သောအခါ၌. . အပြင်ဖက်အဖြစ်လည်းကောင်း၊ ဘိန်းအထွက်တိုးအောင် ပြုလုပ်ရာ၌ ရောနှောပစ္စည်းအဖြစ်လည်းကောင်း ထိုပွင့်ဖတ်များကို အသုံးပြုကြပါသည်။

မိုင်းဆတ်ရွှေတြိဂံမြေတွင် အဖြူပွင့်သောဘိန်းနှင့် ခရမ်းရောင် (အနီ)ပွင့်သောဘိန်း နှစ်မျိုးသာ များသောအားဖြင့် စိုက်လေ့ရှိရာ အဖြူပွင့်ဖတ်ကပါး၍ နူးညံ့သည့်အတွက် ဘိန်းသိမ်းရာ၊ ဘိန်းပြင်ရာ၌ အဖြူပွင့်ဖတ်ကို အများဆုံးအသုံးပြုကြသည်။

ခရမ်းရောင် (အနီ)ပွင့်ဖတ်နှင့် အခြားအရောင်ပွင့်ဖတ် အမျိုးအစားများမှာ မာ၍ထူသောကြောင့် ဘိန်းညံ့မှာစိုးပြီး အဖြူပွင့်ဖတ်မရှိမှသာ. . အနီပွင့်ဖတ် သို့မဟုတ် အခြားအရောင်ပွင့်ဖတ်များကို သုံးကြသည်။

ဟိုမိုင်းလွှင်ပြင်၏ ဘိန်းထွက်နှုန်းသည် တစ်ဧကလျှင် (၂)ပိဿာနှုန်းထွက်ပြီး တစ်နေ့လျှင် လူတစ်ကိုယ်(၁၅)ကျပ်သားမှ (၂၅)ကျပ်သားအထိ သိမ်းနိုင်သည်။

ဘိန်းသီးတစ်လုံးလျှင် (၁)ရွေးသားမှ (၄)ရွေးသားအထိ ထွက်ပေသည်။





ဘိန်းစေးခြစ်ခြင်း၊ ဘိန်းသိမ်းခြင်းကို နည်းအမျိုးမျိုးနှင့် လုပ်ဆောင်ကြလေသည်။

အချို့အခင်းများတွင် ဘိန်းသီးကို သုံးခွရှိသော သံပြားကလေးနှင့် အထက်မှအောက်အထိ တစ်နေ့တွင် တစ်ကြိမ်သာ ခြစ်သည်။

ဤသည်မှာ တစ်နေ့ကို အစင်းသုံးကြောင်းခြစ်သည်ဟု တွက်ယူသည်။

နောက်တစ်နေ့တွင် ထိုခြစ်ထားသောခြစ်ရာအစင်းသုံးကြောင်းကထွက်သည့် ဘိန်းစေးကို သိမ်းသည်။

ပြီးလျှင် နောက်ထပ်အစင်းသုံးကြောင်းကို မခြစ်ရသေးသောနေရာ၌ ခြစ်လိုက်ပြန်သည်။

ထိုနည်းဖြင့် အဆိုပါဘိန်းသီးတွင် ခြစ်စရာနေရာလွတ် မကျန်သည့်အခါမှ အခြစ်ရပ်သည်။

အလွန်လက်ဝင်ပြီး ဘိန်းသီးတစ်လုံးကို အလီလီအလာလာ ခြစ်ရရာ လေး,ငါးရက် ခြစ်ရသိမ်းရသည်။

ဘိန်းခင်းငယ်လျှင်. . . စိုက်ခင်းပိုင်ရှင်များ ကိုယ်တိုင်ဆောင်ရွက်ကြသည်။ ဘိန်းခင်းကြီးပါက လုပ်ငါးခ နေ့တွက်ပေးရပြီး ကျွမ်းကျင်မှုမရှိကြပါက အချိန်ကုန်ပြီး အကုန်အကျများကာ စိုက်ခင်းရှင်များအတွက် တွက်ခြေမကိုက်လှပေ။

ဘိန်းပွင့်သည် အသီးတင်သည့်အချိန်တွင် သူ့ပွင့်ဖတ်များကို တစ်ဖတ်ပြီးတစ်ဖတ် ခြွေချပေသည်။

ဘိန်းသိမ်းသူက ကြွေကျသော ဘိန်းပွင့်ဖတ်များကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ပြီး နေရိပ်မှာ အခြောက်ခံရပါသည်။

အချို့ကို. . . အလျားလေးလက်မ၊ အနံတစ်ပေခန့်ကြီးသော ချပ်ပြားဖြစ်နေအောင် ပွင့်ဖတ်လေး,ငါး,ခြောက်ဖတ် ထပ်ပြီးနေလှမ်းကြရသည်။

ဘိန်းစေးသိမ်းသည့်အခါတွင် ဘိန်းစေးကို ခြောက်နေတဲ့ ပွင့်ဖတ်နှင့်ခံယူပြီး ထိုပွင့်ဖတ်ဖြင့်ပင် လုံးထွေးထားလိုက်ရသည်။

ဘိန်းစေးများသိမ်းပြီး ပိဿာလုံးများလုပ်သည့်အခါ ချပ်ပြားကဲ့သို့ဖြစ်နေသည့် ပွင့်ဖတ်ပြားကြီးနှင့် အပြင်ကကပ်၍ ပတ်လိုက်လျှင် ဘိန်းပိဿာလုံးကြီး ဖြစ်သွားပါသည်။

အပြင်မှကပ်ပြီး ပတ်ထားသည့်. . ပွင့်ဖတ်ချပ်ပြားကြီးသည် ကြာလျှင် ဘိန်းအသားနှင့်ရောပြီး ဘိန်းဖြစ်သွားပေသည်။

ဘိန်းကို ပွင့်ဖတ်နှင့်ထုပ်ခြင်းမှာ. . ဘိန်းအလေးချိန်တိုးအောင်လုပ်ခြင်းသာ မဟုတ်ပေ။ ရှေးအစဉ်အလာအတိုင်း ထုပ်ကြခြင်းဖြစ်သည်။ ဘိန်းခင်းမှာ မိုင်းကိုင်စက္ကူမသုံးပေ။

ဘိန်းတိုးအောင်လုပ်ရာတွင် သုံးသောနည်းနှစ်နည်းသာရှိသည်။

တစ်နည်းမှာ ပွင့်ဖတ်နှင့် ထုပ်ထားသော ဘိန်းတစ်လုံးမှာ ပွင့်ဖတ်ချပ်ပြားသည် ဘိန်းသားနှင့်ရောသွားသည့်အခါ. . နောက်တစ်ထပ်ဘိန်းရွက်နှင့် ပြန်ထုပ်ကြသည်။

ထိုအခါ အလေးချိန်ချိန်ကြည့်ပါက ဘိန်းတစ်လုံးတွင် တစ်ဆယ်သား၊ ဆယ့်ငါးကျပ်သားခန့် တိုးလာသည်။





ဘိန်းရွက်သည် ဘိန်းသားနှင့်တစ်သားတည်း မဖြစ်ပေ။

အခြားတစ်နည်းမှာ ပွင့်ဖတ်ချပ်ပြားနှင့် ထုပ်ထားသော ဘိန်းလုံးကို အရက်ဆွတ်၍ နောက်ထပ်ပွင့်ဖတ်ချပ်ပြားနှင့် ပြန်ပြီးကပ်လိုက်ပါက အတွင်း၌မူလရှိနှင့်ပြီးသော ပွင့်ဖတ်ချပ်ပြားဟောင်းသည် ပူပြီး ဘိန်းသားထဲစိမ့်ဝင်သွားပါသည်။

နောက်ကပ်သည့် ချပ်ပြားကလည်း ဘိန်းနှင့် တစ်သားတည်းရောနှောပေါင်းစပ်သွားလျှင် ဘိန်းတစ်လုံးမှာ တစ်ဆယ်သား၊ ဆယ့်ငါးကျပ်သားခန့် အလေးချိန်တိုးလာပြီး ဝင်ငွေတိုးလာနိုင်သည်။

အထက်ပါရေးသားဖော်ပြချက်များမှာ ဘိန်းစိုက်ခင်းများကြားမှာ ကျင်လည်ကြရသော ဒေသခံအချို့တို့၏ ဘဝအကြောင်းများနှင့် ဘိန်းစိုက်ပျိုးထုတ်ယူပုံ အကြောင်းအရာအချို့ပင်ဖြစ်ပေသည်။

ဘိန်းခင်းများမှာ အလုပ်လုပ်နေကြရသော အမျိုးသမီးတို့ဘဝမှာ ကြမ်းတမ်းလှသည်။

ထိုဒေသတွင် အစစအရာရာ မိန်းမများကပင်ဦးဆောင်လုပ်ကိုင်ပြီး ရှာဖွေကျွေးမွေးရသော ဘဝများဖြစ်သည်။

အိမ်ထောင်ကိုဦးစီးပြီး လုပ်ကိုင်ကျွေးမွေးနိုင်သည့် ယောကျ်ားမျိုးကရှားသည်။

အများအားဖြင့်တော့ ဘိန်း၏သားကောင်ဘဝ ရောက်နေကြသူက များလေသည်။

တောင်ယာခုတ်မည်ဆိုလျှင် ယောကျ်ားတို့က သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုမျိုး ခုတ်လှဲပေးသော တာဝန်ကိုသာယူသည်။

အကိုင်းအခက်ရှင်းခြင်း၊ မီးရှို့ခြင်း၊ မြေပေါက်ခြင်း၊ ပေါင်းသင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ရလာသော စပါးကို ဆန်ဖြစ်အောင်ဖွပ်ခြင်း အစရှိသောအလုပ်များကို မိန်းမများက ဒိုင်ခံလုပ်ကိုင်ကြရလေသည်။

ထမင်းချက်ပြီး ထမင်းဖြစ်တော့မှ ဘိန်းရှူရာမှ ထလာပြီး ထမင်းစားကြသည်။

အရောင်းအဝယ် ကိစ္စဆိုလျှင်လည်း မိန်းမများကသာ လုပ်ကိုင်ကြရသည်။

တောင်ယာထွက်အသီးအနှံများကို နောက်လွယ်ခြင်းထဲသို့ တစ်နင့်တစ်ပိုးထည့်ကာ တောင်ကြီးတောင်ငယ်များကို အတန်တန်ကျော်ပြီးသွားရောက် ရောင်းချကြရသည်။

ထို့အပြင် ဝါဖန်၊ ဗိုင်းငင်၊ ဂျပ်ယက်၊ ရေခပ်၊ ထင်းခွေ၊ အရက်ချက်၊ ဝက်စာ၊ ကြက်စာကျွေးသည့် အလုပ်များပါမကျန် မိန်းမများကသာ ဒိုင်ခံလုပ်ကျွေးကြရသည်။

ထိုအရပ်ဒေသမှာရှိကြသော မိန်းမများမှာ ယောက်ျား ရသော်လည်း အားကိုးလောက်သော ယောက်ျားမျိုး အရနည်းကြသဖြင့် ကိုယ်ထူကိုယ်ထပင် လုပ်ကိုင်ရှာဖွေစားသောက်ကြပေရာ ၎င်းတို့က ကျန်းမာသန်စွမ်းနေကြပြီး ဘိန်း၏ကျေးကျွန်ဘဝ ရောက်နေကြသည့် ယောက်ျားများကတော့ လူစဉ်မမီပဲ ရှိကြသည်က များလေသည်။

ထိုသို့ ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရသော်လည်း သူတို့





မှာ ရထားသောဘဝမှာ ပျော်ရွှင်ကျေနပ်နေကြလေသည်။

မည်သည့်အလုပ်ကို လုပ်နေရစေကာမူ သီချင်းကလေး တကြော်ကြော်နှင့် နေတတ်ကြသည်။

ယခုလည်း ဘိန်းခင်းများဘက်မှ ဘိန်းစေးခြစ်နေကြသည့် မိန်းမပျိုလေးများရှိရာမှ သီချင်းသံများက လေနှင့်အတူ ပြန့်လွင့်လာသည်။

ဘိန်းစေးခြစ်နေသော ဘိန်းစိုက်ခင်းများနှင့် မနီးမဝေးမှာတော့ လူအချို့ရှိနေကြသည်။

ဘိန်းစိုက်ခင်းပိုင်ရှင် ကျောက်ဖ ဦးခွန်ဘရင်းနှင့် ဘိန်းအရောင်းအဝယ်လုပ်နေသော ဒီပတို့ပင်ဖြစ်သည်။ ၎င်းတို့မှာ ဘိန်းပေါ်ချိန်ဖြစ်သောကြောင့် ဘိန်းအရောင်းအဝယ်ကိစ္စအတွက် စကားပြောနေကြခြင်းဖြစ်ပြီး. ,မကြာခင် ကျင်းပပြုလုပ်မည်ဖြစ်သော 'နှစ်သစ်ကူးပွဲတော်'အတွက်လည်း ဆွေးနွေးတိုင်ပင်နေကြခြင်း ဖြစ်သည်။

ဒီပမှာ ကျောက်ဖတစ်ဦး မဟုတ်သော်လည်း ဆိန်းအရောင်းအဝယ်ပြုလုပ်နေသူဖြစ်သဖြင့် လူရည်လည်ကာ အပေါင်းအသင်းများသူတစ်ဦးဖြစ်သည်။

အစိုးရအဖွဲ့များနှင့်သော်လည်းကောင်း၊ ဒေသမှာရှိသော လက်နက်ကိုင်အဖွဲ့များနှင့်သော်လည်းကောင်း. ,အဆင်ပြေအောင် ပေါင်းသင်းနိုင်သူဖြစ်သည်။

ထို့ကြောင့် ဦးခွန်ဘရင်ကိုယ်တိုင်က အရေးကြီးသော ကိစ္စများပြုလုပ်ပါက ၎င်းတို့နှင့်တိုင်ပင်ပြီး ပြုလုပ်ဆောင်ရွက်ရ



www.burmeseclassic.com

www.burmeseclassic.com


လေသည်။

မြဝင်းသူက ဘိန်းခင်းများဘက်သို့ ပတ်ကြည့်ပြီးနောက် ရွာဘက်သို့ ပြန်လာရာ ဒီပကလှမ်းမြင်သောအခါ နောက်မှ လိုက်လာလေသည်။

အနီးသို့ ရောက်ဇသောအခါ ဒီပက မြဝင်းသူပခုံးကို ဖက်လိုက်လေသည်။

မြဝင်းသူက အဖက်မခံပဲ လက်ကိုဖယ်ချလိုက်သည်။

"နင်ကလည်းဟာ. . . လူပျိုတစ်ယောက်က အပျိုတစ်ယောက်ကို ပခုံးဖက်ပြီးစကားပြောတာ အဆန်းမှမဟုတ်တာ"

"အဲဒီမိန်းမတွေထဲမှာ ငါမပါဘူး"

"မာနကြီးတယ်ဆိုတာ နေရာတကာတိုင်းမှာ မကောင်းဘူး မြဝင်းသူရဲ့၊ တစ်နေ့ကျရင် ကိုယ့်ကိုပြန်ပြီး ဒုက္ခပေးတတ်တယ်"

"အဲဒါ နင့်အပူ မပါပါဘူး"

မြဝင်းသူက ပြောရင်းနှင့်ပင် လျှောက်လာသောအခါ ဒီပက နောက်မှလိုက်လာသည်။

"ငါ နင့်ကိုပြောစရာရှိတယ်"

"ဘာပြောမှာလဲ"

"ငါနင့်ကို သဘောကျတယ်. . ချစ်တယ်၊ ဒါကြောင့် နင့်အဖေဆီမှာ ခွင့်တောင်းပြီး လက်ထပ်ယူချင်တယ်"

"နင်ပြောချင်တာ ဒါပဲလား"

"ဟုတ်တယ် အဓိက,ကတော့ဒါပဲ"



"နင်ကို ငါသဘောမကျဘူး မချစ်နိုင်ဘူး၊ နင်က အဖေ့ဆီမှာ လာတောင်းရင်လည်း ငါကတော့ လက်ခံမှာမဟုတ်ဘူး"

"ဒါပေမယ့် နင့်ကိုငါ ရအောင်ယူဖို့ စိတ်ပိုင်းဖြတ်ထားတယ်"

မြဝင်းသူက တစ်ချက်ရယ်လိုက်သည်။

"နင်က ငါ့ကို တခြားမိန်းမတွေလို အလွယ်တကူနဲ့ရမယ့်မိန်းမမျိုးလို့ ထင်နေတာလား၊ ငါစိတ်ထဲမှာ မနှစ်သက်ပဲနဲ့ ဘယ်သူ့လက်ထဲမှ အရောက်ခံမယ့်သူမျိုး မဟုတ်ဘူးဆိုတာတော့ မြဲမြဲမှတ်ထားပါ"

ဟုပြောပြီး နေရာမှထွက်သွားလေရာ ဒီပမှာ အံကြိတ်ထားရင်းမှ နေရာတွင်ရပ်လျက်သား ကျန်ခဲ့လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၁၃]

## နှစ်သစ်ကူးပွဲတော်နှင့် အသက်လုပွဲ

ထိုနယ်တစ်ကြောမှာတော့ ပူလွယ်ရွာမှာကျင်းပသော နှစ်သစ်ကူးပွဲတော်ကတော့ အကြီးကျယ်ဆုံး၊ အစည်ကားဆုံး ဖြစ်လေသည်။ ထိုပွဲတော်သို့ နေရာဒေသ အသီးသီးမှလူများ လာရောက်ဆင်နွှဲကြလေသည်။

ရိုးရာဓလေ့အရ ပြုလုပ်သော ပျော်ပွဲရွှင်ပွဲများအပြင် လူအများစိတ်ဝင်စားသော ပွဲတစ်ခုလည်းပါသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com


ထိုပွဲမှာ အနယ်နယ်အရပ်ရပ်မှ ရောက်လာကြသူများ တစ်ဦးချင်းယှဉ်ပြိုင်တိုက်ခိုက်ရသော ပွဲဖြစ်သည်။

မိမိနှစ်သက်ရာ လက်နက်ကိုင်ပြီး တိုက်ခိုက်ကြခြင်းဖြစ်လေသည်။

ထိုပွဲတွင် ရှုံးပါက ဒဏ်ရာရရုံအပြင် အသက်သေဆုံးရသည့်အခါလည်း ရှိသည်။

အနိုင်ရပါက လူအများက ဝိုင်းဝန်းဆုချသော ရွှေတုံးရွှေချောင်းများ၊ ငွေဒင်္ဂါးများအပြင် မိမိနှစ်သက်သော အပျိုတစ်ယောက်ကိုပြပါက ထိုပွဲကိုကျင်းပပေးသော ကျောက်ဖက ချက်ချင်းလက်ထပ်ပေးရသည်။

မိန်းကလေးများကလည်း ထိုကဲ့သို့သော သူများကတောင်းလျှင် မငြင်းကြပေ။

ပွဲတော်အတွင်းမှာ ထိုကဲ့သို့ အတောင်းခံရသည်ကိုပင် ဂုဏ်ရှိသည်ဟု ထင်တတ်ကြသည်။

အဘယ်ကြောင့်ဆိုသော် သာမန်လူတစ်ယောက်၏ မိန်းမဖြစ်ရသည်ထက်၊ သတ္တိရှိသောလူတစ်ယောက်၏ မိန်းမဖြစ်ရသည်က ဂုဏ်ရှိသည်ဟု ထင်ကြသောကြောင့်ဖြစ်သည်။

ထိုပွဲသို့ ယောကျာ်းများသာမကပဲ သတ္တိရှိသောမိန်းမများပါ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထိုပွဲတော်မှာ ဒန်းစီးပွဲတော်ထက် လူအများပိုမို စိတ်ဝင်စားပြီး အသက်အန္တရာယ်နှင့်လည်း နီးလေသည်။

မည်သို့ပင်ရှိစေ သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး ဆိုသကဲ့သို့ အသက်မသေပဲ အနိုင်ရပါက တစ်နှစ်လုံးရှာသော်မှ မရနိုင်သော ရွှေ၊ ငွေ၊ မိန်းမတို့ကို ရနိုင်သဖြင့် အနယ်နယ်အရပ်ရပ်မှ အားခဲပြီး လာရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

ထိုပွဲတော်သို့ ယိုးဒယားဘက်မှ တိုက်ခိုက်ရေးသမားများ၊ တရုတ်ပြည်ဘက်မှလာသော သိုင်းသမားအချို့ပါ လာရောက်ယှဉ်ပြိုင်ကြသည်။

အနိုင်ရပါက ရွှေ၊ ငွေ၊ ဘိန်း၊ မိန်းမတို့ကို ယူဆောင်ပြီး ပြန်သွားလေ့ရှိသည်။

ယခုနှစ်မှာလည်း ထိုပွဲတော်ကြီးကို အကြီးအကျယ်ကျင်းပရန် ပြင်ဆင်နေကြသည်။

ဘိန်းသိမ်းပြီးစ ရာသီဖြစ်သဖြင့် ငွေစရွှင်နေသောရာသီလည်းဖြစ်သဖြင့် လွတ်လပ်ပျော်ရွှင်နေကြသည်။

ထိုပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဈေးရောင်းသူများလည်း လာရောက်ရောင်းချကြသည်။

ကွင်းပြင်ကျယ်ကြီးအတွင်းမှာ ယာယီတဲများထိုးပြီး ရောင်းချကြခြင်းဖြစ်သည်။

ထင်းရှူးပင်ကြီးများအောက်တွင် တဲကြီးတဲငယ်များထိုးကာ ရောင်းချကြပြီး လိုသောပစ္စည်းများ ရနိုင်ကြသည်။

ဘိန်းဈေးပွဲတော်မှာကဲ့သို့ . ကျိုင်းတုံဘက်မှ တရုတ်လောင်းကစားဝိုင်များလည်း လာရောက်ဖွင့်လှစ်ကြသည်။

ထိုပွဲတော်မှာ ဒန်းစီးပွဲတော်၊ ဘိန်းဈေးပွဲတော်ထက် ပိုမိုစည်ကားသော ပွဲတော်တစ်မျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


နှစ်သစ်ကူးပွဲတော်သို့ ရပ်ဝေးရပ်နီးမှ ပရိတ်သတ်တို့ များစွာ လာကြလေသည်။

ထိုအထဲတွင် ဟိုမိုင်းရွာမှ နီမောင်၊ စောထီး၊ ငမဲအောင် တို့သုံးယောက်လည်း ပါကြလေသည်။

နီမောင်က ထိုပွဲသို့မသွားခင် ဆရာကြီးဦးစိုင်းလုံထံသို့ သွားသောအခါ ဆရာကြီးက မှာလိုက်သေးသည်။

"တကယ်လို့ တိုက်ခိုက်ရေးပွဲ ဝင်မယ်ဆိုရင် သတိထား အဲဒီဘက်မှာ တိုက်ခိုက်ရေးပညာတတ်တဲ့သူတွေ အများကြီး တယ်၊ ယိုးဒယားဘက်က မွေထိုင်းပညာရှင်တွေလည်း လာချင် လာတယ်၊ တရုတ်ဘက်က ရှောင်လင်သိုင်းသမားတွေလည်း လာချင်လာတယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"ဘယ်သူနဲ့ပဲ တိုက်ခိုက်တိုက်ခိုက် အရေးကြီးဆုံး ကိုယ့်ဘက်က သတိရှိဖို့ပဲ၊ ပြိုင်ဘက်ဆိုပေမယ့် ရန်သူလို့ သ ဘောထားပြီးတိုက်ခိုက်ရတယ်"

"ဟုတ်ကဲ့"

"ဘယ်လိုရန်သူပဲဖြစ်ဖြစ် သူ့အသက် ကိုယ့်အသက် ကြတဲ့နေရာမှာတော့ မင်းကိုလုံးဝညှာမှာမဟုတ်ဘူး၊ ဒီတော့ ကိုယ်ဘက်က လက်နှေးနေတာမျိုး မရှိရဘူး၊

ဟိုတလောတုန်းက လေ့ကျင့်နေရင်းနဲ့ အမျိုးသမီးမှ သိလို့ လျှော့ပေးလိုက်တာနဲ့ ရင်ဝကိုခြေထောက်နဲ့ အကန် လိုက်ရတယ်မဟုတ်လား"



နီမောင်ကရယ်နေသည်။

"ခြေထောက်နဲ့မကန်ပဲ ဓားနဲ့ထိုးသွားရင်တောင် မင်းခံရမှာပဲ"

"သူက ဘယ်သူလည်းဆရာကြီး"

"ငါ့တပည့်တစ်ယောက်ပါပဲ"

ဆရာကြီးက ဒါပဲပြောပြီး ဆက်မပြောသဖြင့် မမေးသာတော့ပေ။ ဆရာကြီးက ဆက်ပြောသည်။

"ရန်သူနဲ့ရင်ဆိုင်တဲ့အခါ ကိုယ့်ကိုအန္တရာယ်ပေးမှာက သူ့လက်နဲ့ခြေထောက်ပဲ၊ လက်ထဲမှာလက်နက်ကိုင်ထားရင် လက်ရဲ့လှုပ်ရှားမှုက အရေးကြီးဆုံးပဲ၊ အဓိက,ကတော့ ရန်သူနဲ့ မျက်နှာချင်းဆိုင်တွေ့တဲ့အခါ သူ့မျက်လုံးကို မကြည့်မိစေနဲ့"

"ဘယ်လိုကြောင့်လည်း ဆရာကြီး"

"လူတစ်ယောက်ရဲ့ မျက်လုံးထဲမှာ အကြောင်းအရာမျိုးစုံရှိတယ်၊ ဒေါသစိတ်တွေ၊ ရက်စက်ကြမ်းကြုတ်တဲ့ စိတ်တွေနဲ့ မာယာများတဲ့အကြောင်းအရာတွေ အများကြီးရှိတယ်၊ သူနဲ့ မျက်နှာချင်းဆိုင်မိတဲ့အချိန်မှာ သူ့မျက်လုံးထဲက အကြောင်းအရာတွေက ကိုယ့်မျက်လုံးထဲ ဝင်လာရင် စိတ်အာရုံထွေပြားသွားစေနိုင်တယ်"

လူပျိုနှင့် အပျိုတွေ့သောအခါ စကားတစ်လုံးမှ မပြောပဲ မျက်လုံးချင်းဆုံမိရုံနှင့် တစ်ယောက်ရင်ထဲမှ ပြောချင်သော စကားများကို တစ်ယောက်ကသိနေကြသည်ဆိုသော အဖြစ်သည် ထိုအဖြစ်မျိုးပင် ဖြစ်ပေလိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com

"တကယ်လို့ ပြိုင်ပွဲဝင်တဲ့အခါ အနိုင်နဲ့ ပြန်လာတာ ပဲ ငါလိုချင်တယ်၊ အရှုံးနဲ့တော့ ပြန်မလာခဲ့နဲ့"

ဆရာကြီး ဦးစိုင်းလုံက သူဖြစ်စေချင်သည်ကို တစ်ခါ တည်းမှာလိုက်လေသည်။ နီမောင်ကလည်း ဆရာကြီးကို ရိုသေ စွာကန်တော့ရင်း. . .

"ဆရာကြီးဆန္ဒအတိုင်း ဖြစ်စေရပါမယ်"

ဟု ကတိပေးခဲ့လေသည်။

ယခုတော့. . . သုံးယောက်သား ဘိန်းခင်းများကြား ဖောက်ထားသောလမ်းအတိုင်း ပူလွယ်ရွာသို့ သွားကြလေသည်။

ပူလွယ်ရွာသို့ သွားကြမည်ဆိုကတည်းက နီမောင်စိတ် ထဲမှာ လှုပ်ရှားနေသည်။

တစ်ချက်က သူ၏ရန်သူဟောင်းဒီပနှင့် ပြန်တွေ့ရမည် ဖြစ်ပြီး၊ နောက်တစ်ချက်က မြဝင်းသူနှင့်တွေ့ရတော့မည် ဖြစ် သောကြောင့်ပင်။

"နီမောင် ဟိုရွာရောက်ရင် မင်းပြိုင်ပွဲဝင်မှာမဟုတ် လား"

"အခြေအနေကြည့်ရမှာပေါ့"

နီမောင်က မတင်မကျပြောလိုက်သည်။

"တကယ်လို့ ပြိုင်ပွဲမဝင်ပဲပြန်ရင်တော့ နောက်တစ်ခါ မြဝင်းသူနဲ့တွေ့ရင် သတ္တိမရှိဘူးလို့ အပြောခံနေရဦးမယ်"

"သူ့အထင်ကြီးအောင်တော့ ဝင်ပြိုင်မှာ မဟုတ်ပါဘူး"

"ဒါကတော့ ဟုတ်ပါတယ်. . တကယ်လို့ ဒီပနဲ့တွေ့ရင်





သူကစိန်ခေါ်လာရင်ကော ဘယ်လိုလုပ်မလဲ"

"ဒန်းစီးပွဲမှာတုန်းက ကတိပေးလိုက်ပြီးသားဆိုတော့ သူနဲ့တွေ့ရင်တော့ ပြိုင်ဖြစ်မှာပေါ့"

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာ ကြရာ ပူလွယ်ရွာပတ်ဝန်းကျင်သို့ ရောက်လာကြသည်။

ရွာနှင့် မနီးမဝေးရောက်လာကြသည်နှင့် ရွာအတွင်းအ ပြင်မှာ သွားလာလှုပ်ရှားနေကြသော လူများစွာတို့ကို လှမ်းမြင် ရသည်။

ဟိုးအဝေးကွင်းစပ်မှာတော့ ထင်းရှူးတောကြီးများရှိပြီး ထိုထင်းရှူးပင်ကြီးများအောက်၌ ထိုးထားသော တဲတန်းလျား များကိုပါ လှမ်းမြင်ရသည်။

ထိုနေရာတစ်ဝိုက်မှာလည်း လူအများအပြားရောက်နေ ကြသည်။ ထိုနေရာတစ်ဝိုက်မှ လေနှင့်အတူပါလာသော ဗုံသံ၊ လင်ကွင်းသံများ ကြားရသည်။

ရွာနှင့်မနီးမဝေးတောစပ်သို့ ရောက်သောအခါ တစ်နေ ရာမှ ဖြတ်ထွက်လာသော မြားတံတစ်စင်းကို မြင်သဖြင့် နီမောင် ကရှောင်ပေးလိုက်ရာ မြားတံက အနားမှဖြတ်ထွက်သွားပြီး သစ် ပင်တစ်ပင်မှာ သွားစိုက်နေလေသည်။

ငှက်မွေးတပ်ထားသော မြားအမြီးပိုင်းက ခါယမ်းလျက် ပင် ရှိနေသေးသည်။

မြားထွက်သောနေရာဘက်သို့ ကြည့်လိုက်သောအခါ သစ်ပင်အကွယ်မှ လူတစ်ယောက်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝင်းသူပင် ဖြစ်၏။

"တခြားရွာကလာတဲ့လူတွေကို နင်တို့ရွာရောက်ရင် ဒီလိုပဲ မြားနဲ့ပစ်ပြီးကြိုကြသလား"

မြဝင်းသူက ဘာမှမပြောပဲ ရယ်နေရင်း သစ်ပင်မှာ စိုက်နေသော မြားတံကို ပြန်နုတ်ယူလိုက်သည်။

"နင်ကို ပြောစရာရှိလို့ ငါလာစောင့်နေတာပါ"

ဟုပြောသဖြင့် စောထီးနှင့် ငမဲအောင်တို့က ရှေ့မှထွက်သွားကြသည်။

"နင် ပြိုင်ပွဲဝင်ဦးမှာလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"နင် ဒီပနဲ့တွေ့ရင်တော့ သတိထားရလိမ့်မယ်"

"ဘာကြောင့်လဲ"

"သူက စိတ်ညှို့ပညာတတ်တယ်၊ လူတစ်ယောက်ရဲ့ မျက်လုံးကိုကြည့်ပြီး စိတ်ညှို့အမိန့်ပေးလိုက်ရင် တစ်ဖက်လူက သူအမိန့်ပေးတဲ့အတိုင်း လုပ်ပေးရတယ်"

"စိတ်မပူပါနဲ့ ငါသတိထားပါမယ်"

"ဒါထက် နင်က သိုင်းပညာတော့တတ်တယ် မဟုတ်လားဟင်"

"နည်းနည်းတော့ သင်ဖူးပါတယ်"

"ဒီပက ရှောင်လင်ဘုန်းကြီးတွေနဲ့ အတော်ကလေး သင်ထားဖူးတော့ နင်သတိထားပြီး ယှဉ်ပြိုင်ရလိမ့်မယ်၊ နောက်ပြီး နင့်ကို ငါအကူအညီတောင်းစရာရှိတယ်"





"ဘာလဲပြောလေ"

"တောထဲမှာ နင်နဲ့တွေ့တုန်းက တစ်ချိန်ကျရင် ငါ့ကို ပြန်ပြီးအကူအညီပေးမယ်လို့ ပြောခဲ့ဖူးတယ်မဟုတ်လား"

"ဟုတ်ပါတယ် နင့်မှာ ဘာအခက်အခဲတွေရှိနေလို့လဲ"

"တခြားတော့မဟုတ်ပါဘူး၊ တကယ်လို့ နင်ဒီပနဲ့တွေ့ရင် သူ့ကိုနိုင်အောင် တိုက်ပေးပါ"

ထိုစကားကြောင့် နီမောင်မှာ အံ့ဩသွားလေသည်။

"ဘာဖြစ်လို့လဲဟင်"

"ဒီပွဲတော်ကို ငါ့အဖေက ခေါင်းဆောင်ပြီး လုပ်ပေးရတာ"

"နင့်အဖေက ကျောက်ဖလားဟင်"

"ဟုတ်ပါတယ် နှစ်သစ်ကူးပွဲတော်မှာ စွမ်းရည်ချင်းယှဉ်ပြီး တိုက်ခိုက်တဲ့ပွဲတော်ထည့်တာ တခြားမဟုတ်ပါဘူး လူစွမ်းကောင်းတွေ တိုးလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"အဲ့ဒီပွဲမှာ အနိုင်ရတဲ့လူက ရွှေလိုချင် ရွှေတောင်းယူလို့ရတယ်၊ ငွေလိုချင် ငွေတောင်းယူလို့ရတယ်၊ ကြိုက်တဲ့ အပျိုတွေ့ရင်လည်း တောင်းယူနိုင်ပါတယ်"

"တကယ်လို့ ဒီပသာ အနိုင်ရသွားရင်. . . သူက ငါ့ကို တောင်းယူမှာ အသေအချာပဲ"

"ဟင်. ."

နီမောင်က အံ့ဩသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com


"သူ အနိုင်ရလို့ တောင်းယူရင် အဖေကလည်း ပေးရ မှာပဲ၊ ငါကလည်း ငြင်းလို့မရဘူး၊ ငါ သူလက်ထဲတော့ ဘယ် နည်းနဲ့မှ အရောက်မခံနိုင်ဘူး၊ ဒါကြောင့် ငါ့ကို တစ်လှည့်ပြန် ပြီး အကူအညီပေးတဲ့အနေနဲ့ သူ့ကိုနိုင်အောင် တိုက်ခိုက်ပေး ပါ"

ထိုစကားကြားတော့မှ မြဝင်းသူ၏ စကားရည်ရွယ်ချက် ကို သဘောပေါက်သွားမိတော့သည်။

နီမောင်က မြဝင်းသူ မျက်နှာကို အကဲခတ်သလို ကြည့် လိုက်တော့ တကယ့်ကို စိုးရိမ်ပူပန်နေဟန်မျိုး တွေ့ရလေသည်။

"စိတ်မပူပါနဲ့ နင့်ကို အကူအညီပြန်ပေးတဲ့အနေနဲ့ ငါသူ့ ကို အနိုင်တိုက်ခိုက်မှာပါ တကယ်လို့ ငါနိုင်သွားခဲ့ရင်ကော ဒီလို ပဲ တောင်းယူလို့ရသလား"

"ဘယ်သူဖြစ်ဖြစ် လိုချင်တာတောင်းယူနိုင်တယ်"

မြဝင်းသူက ဒါပဲပြောပြီး အဝေးဘက်သို့ လှမ်းကြည့် ရင်း မျက်နှာလွှဲထားသည်။

"တကယ်လို့ ငါကသူ့ကို နိုင်သွားလို့ နင့်ကိုတောင်းယူ မှာကိုရော မစိုးရိမ်ဘူးလား"

မြဝင်းသူက ဇဝေဇဝါဖြစ်သွားသောမျက်လုံးဖြင့် တစ် ချက်ကြည့်သည်။

"နင်က ငါ့ကို သဘောကျနေလို့လား"

"နင်က သဘောကျစရာကောင်းတဲ့သူတစ်ယောက်ပဲ ဒါပေမယ့် ငါမှာတာဝန်တစ်ခုရှိသေးတယ်"

"ဘာတာဝန်လဲ"

"ငါ့ကိုတိုက်ခိုက်သွားတဲ့သူကို ရှာရဦးမယ်"

"သူက နင့်ကိုဘာလုပ်သွားလို့လဲ"

"ရင်ဝကို ခြေထောက်နဲ့ကန်သွားတာ"

မြဝင်းသူတစ်ချက်ရယ်လိုက်သည်။

"နင်က. . သိုင်းပညာတတ်တယ်လို့လည်း ပြောသေး တယ် တခြားသူက ခြေထောက်နဲ့ကန်တာ ခံရသလား"

"မိန်းကလေးဖြစ်နေလို့ ညှာလိုက်တာပါ"

နီမောင်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်၊

"ဟင်. . နင်ပြောသလိုဆို သူ့မျက်နှာမှ မမြင်လိုက်ရပဲ နဲ့ ပြန်တွေ့တော့ရော ဘယ်လိုမှတ်မိမှာလဲ"

"သိပါတယ်"

"ဘယ်လိုနည်းနဲ့ သိမှာလဲ"

"ငါ သူ့ရဲ့ကိုယ်သင်းနံ့ကို မှတ်မိပါတယ်"

"အို. . နင်ကလည်း မိန်းကလေးတစ်ယောက်ရဲ့ ကိုယ် နံ့သိဖို့ ဘယ်လိုလုပ်မှာလဲ"

"လွယ်ပါတယ်. . . တွေ့သမျှအပျိုတွေကို ပခုံးဖက်ပြီး စကားပြောကြည့်တာပေါ့"

ဟုပြောပြီး နှစ်ယောက်စလုံး ရယ်လိုက်ကြလေသည်။

ထို့နောက် ပွဲခင်းရှိရာဘက်သို့ လျှောက်လာကြသည်။

စွမ်းရည်ပြိုင်သောနေရာမှာ ကွင်းကျယ်တစ်ခုဖြစ်လေ သည်။ နံဘေးပတ်လည်မှာ ထင်ရှူးပင်များနှင့် အခြားသောအုပ်



www.burmeseclassic.com

www.burmeseclassic.com



များက ဝန်းရံထားပြီး အလယ်တွင် မြေပြန့်ကွက်လပ်ကြီးဖြစ်နေသည်။

မြေကွက်လပ်မှာ အတော်ကျော်ဝန်းပြီး မြေပြင်မှာ ညှိထားသကဲ့သို့ ပြေပြစ်လှသည်။

ထိုကွင်းထဲမှာတော့ တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်နေသည့်ပွဲများ စတင်နေလေပြီ။ တိုက်ခိုက်သူများက ကြိုက်ရာလက်နက်ကို အသုံးပြုနိုင်ပြီး အကြိမ်အရေအတွက် မသတ်မှတ်ပဲ အနိုင်အရှုံးပေါ်သည့်အထိ ရေကုန်ရေခမ်း တိုက်ခိုက်ကြရသည်။

အသက်သေသွားလျှင်လည်း အလျော်မရပေ။

ဒဏ်ရာရပြီး ဆက်မယှဉ်ပြိုင်နိုင်၍သော်လည်းကောင်း အရှုံးပေးကြောင်း အချက်ပြလျှင်သော်လည်းကောင်း‧ ‧ အမြေ တစ်ခုခုထွက်မှ ပွဲကပြီးသည်။

ထိုနေရာမှာ လူအများဆုံးဖြစ်သည်။

ပွဲကြည့်ပရိတ်သတ်များရော ပြိုင်ပွဲဝင်မည့်သူများပါ ကြိတ်ကြိတ်တိုးနေကြသည်။

တိုက်ခိုက်ကြရာမှာတော့ သိုင်းပညာအခြေခံတတ်ထားသူများက မတတ်သူများကို အလွယ်တကူပင် အနိုင်ရကြသေသည်။

အခြားပြိုင်ဘက်များ မရှိတော့လျှင် နိုင်သူအချင်းချင်းပြန်တွေ့ကြရသည်။

ပွဲစဉ်များက စိတ်ဝင်စားစရာကောင်းသည်။





ယိုးဒယားဘက်မှလာသော မွေ့ထိုင်းသမားများက‧ ‧ လက်နက်အသုံးမပြုပဲ လက်ခြေတို့ဖြင့်သာ တိုက်ခိုက်သည်။

တရုတ်ဘက်မှလာသူများကတော့ တုတ်သိုင်းပညာ၊ ဓားသိုင်းပညာများ အသုံးပြုကြသည်။

အချို့ ယူနန်ဘက်မှရောက်လာသော တိုက်ခိုက်ရေးသမားအချို့ကတော့ တုတ်ရောဓားပါ အသုံးပြုနိုင်သော ဓားလှံများကို အသုံးပြုကြသည်။

နီမောင်နှင့် တိုက်ခိုက်ရသူမှာ ယူနန်တိုက်ခိုက်ရေးသမားဖြစ်သည်။

နီမောင်က အနက်ရောင်အင်္ကျီဘောင်းဘီ ဝတ်ထားပြီး နဖူးမှသားရေကွင်းဖြင့် သိုင်းချည်ထားသည်။

သူသည် ခါးမှာ ခဲလုံးတပ်ထားသော ကြာပွတ်ခွေနှင့် ဓားမြှောင်တစ်လက်ကို အိတ်ဖြင့်ချိတ်ဆွဲထားပြီး၊ ကျောမှာဓားတစ်လက်ပါသည်။

ကွင်းထဲရောက်ပြီး နှစ်ယောက်သားရင်ဆိုင်တွေ့သောအခါ‧ ‧ ယူနန်တိုက်ခိုက်ရေးသမားက တရကြမ်းဝင်တိုက်လေသည်။

တစ်ဖက်ရန်သူက အရပ်လည်းမြင့်၊ အလုံးအထည်လည်း ထွားကျိုင်းသည့်အပြင်‧ ‧ အသုံးပြုသော လက်နက်မှာလည်း ထိုးတာရော၊ ရိုက်တာရော၊ ခုတ်တာပါအသုံးပြု၍ရသည့် ဓားလှံလက်နက်မျိုးဖြစ်သောကြောင့် သတိကြီးစွာဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်မှာတော့ အပေါ်မှမိုးရိုက်ချသော တိုက်ကွက်ကို လွတ်ရုံကလေးရှောင်ပေးပြီး လက်ထဲမှဓားဖြင့်လက်ပြန်တွက်ရာ လှံရိုးပြတ်ထွက်သွားသည်။

ဓားလှံက တစ်နေရာကျသွားသည်။

ရန်သူကထိုနေရာသို့ ပြေးသွားပြီးမြေမှာ စိုက်ဝင်နေသည့် ဓားလှံပိုင်းကို ကောက်ယူရန်ကြိုးစားလေသည်။

သူ့ အနားအရောက်မှာပင် ခဲသီးတပ်ထားသော ကြာပွတ်တစ်ချောင်းက ဝဲလာပြီး ဓားလှံကို ပတ်ဆွဲယူသွားသည်။

နီမောင်က ကြာပွတ်ကိုကိုင်ပြီးလှည့်ရာ ဓားလှံကြီးက ပန်ကာဒလက်သဖွယ် 'တဝှီးဝှီး'နှင့် လည်နေသည်။

လက်နက်မဲ့သွားသော ရန်သူမှာဘာလုပ်ရမှန်းမသိဲ မျက်လုံးအပြူးသားဖြစ်နေတော့သည်။

ထိုအခိုက်မှာပင် လေထဲမှာလည်နေသော ဓားလှံအပိုင်းကြီးက လေထဲသို့ မြောက်တက်သွားပြီး ကွင်းစပ်၌ရှိသော ထင်းရှူးပင်ကြီး၌ သွားရောက်စိုက်ဝင်သွားလေတော့သည်။

"ဟေး"

လက်နက်မဲ့သွားသော တစ်ဖက်တိုက်ခိုက်ရေးသမားက ဒူးထောက်အရှုံးပေးလိုက်သဖြင့် ပြိုင်ပွဲက ပြီးသွားခဲ့လေသည်။

နီမောင်တို့ တိုက်ခိုက်နေသောပွဲကို ကွင်းနံဘေးမှ အေးခြေအနေစောင့်ကြည့်နေသည့် ဒီပက သူ့လူများကို တိုးတိုးတ ပြောလိုက်သည်။

"သူက ငါတို့ထင်သလို သာမန်မဟုတ်ဘူး၊ ဒါကြောင့် ဒန်းစီးပွဲမှာ ချောက်ထဲလွှင့်ထွက်သွားပြီးမှ . အလွယ်တကူပြန်တက်လာနိုင်တာပဲ၊ တကယ်လို့ သူနဲ့ဆုံရင်သတိထားရလိမ့်မယ်"

"ဒါများ စိုးရိမ်စရာလားဆရာရယ်၊ သူက သာမန်သိုင်းပညာလောက် တတ်တာဖြစ်မှာပါ ဆရာကျွမ်းကျင်တဲ့ စိတ်စွမ်းအားကို အသုံးပြုရင် မခံနိုင်ပါဘူး"

ဟု အချင်းချင်းပြောဆိုနေလေသည်။

လူကြီးများက နောက်တစ်ပွဲယှဉ်ပြိုင်တိုက်ခိုက်ရန် အချက်ပေးနေကြလေပြီ။






☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

# အသက်ဖြင့်ရင်း၍ရသော ပန်းတစ်ပွင့်

တစ်ဦးနှင့်တစ်ဦး စွမ်းရည်ပြိုင်ကြသောပွဲစဉ်များမှာ တစ်နေ့ပြီးတစ်နေ့ ပြီးလာခဲ့ရာ. . သုံးရက်မြောက်သောနေ့သို့ ရောက်လာခဲ့ချေပြီ။ ထိုအချိန်မှာတော့ လာရောက်ယှဉ်ပြိုင်ကြသူများ အတော်နည်းသွားကာ လက်ရွေးစင်များသာ ကျန်တော့သည်။

ဒဏ်ရာရသူများက ဆေးကုနေရပြီး၊ ဒဏ်ရာမရှိသဲ့ အရှုံး



www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့သူများကတော့ ယူလာသောရွှေငွေတို့ဖြင့် လောင်းကစားဝိုင်း ရောက်နေကြလေပြီ။

နောက်ဆုံးမှာတော့ နီမောင်နှင့်ဒီပတို့ တွေ့ကြရလေသည်။ ဒီပကလည်း သူနှင့်တွေ့သောပြိုင်ဘက်များကို တစ်ယောက်ပြီးတစ်ယောက် အနိုင်ယူခဲ့သလို. . နီမောင်ကလည်း သူနှင့်တွေ့သောပြိုင်ဘက်များကို အနိုင်ယူလာခဲ့သူဖြစ်လေသည်။

ကွင်းထဲမှာ နှစ်ယောက်ချင်းတွေ့သောအခါ. . . တစ်ယောက်နှင့်တစ်ယောက် အကဲခတ်ပြီး ကြည့်လေသည်။

နီမောင်က ဓားကိုအသုံးပြုသလို. . ဒီပက လှံရှည်ကို အသုံးပြုလေသည်။

"ဒန်းစီးပွဲတုန်းက ကံကောင်းလို့အသက်မသေခဲ့ပေမယ့် ဒီတစ်ခါတော့ မင်းကံမကောင်းနိုင်တော့ပါဘူး"

"ငါကလည်း အကောက်ဉာဏ်နဲ့ယှဉ်ပြိုင်မယ့် ပြိုင်ဘက်မျိုးတွေနဲ့ မတွေ့ချင်ပါဘူး၊ အရည်အချင်းနဲ့ယှဉ်ပြိုင်တဲ့သူဆိုရင် ဘယ်သူမဆို ရင်ဆိုင်ဝံ့ပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ မင်းက ငါထင်ထားတာထက်တော့ အရည်အချင်းရှိပုံရပါတယ်၊ ဒါပေမယ့် ဒီပနဲ့တွေ့ရင်တော့ ဘယ်လောက်အရည်အချင်းရှိရှိ ကံဆိုးတာပါပဲ"

နီမောင်က ဘာမှထပ်မပြောတော့ပဲ ကျောမှာလွယ်ထားသောဓားကို အသာထုတ်ယူလိုက်သည်။

ဒီပကတော့ လက်ထဲမှာကိုင်ထားသော လှံရှည်ကို. .





ကြောတစ်ခုကဲ့သို့ လှည့်နေလေသည်။

နောက်ဆုံးတိုက်ပွဲအထိ ရောက်လာကြသူများဖြစ်သောကြောင့် တစ်ယောက်နဲ့တစ်ယောက် အခွင့်အရေးမပေးပဲ အခြေအနေကို ကြည့်နေကြသည်။

အတန်ကြာတော့ ဒီပက လှံကိုအသုံးပြုပြီး ဖြတ်ထိုးလိုက်လေသည်။ အမှတ်တမဲ့မို့ ရှောင်ချိန်မရတော့သဖြင့် လှံသွားကို ဓားဖြင့်ရိုက်ဖယ်သည်။

လှံသွားကျွံသွားတော့ ဓားဖြင့်လက်ပြန်တွက်သည်။

ဒီပက ညာခြေတစ်ကွက် နောက်ပြန်ဆုတ်ပြီး ဓားကိုင်လက်ကိုလှံရိုးဖြင့် ရိုက်သည်။

ဖြောင်းခနဲအသံ ပေါ်ထွက်လာပြီး နှစ်ယောက်စလုံး လူချင်းကွာသွားသည်။

ဒီတစ်ကြိမ်တော့ နီမောင်ကစတိုက်သည်။

ဓားနှင့်လှံတို့ထိသံ တချွင်ချွင်မြည်နေပြီး သူတစ်ပြန် ကိုယ်တစ်ပြန်ဖြစ်နေသည်။

တစ်ကြိမ်မှာတော့ လှံနှင့်ရိုက်မိသဖြင့် ဓားကစဉ်ထွက်သွားပြီး မြေမှာစိုက်ဝင်သွားသည်။

နီမောင်က လက်ချည်းသက်သက်ဖြင့် ရင်ဆိုင်သည်။

သူသည်လက်နက်မရှိတော့သဖြင့် လူချင်းပူးနိုင်ရန် ကြိုးစားသည်။ တစ်ကြိမ်တွင် လှံဖြင့်ထိုးရာ ဘေးသို့လှည့်ရှောင်တော့ ရှေ့လွန်သွားသော လှံရိုးဖြင့် နောက်ပြန်ထိုးသည်။

ထိုအခြေအနေကို တွက်ထားပြီးဖြစ်သဖြင့်. . ငါလာ


www.burmeseclassic.com

www.burmeseclassic.com



သော လုံရိုးကိုလက်ဖျံဖြင့်ရိုက်ဖယ်ပြီး ဘေးတိုက်ကန်ရာ ချက် ကောင်းထိသွားသောကြောင့် ယိုင်ဆင်းသွားသည်။

ထိုအခွင့်အရေးကို လက်လွှတ်မပေးပဲ တိုးဝင်ပြီး တိုက် ခိုက်ရာ လုံတခြားလူတခြား ဖြစ်သွားတော့သည်။

နှစ်ယောက်စလုံး လက်နက်မရှိတော့သောအခါ လက် ခြေ၊ ဒူး၊ တတောင်တို့ကို အသုံးပြု၍ တိုက်ခိုက်ကြသည်။

ဒီပက သိုင်းပညာကို အသုံးပြုပြီး နီမောင်က အရေးနိုး ထုတ်သုံးသော ဇန်တိုပညာကိုအသုံးပြုသည်။

အနီးကပ်တိုက်ခိုက်ရာမှာတော့ ဇန်တိုပညာက တင် ပန်းသာလေသည်။ ကြာလာတော့ ဒီပမှာ အထိနာလာတော့ သည်။ ထိုသို့တိုက်ခိုက်ရင်းမှ လူချင်းပူးမိသွားသောအခါ မျက် လုံးချင်းဆိုင်ကြည့်ပြီး အမိန့်ပေးရန်ကြိုးစားတော့သည်။

"မင်း. . ငါ့မျက်လုံးကိုကြည့်စမ်း၊ သေသေချာချာကြည့် စမ်း၊ ငါ့ရဲ့စွမ်းအားစက်ကွင်းတွေထဲမှာ မိနေပြီ၊ မင်း ငါခိုင်းတဲ့ အတိုင်း လုပ်ရတော့မယ် မင်းတိုက်ခိုက်တာတွေရပ်ပြီး မြေပေါ် မှာ ဒူးထောက်ထိုင်ချလိုက်စမ်း၊ မြေပေါ်မှာ ဒူးထောက်ထိုင်ချ လိုက်စမ်း"

သူပြောနေသောအသံ၊ အမိန့်ပေးနေသောအသံက မှန်အသံ မဟုတ်ပေ။

နီမောင်တွက်ထားသည်က ဒီပမှာ စိတ်ညို့ပညာတတ် သည်ဟု သတင်းကြားသောကြောင့်သူနှင့် မျက်လုံးချင်းမဆုံ စေရန် သတိထားနေသည်။





သို့သော်လည်း သူကမျက်လုံးချင်းဆုံပြီး အမိန့်ပေးနေ ခြင်းမဟုတ်ပဲ အသံလှိုင်းဖြင့် အမိန့်ပေးနေခြင်းဖြစ်၏။

ထိုအသံလှိုင်းများက နားထဲမှတစ်ဆင့်. . ဦးနှောက်ထဲ ရောက်သွားသည်။

မျက်လုံးများမှုံဝေသွားသည်။ စိတ်ထဲမှာ တစ်မျိုးဖြစ် လာသည်။ တစ်ကိုယ်လုံး ခွန်အားများ နုတ်ယူလိုက်သကဲ့သို့ တောင့်တောင့်ကြီးဖြစ်သွားသည်။

"မင်းကို ငါအမိန့်ပေးနေတယ်၊ ငါပြောတဲ့အတိုင်း မင်း လုပ်ရတော့မယ်၊ ငါ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်စမ်း၊ ငါ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်စမ်း"

နီမောင်မှာ အသံလှိုင်းစက်ကွင်းမိသွားသောကြောင့် မလှုပ်သာတော့ပဲ သူအမိန့်ပေးသည့်အတိုင်း ပြုလုပ်ရန်သာ ရှိ တော့သည်။

"ငါဘယ်လိုဖြစ်သွားတာလဲ သူ့ရဲ့အသံလှိုင်းစက်ကွင်း ထဲမှာ ပိတ်မိနေပြီး လှုပ်မရတော့ပါလား၊ ငါဘယ်လိုရုန်းထွက်ရပါ့ မလဲ"

စိတ်ထဲကတော့ ထိုသို့တွေးမိသေးသည်။ လူကတော့ စိတ်သွားတိုင်း မပါတော့ပေ။ ထိုအခိုက်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက ပေါ်လာတော့သည်။

လေထဲမှာ ဖြတ်ဝင်လာသောမြားတစ်စင်းက နီမောင် လက်မောင်းတစ်ဖက်ကို ရှပ်ထိသွားပြီး ဒီပလက်မောင်းကိုပါ စိုက် ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှပ်"

"အား"

နီမောင်မှာ ငိုက်မျဉ်းနေစဉ်မှာ မီးစဖြင့် အထိုးခံလို ရသကဲ့သို့ဖြစ်ကာ ညို့စက်ကွင်းမှ လွတ်မြောက်သွားလေတော့ သည်။

သတိပြန်ရသည်နှင့် ခါးမှာပါလာသော ဓားကိုဆွဲနု ပြီး ဝင်တိုက်ရာ ဒီပပါးတစ်ဖက်မှာ ဓားဒဏ်ရာရကာ သွေးများ ကျလာသည်။

နီမောင်က ဓားကိုပြန်ကောက်ယူပြီး တရကြမ်းဝင်တို ရာ မြားထိသောဒဏ်ရာကြောင့် ဒီပမှာ မယှဉ်သာတော့ပဲ အ ပေးလိုက်ရတော့သည်။

ဒီပကသူ့လက်မောင်းမှာ စိုက်ဝင်နေသော မြားတံ ဆွဲနုတ်ပြီး ဦးခွန်ဘရင်တို့ ရှိသောဘက်ကို လျှောက်သွားေ သည်။ မြားတံကို အများမြင်သာအောင်ပြပြီး. . . အများကြ အောင် ပြောလိုက်သည်။

"ဒီပြိုင်ပွဲက မတရားဘူး၊ ဒါကြောင့် အနိုင်အရှုံးမေ သေးဘူးလို့ ဆုံးဖြတ်ရတယ်၊ ကျုပ်ယှဉ်ပြိုင်နေတဲ့အချိန်မှာ တ နေရာက မြားနဲ့ပစ်တာခံရတယ်၊ ဘယ်သူပစ်တယ်ဆိုတာ တ ခံရှာပေးပါ"

ဦးခွန်ဘရင်ကဒီပပေးသော မြားတံကိုလှမ်းယူကြည့်ပြီ မျက်နှာတစ်ချက်ပျက်သွားလေသည်။

"ကျောက်ဖ ဒီမြားတံကို သိတယ်မဟုတ်လား၊ ကျ





ဘ်လည်းသိတယ်"

"ဘယ်သူ့မြားလဲ"

"ဒါ မြဝင်းသူရဲ့မြားပဲ"

ထိုသို့ပြောသောအခါ လူအုပ်ကြားထဲမှ မြဝင်းသူထွက် ာလေသည်။

"ဟုတ်တယ် ငါ့မြားတံပဲ ဒါပေမယ့် နင့်ကိုပစ်တာမ ုတ်ဘူး"

"ဘယ်သူ့ကို ပစ်တာလဲ"

"နီမောင်ကို ပစ်တာ"

ဦးခွန်ဘရင်က မနီးမဝေးမှာရပ်နေသော နီမောင်ကို စ်ချက်လှမ်းကြည့်သည်။

သူမပြောသည့်အတိုင်း နီမောင်လက်မောင်းတစ်ဖက် လည်း မြားချက်ထိထားသည်။

"သူ့ကို ဘာကြောင့်ပစ်ရတာလဲ"

"ဒီပက သူ့ကို စိတ်ညို့ပညာနဲ့ ယှဉ်ပြိုင်နေတယ်၊ လက် ်ချင်းယှဉ်ပြိုင်နေတာက စိတ်ညို့ပညာပါ အသုံးပြုတယ်ဆို ာ တရားနည်းလမ်းကျတဲ့ ယှဉ်ပြိုင်မှုမဟုတ်ဘူး၊ ဒါကြောင့်. . ရဲ့ ညို့စက်ကွင်းမိသွားတဲ့ နီမောင်ကို ပြန်သတိရအောင်လို့ း နဲ့ပစ်လိုက်တာ သူ့ကိုပစ်တာမဟုတ်ဘူး၊ မယုံရင် နီမောင် က်မောင်းတစ်ဖက်မှာ မြားချက်ထိထားတာကို ကြည့်နိုင်ပါ ယ်"

ထိုစကားကြားသောအခါ အားလုံးအံ့သြသွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ တီတိုးပြောဆိုသောအသံများလည်း ထွက်လာသည်။

"ဒီပ သူပြောတာအမှန်ပဲလား"

"ကျွန်တော် စိတ်ညို့ပညာသုံးတယ်လို့ ဘယ်လို သက်သေပြမလဲ"

ထိုသို့ပြန်မေးသောအခါ. . လူအုပ်ကြားထဲမှ လူတစ်ယောက်ထွက်လာသည်။ ဆရာကြီး ဦးစိုင်းလုံပင်ဖြစ်၏။

နီမောင်က ဦးစိုင်းလုံကိုမြင်သောအခါ များစွာအံ့ဩသွားရုံမက စိတ်ထဲမှာ အားလည်းရှိသွားသည်။

"ဟင်. . ဆရာကြီး"

ဦးစိုင်းလုံက ဦးခွန်ဘရင်အနီး လျှောက်သွားပြီး ဒီပကို ကြည့်ကာ ပြောလိုက်သည်။

"ကျုပ်သက်သေပြနိုင်ပါတယ်"

"ခင်ဗျားက ဘယ်သူလဲ ဘာကြောင့်ဝင်ရှုပ်တာလဲ"

"ငါဝင်ရှုပ်သလား၊ မင်းပဲရှုပ်သလားဆိုတာ သိရအောင် ဟိုဘက်နားထွက်ပြီး မင်းလက်ထဲကဓားနဲ့ ငါ့ကို တိုက်ခိုက်စမ်းလား၊ မင်းမတောက်တစ်ခေါက်တတ်တဲ့ စိတ်ညို့ပညာလည်း သုံးချင်သုံးပေါ့"

ထိုသို့ပြောပြီး လူရှင်းသောနေရာ ထွက်သွားရာ ဒီပလည်း လူကြားထဲမှာ အရှက်ကွဲခံရသဖြင့် ခါးကြားမှာ လိုချင်ယူလာသော သေနတ်ကိုထုတ်ပြီး ဦးစိုင်းလုံကိုပစ်သည်။

သို့သော် ကျည်ဆံကမထွက်ပေ။

"ချောက်. . ချောက်. . ချောက်"





ဦးစိုင်းလုံက ဘယ်လိုမှ မထူးခြားသော အမူအရာဖြင့် နောက်သို့လှည့်ကြည့်ပြီး သူ့ကိုလာရောက်တိုက်ခိုက်ရန် ခေါ်လိုက်သည်။

ထိုအခါ ဒီပကသေနတ်ကို ပြန်သိမ်းကာ ဓားကိုကိုင်ပြီး ဦးစိုင်းလုံရှိရာသို့ ပြေးသွားသည်။

သို့သော်လည်း အနားမရောက်မီမှာပင် ဦးစိုင်းလုံက နောက်သို့တစ်ချက် လှည့်ကြည့်လိုက်သည်နှင့် ပြေးသောမြင်းကို ဇက်ကြိုးဆောင့်ဆွဲ လိုက်သကဲ့သို့ဖြစ်ကာ. . တုံ့ခနဲ ရပ်တန့်သွားသည်။

ထိုအခါ ဦးစိုင်းလုံက ဒီပလက်ထဲမှ ဓားကိုယူပြီး တစ်ချက်ဝှေ့ယမ်းလိုက်ရာ ဒီပဦးခေါင်းပေါ်မှ ဆံပင်ရှည်အချို့အထွေးလိုက်ပြုတ်ကျသွားသည်။

ဒီတော့မှ သတိပြန်ရလာသည်။

"ဒီပညာမျိုးက ရန်သူနဲ့တွေ့ပြီး အရေးအကြောင်းရှိမှ အသုံးပြုရတဲ့ ပညာမျိုးတွေပါကွာ၊ ဒီလိုရိုးရိုးသားသား ယှဉ်ပြိုင်တဲ့ပွဲမျိုးတွေမှာ အသုံးပြုရတာ မဟုတ်ပါဘူး"

ဟုပြောပြီး ဒီပကို ဓားပစ်ပေးလိုက်ပြီး ကွင်းထဲမှ ပြန်ထွက်သွားလေသည်။

ဒီပလည်း ဦးခေါင်းပေါ်မှ ပြုတ်ကျသွားသော ဆံပင်များကိုငုံ့ကြည့်ပြီး အံတစ်ချက်ကြိတ်လိုက်သည်။ ပြီးလျှင် ၎င်းတပည့်များကိုခေါ်ပြီး ထွက်သွားကြလေသည်။

ကိစ္စများပြီးသွားသောအခါ ဦးခွန်ဘရင်က နီမောင်ကို



www.burmeseclassic.com

 www.burmeseclassic.com 

မေးလိုက်သည်။

"မင်းက ဒီပြိုင်ပွဲမှာ အနိုင်ရတဲ့သူဆိုတော့ ဒီပြိုင်ပွဲကပေးတဲ့ဆုကို ကြိုက်တာယူလို့ရတယ် ငွေယူမလား၊ ရွှေယူမလား"

"ရွှေငွေတွေ မယူပါဘူး"

"ဒါဖြင့် ဘာယူမှာလဲ"

"မြဝင်းသူကိုပဲ လက်ထပ်ယူချင်ပါတယ်"

ထိုသို့ပြောသော်လည်း. . ဦးခွန်ဘရင်က မျက်နှာပျက်သွားခြင်းမရှိပေ။

အဘယ်ကြောင့်ဆိုသော်. . . ထိုအရပ်ဒေသတွင် သမီးချောရှိသော ဖခင်တစ်ယောက်အနေနဲ့ ထိုကဲ့သို့အတောင်းခံရခြင်းမှာ မထူးဆန်းသောကြောင့်ဖြစ်သည်။

"နင်သဘောကရော ဘယ်လိုလဲ"

မြဝင်းသူဘက်သို့ လှည့်မေးလိုက်ရာ သူမကခေါင်းငုံ့ထားရင်းမှ ဘာမှပြန်မပြောပေ။

ထိုသို့နေသည်ကပင် သဘောတူရာရောက်သည့် သဘောမျိုးဖြစ်သဖြင့် ဦးခွန်ဘရင်က ထပ်မေးလိုက်သည်။

"နင်သဘောတူသလား"

မြဝင်းသူက ခေါင်းမော့ပြီး ခေါင်းညိတ်ပြလိုက်သဖြင့် အဖြေက ရှင်းသွားတော့သည်။

ထို့ကြောင့် ဦးခွန်ဘရင်က နီမောင်ကိုကြည့်ပြီးပြောသည်။

"မင်းက အစွမ်းအစရှိတဲ့သူမျိုးဆိုတော့ ငါ့သမီးနဲ့ သဘောမတူစရာတော့ မရှိပါဘူး၊ နှစ်သစ်ကူးပွဲတော် ပြီးသွားရင် ဓလေ့ထုံးစံအတိုင်း လူကြီးစုံရာနဲ့ လာပြီးတောင်းယူပေါ့ကွာ"

"ကောင်းပါပြီ"

နီမောင်က ဦးခေါင်းညွတ်ကာ အရိုအသေပေးလိုက်လေသည်။

လူရှင်းသွားသောအခါ မြဝင်းသူက နီမောင်အနားရောက်လာသည်။

"ငါပြောလိုက်တာကို နင်စိတ်ဆိုးသွားသလား"

"ဘာကိုစိတ်ဆိုးရမှာလဲ"

"နင့်ကို ခွင့်မတောင်းသေးပဲနဲ့ နင့်အဖေဆီမှာ တောင်းယူတဲ့ကိစ္စလေ၊ ငါက နင့်အတွက် အကာအကွယ်ရအောင် ဝင်ပြောလိုက်တာပါ"

"ဟင်. . ဒါဖြင့် နင်ကစိတ်ထဲမှာ မပါပဲနဲ့ ငါ့ကိုအဖေ့ဆီမှာ တောင်းတာပေါ့. . . ဟုတ်လား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ အမှန်အတိုင်းပြောရရင် ငါကိုယ်တိုင်ကလည်း နင့်ကို သဘောကျပါတယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"နင်နဲ့ငါက အဆင့်အတန်းချင်းမှ မတူကြတာ"

"အဆင့်အတန်းတူတာတွေ မတူတာတွေ ဖယ်ထားလိုက်စမ်းပါ ငါမေးတာကိုပဲ မှန်မှန်ဖြေ၊ နင်ငါ့ကိုတကယ်မချစ်ဘူးလား"

"ချစ်တာပေါ့ မြဝင်းသူရဲ့၊ ငါကစွဲလန်းနေတဲ့ ချစ်သူကို



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရှာနေတဲ့သူပဲ. . တွေ့မှတော့ မချစ်ပဲနေပါ့မလား"

"နင်ချစ်သူက ဘယ်သူလဲဟင်"

"ငါသိုင်းလေ့ကျင့်နေတုန်းက ငါ့ရင်ခွင်ထဲရောက်လာတဲ့သူပေါ့၊ သူ့ကိုလိုက်ရှာနေတာ အဲဒီအချိန်တုန်းက ငါကမျက်နှာကိုအဝတ်နဲ့စည်းထားတော့ သူ့မျက်နှာကို မမြင်လိုက်ရဘူး၊ ဒါပေမယ့်. . . သူ့ကိုယ်သင်းနံ့ကိုတော့ ကောင်းကောင်းမှတ်မိနေတယ်"

"အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်မဆိုင် ဟုတ်မဟုတ်သိရအောင်တော့ လက်တွေ့စမ်းကြည့်မှပဲ သိရတော့မှာပဲ"

"နင်နော်"

မြဝင်းသူမျက်နှာလေးမှာ ရှက်ကိုးရှက်ကန်းဖြင့် ပန်းနုရောင်သမ်းသွားလေသည်။

ပြီးမှမေးသည်။

"မျက်စိမမြင်ရပဲ ငါမှန်းဘယ်လိုသိသွားတာလဲ"

"မျက်စိမမြင်ရပေမယ့် နှလုံးသားက မှတ်မိနေတယ်လေ"

"တိုက်ခိုက်နေတဲ့သူက ချွဲနွဲ့နေတဲ့စကားလုံးတွေလည်း ပြောတတ်တာပဲလား"

"ရင်ထဲရှိတဲ့အတိုင်း ပြောတာပါ၊ အမှန်ပြောရရင် ငါနင့်ကိုစတွေ့ကတည်းက သဘောကျနေခဲ့တာ၊ အဲဒီနေ့က နင်မှန်းသေသေချာချာ မမြင်လိုက်ရပေမယ့် စိတ်ထဲမှာတော့ ထင်လိုက်





မိတယ်၊ ဒါထက် မေးပါရစေဦး"

"ဘာမေးမှာလဲ"

"နင်က ဆရာကြီးဆီ ဘယ်လိုရောက်လာတာလဲ"

"အဖေနဲ့ဆရာကြီးနဲ့က ခင်မင်ကြတယ်၊ ငါကလည်း ဆရာကြီးဆီကို အမြဲသွားနေကျလေ၊ နင်နဲ့ တောထဲမှာတွေ့တုန်းက ဆရာကြီးဆီက ပြန်လာရင်းနဲ့တွေ့တာ၊ ငါ့ကိုမြားပစ် ကျွမ်းကျင်အောင် ဆရာကြီးကပဲ သင်ပေးခဲ့တာ"

"ဒါကြောင့်ကိုး. . ဒါဖြင့် ငါ့အကြောင်းတွေကို အစောကြီးကတည်းက သိနေတာပေါ့ ဟုတ်လား"

မြဝင်းသူက ပြုံး၍ခေါင်းညိတ်ပြသည်။

"အခုမှပဲ အဖြေသိရတော့တယ်၊ ငါ့က လေးတစ်လက်ကိုင်ပြီး တောထဲမှာတစ်ယောက်တည်း လျှောက်သွားနေတဲ့ ကောင်မလေးတစ်ယောက်လို့ ထင်ခဲ့မိတာ၊ အခုမှပဲ ငါနဲ့ ပညာသင်ဖက်ဖြစ်မှန်း သိရတော့တယ်၊ ဒါထက် ငါပြောတာကိုရောနယ်ဘယ်လိုသဘောထားသလဲ"

"ဘာကိုလဲ"

"နင့်ကိုလက်ထပ်ခွင့်တောင်းတဲ့ကိစ္စလေ"

"အဖေနဲ့ လူကြီးတွေရှေ့မှာ. . သဘောတူပါတယ်လို့ ခေါင်းညိတ်ပြပြီးမှ ဘာပြောရဦးမှာလဲ"

"အဲ့ဒါက လူကြီးတွေကိုပြောတာ၊ ကာယကံရှင်ဖြစ်တဲ့ ငါကိုတော့ ပြောဖို့လိုသေးတာပေါ့"

"နင်က ယောက်ျားလေးပဲ နင်ကစပြောမှပေါ့"


www.burmeseclassic.com

www.burmeseclassic.com

နီမောင်ကတစ်ချက်ရယ်လိုက်သည်။

"ငါနင့်ကို သဘောကျပါတယ်၊ ရင်ထဲကလည်း ချစ်ပါတယ်ဗျာ. . နင့်သဘောကရော"

"ငါကလည်း နင့်ကိုသဘောကျတယ် ချစ်ပါတယ်"

ဟု ခပ်တိုးတိုးပြန်ပြောလေသည်။

"ဘယ်တုန်းကတည်းက ချစ်နေတာလဲ"

"အို. . ဒါကတော့ အသည်းနှလုံးကို ပေတံနဲ့တိုင်းလို့ရတာမှမဟုတ်တာ သူချစ်ချင်တဲ့အချိန် ချစ်မှပေါ့"

ဟု ပြောလိုက်ရာ နီမောင်က သဘောကျစွာ ရယ်လိုက်ရင်း သူမလက်ကလေးတစ်ဖက်ကို လှမ်းဆွဲလိုက်ရာ ထိုအခါမှ မြားထိထားသောဒဏ်ရာမှာ မလှုပ်နိုင်တော့ကြောင်း သတိပြုမိလေသည်။

"အို. . ဟုတ်သားပဲ နင့်လက်မောင်းမှာ မြားဒဏ်ရာရှိနေတာပဲ၊ လာ. . အိမ်ဘက်ပြန်သွားပြီး ဆေးထည့်ရအောင်"

ဟုပြောပြီး ခေါ်သွားရာ နီမောင်ကလည်း တစ်ချက်ကလေးမှမငြင်းပဲ လိုက်သွားလေသည်။

ယခုအချိန်မှာတော့ သူတို့နှစ်ယောက်၏ ချစ်ခရီးလမ်းမှာ ကံကြမ္မာ၏ ဖေးမထောက်ပံ့မှုဖြင့် သာယာဖြောင့်ဖြူးလျက်ရှိနေကြလေသည်။





# အခန်း [၁၅]

# မမျှော်လင့်သောသတင်းဆိုး

နီမောင်တို့ သုံးယောက်မှာ နှစ်သစ်ကူးပွဲတော်ပြီးသောအခါ ဟိုမိုင်းရွာသို့ ပြန်လာကြလေသည်။ လမ်းရောက်တော့ စောထီးနှင့် ငမဲအောင်တို့က မေးကြလေသည်။

"မင်း မြဝင်းသူနဲ့ အဆင်ပြေသွားတာကတော့ ကောင်းပါတယ်၊ ဒါပေမယ့် မင်းတို့ကိစ္စက လွယ်လွယ်နဲ့ဖြစ်မယ်လို့ မျှော်ထင်သလား"

"ဘာကြောင့်မဖြစ်ရမှာလဲ၊ သူကလည်း သဘောတူ



www.burmeseclassic.com

www.burmeseclassic.com

တယ် သူ့အဖေကလည်း ခွင့်ပြုထားမှပဲ"

"ငါတို့ပြောတာ အဲ့ဒါမဟုတ်ဘူးကွ ကာယကံရှင်တွေက အဆင်ပြေပေမယ့် နံဘေးကလူက နှောင့်ယှက်မယ်လို့ ထင်နေတယ်၊ မင်း မြဝင်းသူကို ရသွားတာ ဒီပက ဒီအတိုင်းကြည့်နေမှာမဟုတ်ဘူး"

"ဟုတ်တယ် နီမောင်၊ ဒီအချိန်မှာတော့ မင်းအစစအရာရာ သတိထားနေတာတော့ အကောင်းဆုံးပဲ"

"အေးပါကွာ ငါသတိထားပါ့မယ်"

ရွာသို့ ပြန်ရောက်တော့လည်း နီမောင်တစ်ယောက် မိဘများကို သတိပေးပြီး မြဝင်းသူကို တောင်းရမ်းဖို့ကိစ္စ စီစဉ်နေရသောကြောင့် မအားမလပ်အောင် ရှိနေလသည်။

ထိုအရပ်ဒေသတွင် ဓလေ့ထုံးစံများစွာ ရှိပေသည်။ အားခါယဉ်ကျေးမှု ဓလေ့ထုံးစံသဘောတရားများကို အတန်အသင့်ဖော်ပြလိုပေသည်။

အားခါတို့၏ ရက်များလများ တွက်ချက်မှတ်သားရာတွင် တစ်ပတ်မှာဆယ့်နှစ်ရက်၊ တစ်လမှာ ရက်သုံးဆယ်၊ တစ်နှစ်မှာ ဆယ့်နှစ်လဖြစ်ပေသည်။

အားခါရက်များတွင် အကောင်ဆယ့်နှစ်ကောင် သတ်မှတ်ထားသည်။

၁။ လန် ဟုခေါ်သည့် ယုန်နေ့
၂။ ဆရယ် ဟုခေါ်သည့် မြွေပါနေ့
၃။ မန် ဟုခေါ်သည့် မြင်းနေ့





၄။ ယော် ဟုခေါ်သည့် သိုးနေ့
၅။ မျို့ ဟုခေါ်သည့် မျောက်နေ့
၆။ ယ ဟုခေါ်သည့် ကြက်နေ့
၇။ ခုပ် ဟုခေါ်သည့် ခွေးနေ့
၈။ ရှာ ဟုခေါ်သည့် ဝက်နေ့
၉။ ယို့ ဟုခေါ်သည့် ကြွက်နေ့
၁၀။ ညို ဟုခေါ်သည့် ကျွဲနေ့
၁၁။ ခလာ ဟုခေါ်သည့် ကျားနေ့
၁၂။ ထန်လာ ဟုခေါ်သည့် မြည်းနေ့

အားခါတို့၏ အယူအဆအရ မည်သည့်လမှာမဆို ကြွက်နေ့၊ သိုးနေ့၊ ကျွဲနေ့၊ ကျားနေ့ ဟူသော ထိုလေးနေ့တွင် မည်သည့်စိုက်ပျိုးခြင်းမှ မလုပ်ရပေ။

အားခါတို့၏ အမျိုးသားနှင့် အမျိုးသမီးတို့ လက်ထပ်မင်္ဂလာပွဲကိစ္စများမှာလည်း ၄င်းတို့၏ ယဉ်ကျေးမှုဓလေ့အရ သတ်မှတ်ချက်များရှိပေသည်။

အားခါဓလေ့ထုံးစံနှင့် ညီညွတ်အောင် လက်ထပ်မင်္ဂလာပွဲ ပြုလုပ်မည်ဆိုပါက ရှေးဦးစွာ အမျိုးသားဘက်မှ အကြီးအကဲ မိဘဆွေမျိုးများက အမျိုးသမီးအိမ်သို့ . "အရက်လာလောင်းခြင်း" ကိစ္စကို ပြုကြရသည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့အရ မိန်းကလေး၏ မိဘများထံ နားဖောက်ခြင်းမျိုးဖြစ်သည်။

ထိုနေ့တွင် သတို့သားဖြစ်သော ယောက်ျားကလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လိုက်မလာရပါ။ သူ၏အစ်ကိုကြီး သို့မဟုတ် မိဘ၊ ဆွေမျိုးအကြီးအကဲတို့သာ လာရောက်တွေ့ဆုံကြရပါသည်။

မိန်းကလေး၏မိဘများမှာ. . ဤသို့လာရောက် နားဖောက်တောင်းရမ်းပါက သမီးဖြစ်သူ နှစ်သက်ပါလျှင် လက်ခံခွင့်ပြုတတ်ကြပါသည်။

အဆိုပါ တောင်းရမ်းနားဖောက် စေ့စပ်ကြောင်းလမ်းခြင်းကို သမီးရှင်က သဘောတူလက်ခံပါက အမျိုးသားဘက်မှ ယူလာသည့် အရက်ပုလင်းကို အမျိုးသမီး၏အမေအား ရှေးဦးဆုံး ငှဲ့တိုက်ရပါသည်။ ပြီးလျှင် အဖေအားငှဲ့တိုက်သည်။

နောက်မှ အခြားလူကြီးများကို တိုက်ရပါသည်။

အမျိုးသမီး၏မိဘများသည် မင်္ဂလာဆောင်မည့် နေ့ကောင်းရက်သာကို နတ်ဆရာနှင့်တိုင်ပင်၍ ရွေးချယ်ကာ အမျိုးသား၏ မိဘဆွေမျိုးများကို အသိပေးပါသည်။

အမျိုးသားက အမျိုးသမီး၏ မိဘများထံ ခန်းဝင်ပစ္စည်းများ တင်တောင်းခြင်းမပြုကြရပေ။

မင်္ဂလာဆောင်ရန် ရွေးချယ်ထားသော နေ့ကောင်းရက်သာ နံနက်ခင်းတွင်. . သတို့သားသည် သတို့သမီး၏ အမေကို ရှေးဟောင်းဒင်္ဂါးတစ်ပြား နှို့ဖိုးပေးပြီး သတို့သမီးကို မိဘများထံမှ ခေါ်သွားပါသည်။

သတို့သားနောက် လိုက်ပါသွားသည့် သတို့သမီးသည် ထိုသူ၏အမေ့အိမ် မရောက်မီ ကြားအိမ်တစ်အိမ်မှာ ခဏထားရစ်ကာ. . သတို့သားက သူ၏အမေထံသွား၍ အကြောင်းကြား





ပါသည်။

မကြာမီ သတို့သား၏အမေ လိုက်လာပြီး သတို့သမီးကို သူ့အိမ်အရောက် တွဲခေါ်ပါသည်။

သတို့သားအိမ်သို့ ရောက်သောအခါ သတို့သား၏အမေက ပြုတ်ထားသော ကြက်ဥတစ်လုံးကို နှစ်ပိုင်းပိုင်းပြီး သတို့သားနှင့် သတို့သမီးတို့ကို တစ်ယောက်တစ်ပိုင်းစီ ကျွေးပါသည်။ ဆုပေးပါသည်။ သေမကွဲရှင်မကွာ ပေါင်းကြဖို့ ဩဝါဒပေးသည်။

ထိုနေ့ညနေပိုင်းတွင် သတို့သားဘက်မှ တာဝန်ယူ၍ ဝက်ပေါ်ပြီး တစ်ရွာလုံးကို ကျွေးရပါသည်။ ပေါ်သည် ဝက်သည် ခွက်တစ်ဆယ်ထက် မငယ်ရဟူသော စည်းကမ်းသတ်မှတ်ချက်ရှိပါသည်။ ဝက်ပေါ်ရာတွင် ခွက်တစ်ဆယ်ထက် အလေးချိန်များနိုင်သမျှ များ၍ရပါသည်။ ထိုသို့အလေးချိန်ရှိသော ဝက်တစ်ကောင်မက နှစ်ကောင်ပေါ်၍ ကျွေးလျှင်လည်း ကျွေးနိုင်ပါသည်။

မင်္ဂလာဆောင် အခမ်းအနားကို ဝက်သားကျွေးသည့် ထိုညနေတွင် ကျင်းပပါသည်။

မင်္ဂလာဆောင် အခမ်းအနားမှာ စားရန်သောက်ရန် ကြွရောက်လာကြသည့် ပရိသတ်၏ရှေ့မှာ ဝက်၏ညာလက်ကို သတို့သားနှင့် သတို့သမီးတို့က ရှေးဦးစွာ စားကြရပါသည်။

မင်္ဂလာပွဲတွင် သတို့သမီးသည် အဖြူရောင်ဝတ်စုံကို ဝတ်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားခါအမျိုးသမီးများသည် တစ်သက်လုံးအနက်ရောင် ဝတ်စုံကိုပဲ ဝတ်ကြသည့် ဓလေ့ရှိသဖြင့် အမျိုးသမီးများသည် အိမ်မှာနေလျှင်လည်း အနက်ရောင်ဝတ်စုံကိုဝတ်ပြီး၊ ပွဲလမ်း သဘင်သွားလျှင်လည်း အနက်ရောင်ဝတ်စုံကိုပင် ဝတ်ဆင်ကြ သည်။

အမျိုးသမီးများသည် မင်္ဂလာဆောင်သည့်အချိန်က လေးမှာသာ အဖြူရောင်ဝတ်စုံကို ဝတ်ကြရသည်။

အမျိုးသမီးတစ်ဦးအနေဖြင့် နောက်ထပ်အဖြူရောင် ဝတ်စုံကို ဝတ်ဆင်လိုပါက အရွယ်လွန်ပြီး သွေးဆုံးပြီးချိန်တွင် ဝက်ပိဿာသုံးဆယ်အထက်ရှိ တစ်ကောင်၊ ကြက်တစ်ဆယ့်ငါး ကောင်နှင့် အရက်ကို လာသမျှလူကုန် အဝတိုက်ကျွေးပြီးရင် အဖြူရောင်ဝတ်စုံ ဝတ်နိုင်ခွင့်ရှိပေပြီ။

အားခါအမျိုးသမီးများသည် ထိုမျှလောက် အကုန်အကျ ခံပြီး အဝတ်ဖြူဝတ်စုံကို မည်သူမျှ မဝတ်ဆင်ကြတော့ပါ။ တစ် သက်လုံး သေသည်အထိ အနက်ရောင်ဝတ်စုံကိုသာ ဝတ်ဆင် ကြပေသည်။

မင်္ဂလာအခမ်းအနားတွင် သတို့သမီးသည် အဖြူရောင် ဝတ်စုံဝတ်ပြီး သတို့သားနှင့်အတူ မင်္ဂလာထမင်း လက်ဆုံစား နေချိန်မှာ သူငယ်ချင်းအပေါင်းအသင်းများက ရှုပ်ကြ၊ နောက် ကြ၊ ပြောင်ကြ၊ စကြပါသည်။

သတို့သမီးကိုလည်း အရုပ်ဆိုးအောင် အိုးမဲများ သုတ် ကြသည်။ တစ်သက်တွင် တစ်ကြိမ်သာဝတ်သည့် ဝတ်စုံဖြူဖြူကို





လည်း အိုးမဲသုတ်ကာ ပျော်ကြသည်။

မင်္ဂလာအခမ်းအနားတွင် ဝက်၏ ညာဘက်လက်ကို သတို့သားနှင့် သတို့သမီးနှစ်ဦး အတူတူစားပြီး တစ်ရွာလုံးကို ဝက်သားဟင်းနှင့် ထမင်းကျွေးခြင်းသည် ထိုသူနှစ်ဦးလက်ထပ် ပြီးကြပြီဟူသော အဓိပ္ပါယ်ကိုဆောင်ပေသည်။

လက်ထပ်ပြီးစ ဇနီးမောင်နှံသည် ယောကျ်ား၏ မိဘ များအိမ်ပေါ်မှာ အတူတူမအိပ်ကြရပေ။ လက်ထပ်ပြီးစ မိန်း ကလေးသည် ယောက္ခမ မိန်းမသူ၏အခန်းတွင် အိပ်နိုင်သည်။ လက်ထပ်ပြီးစ ယောကျ်ားလေးသည် အိမ်ရှေ့ခန်းတွင် အိပ်ရ သည်။

အားခါ ရိုးရာမင်္ဂလာလပ်ထပ်ပွဲ စည်းကမ်းအရ လက် ထပ်ပြီး ဆယ့်သုံးရက်ထက် နောက်မကျပဲ ယောကျ်ားဘက်က မိဘရဲ့အိမ်နဲ့ကပ်ပြီး အိမ်ထောင်ဦးလက်ထပ်ပြီးစ လင်မယား အိပ်ရန် အိမ်ကလေးကိုပြီးအောင် ဆောက်ရပါတယ်။

အကယ်၍ သတို့သားသည် မိမိတို့ဇနီးမောင်နှံနေရန် လက်ထပ်ခါနီးမှာ ကြိုတင်ဆောက်လုပ်ထားပါက လက်ထပ် သည့်ညတွင် ထိုအိမ်သစ်သို့ ပြောင်းရွှေ့အိပ်နိုင်ကြပါသည်။

လက်ထပ်ပြီးနောက်နေ့တွင် ယောက္ခမက ချွေးမကို ၎င်းတို့၏ အတွင်းလူ အိမ်သူအိမ်သားဖြစ်ပြီဆိုသည့် အထိမ်း အမှတ်ပွဲကို လူသစ်လက်ခံပွဲအဖြစ် ပြုလုပ်ပါသည်။

ထိုနေ့တစ်နေ့လုံး အိမ်သူအိမ်သားအားလုံး ရေခပ်ခြင်း မှအပ မည်သည့်အလုပ်မျှ မလုပ်ကြပဲ အိမ်မှာစုစုဝေးဝေးအေး



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေး တစ်နေ့ကုန်အတူနေထိုင်ကြရပါသည်။

လူ့ဘဝတွင် အလွန်အရေးကြီးသည့် မွေးဖွားခြင်း၊ လူလားမြောက်အရွယ်ရောက်ခြင်း၊ အိမ်ထောင်ပြုခြင်း၊ အိုပြီး နာမကျန်းဖြစ်ခြင်းနှင့် သေဆုံးခြင်းကိစ္စများတွင် အားခါရိုးရာဓလေ့များသည် သတ်မှတ်ချက်များနှင့် ရှိခဲ့ပေသည်။

နီမောင်တို့ကတော့ မြန်မာ့ဓလေ့ ထုံးစံများအတိုင်း လက်ထပ်မည်ဖြစ်သောကြောင့် ထိုကဲ့သို့သော ဓလေ့ထုံးစံများ မလိုလှပေ။

သို့သော်လည်း ရပ်ရွာဓလေ့ထုံးစံများအတိုင်းကတော့ ပြုလုပ်ပေးရပေမည်။

ဉပမာ မိမိတို့နှစ်ယောက်ချင်းအတွက် အခြားထွေထွေထူးထူးကိစ္စများ မရှိစေကာမူ ရပ်ရွာနှင့်သက်ဆိုင်သည့် ဓလေ့ထုံးစံများထဲမှ ကျွေးမွေးဧည့်ခံရသော ဓလေ့ထုံးစံမျိုးကိုတော့ သတို့သားလောင်းဘက်မှ အကုန်အကျခံကာ ပြုလုပ်ပေးရလေသည်။

ထို့ကြောင့် မိမိစုဆောင်းထားသော ငွေကြေးများဖြင့် ပြင်ဆင်နေရလေသည်။

ထိုရက်များအတွင်းမှာလည်း ပျော်ရွှင်မဆုံးနိုင်အောင် ဖြစ်နေရသည်။

သို့သော်လည်း သူ၏ပျော်ရွှင်မှုများမှာ ထိုကာလအတွင်းမှာပင် ပြန်လည်ပျက်စီးသွားခဲ့ရပေသည်။

တစ်နေ့တွင်. . နီမောင်နေသောဟိုမိုင်းရွာသို့ လူနှစ်





ယောက်ရောက်လာလေသည်။

၄င်းတို့က မေးမြန်းပြီး နီမောင်ထံသို့ရောက်လာကြခြင်းဖြစ်သည်။

"ဘယ်ကလာကြတာလဲ"

"ကျုပ်တို့က ပူလွယ်ရွာကပါ ကျောက်ဖလွတ်လို့လာခဲ့ကြတာပါ"

"ဘယ်လိုအကြောင်းကိစ္စရှိလို့ပါပဲ"

"လူစုပြီး ပူလွယ်ရွာကို အမြန်လိုက်လာဖို့ မှာလိုက်ပါတယ်"

"ဗျာ. . ဘာဖြစ်လို့လဲဟင်"

"ဟိုရွာရောက်မှသာ ကျောက်ဖကို အကျိုးအကြောင်းမေးကြည့်ပါတော့၊ ကျုပ်တို့နဲ့ တစ်ပါတည်းလိုက်မှာလား"

"အခုမလိုက်သေးဘူး. . ဒီမှာရသလောက် လူစုပြီးမှ နောက်ကလိုက်ခဲ့တော့မယ်၊ ခင်ဗျားတို့ပြန်နှင့်ကြပါ"

ဟု ပြောလိုက်သဖြင့် လာခေါ်သူနှစ်ယောက် ပြန်သွားကြလေတော့သည်။

နီမောင်လည်း စောထီးနှင့်ငမဲအောင်တို့နှင့် အခြားနှစ်ယောက်သုံးယောက်ကိုပါခေါ်ပြီး ဆရာကြီးဦးစိုင်းလုံထံ အရင်သွား၍ အကျိုးကြောင်းပြောပြလေသည်။

ဆရာကြီး ဦးစိုင်းလုံက အသေအချာနားထောင်ပြီး. .

"မင်းတို့အရင်သွားနှင့်ကြ. . ငါနောက်ကနေ အခြေအနေစုံစမ်းပြီးမှ လိုက်တန်လိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောသဖြင့် နီမောင်တို့လည်း ၄င်းသုံးစွဲသော လက်နက်များကိုယူဆောင်ကာ ပူလွယ်ရွာသို့ သွားကြလေသည်။

ထိုရွာသို့ရောက်သည်နှင့် ကျောက်ဖဦးခွန်ဘရင် အိမ်သို့ သွားကြလေသည်။

ဦးခွန်ဘရင်နှင့်တွေ့သောအခါ သူက. . .

"မင်းတို့ရောက်လာကြပြီလား ငါ့သမီးတော့ မရှိတော့ဘူး"

ဟု ဆီးပြောလေသည်။

"ဗျာ. . . မြဝင်းသူက ဘာဖြစ်လို့လဲဟင်"

"သူတို့ဖမ်းခေါ်သွားပြီထင်တယ်"

"ဘယ်သူတွေလဲ"

"ဘိန်းကုန်ကူးနေတဲ့ တရုတ်ဖြူအဖွဲ့တွေ ဖြစ်မယ်ထင်တယ်"

"ဘယ်ကိုခေါ်သွားကြတာလဲ"

"ငါလည်း သေသေချာချာ မသိဘူး၊ သူတို့ခေါ်သွားရင်တော့ တစ်ဘက်နိုင်ငံပါသွားမှာပဲ"

ထိုစကားကြားသောအခါ နီမောင်ရင်ထဲမှာ ပူလောင်သွားလေသည်။

"ကျွန်တော်တို့ လိုက်ရှာမှဖြစ်မယ်"

"သူတို့မှာ သေနတ်ကောင်းတွေပါတယ် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် မြဝင်းသူကို မတွေ့တွေ့အောင်ရှာပြီး ခိုးကယ်မှဖြစ်မယ်၊ မဟုတ်ရင် သူဒုက္ခရောက်လိမ့်မယ်"





"ဒီလိုဆိုရင်လည်း ရွာထဲမှာ လက်နက်တွေရော တိုက်ခိုက်ရေးကောင်းတဲ့သူတွေ အများကြီးရှိတယ်၊ မင်းကြိုက်တဲ့ လက်နက်နဲ့ ကြိုက်တဲ့သူသာ ခေါ်သွားပေတော့"

ဟုပြောသဖြင့် နီမောင်လည်း ရွာထဲမှာရှိသူများကို လူစုခေါ်ကာ စတင်ပြင်ဆင်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

# အာဃာတနီဝိုးနှင့် အပြုံးမျက်နှာ

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းစပြုလာချေသည်။ ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း သစ်တောများနှင့် ချုံနွယ်ပိတ်ပေါင်းများသာရှိပြီး လူနေအိမ်ခြေမရှိပေ။ ထိုနေရာနှင့် အနီးဆုံးနေရာမှာ ဖားဖဲ့ရွာရှိသော်လည်း ယခုလို နေဝင်ရီတရောအချိန်မျိုးရောက်ပါက ထိုနေရာသို့ မလာကြတော့ပေ။ အဘယ်ကြောင့်ဆိုသော် ထိုနေရာမှာ သရဲခြောက်ရာ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

တွင် နာမည်ကြီးလှသည့် နေရာတစ်ခုဖြစ်နေသောကြောင့်ပင်။

ထိုနေရာမှ ခြောက်လှန့်နေသည့် သရဲမှာလည်း အခြားသူမဟုတ်ပေ။ ဖားဖဲ့ရွာသူ မယ်နှင်းဆိုသူပင်ဖြစ်သည်။

မယ်နှင်းမှာ မောင်ညိုနှင့် အိမ်ထောင်ကျပြီးတော့မှ အခြားသူတစ်ယောက်က အနိုင်ထက် အကျင့်ခံရသဖြင့် ရပ်ရွာ မလေ့ထုံးစံအရ ရွာပြင်ဘက်မှာ တဲတစ်လုံးနှင့် တစ်ယောက်တည်းထွက်နေရသူဖြစ်သည်။

ထိုသို့ထွက်နေတော့မှ အခြေအနေက ို့ဆိုးသွားလေတော့သည်။ ထိုအချိန်က မယ်နှင်းမှာ အရွယ်ကလည်းရှိသေး၊ ရုပ်ရည်ကလည်း ချောသူတစ်ဦးဖြစ်ရာ. . တဲတစ်လုံးဖြင့် တစ်ယောက်တည်း ရွာအပြင်ဘက်ထွက်နေရသောအခါ အခွင့်အရေးစောင့်နေသော ကြောင်ဖားများ ရောက်လာပြီး ဖျက်ဆီးကြပြန်လေသည်။

နောက်ဆုံးမှာတော့ ရောဂါစွဲကပ်လာသောကြောင့် သူဘာသာကြိုးဆွဲချသေသွားရာမှ မကျွတ်မလွတ်သော အစိမ်းသရဲမဘဝ ရောက်နေရသူဖြစ်သည်။

သူမသည် အစိမ်းသရဲဘဝရောက်သွားသောအခါ သူမကို ဖျက်ဆီးကြသူများကို တစ်ယောက်ပြီးတစ်ယောက် လိုက်လံသတ်ဖြတ်လေရာ နောက်ဆုံး ရွာလူကြီးဦးလောစံက နတ်ဆရာခေါ်ပြီး နှင်ထုတ်ရန်ကြိုးစားသော်လည်း မရပေ။

နတ်ဆရာများ ထွက်ပြေးရသည်အထိ မယ်နှင်းက ကြမ်းသည်။ ယခုလည်း ထိုနေရာတစ်ဝိုက်မှာပင် ရှိနေသေးပြီး





မကြာခဏဆိုသလို ထိုနေရာမှ ဖြတ်သွားကြသူများ သရဲခြောက်ခံကြရသည်။

နေဝင်ရီတရော အချိန်မျိုးသွားလျှင်တော့ ဘယ်သူမှ မလွတ်ပဲ သရဲခြောက်တာခံကြရသည်။

ထိုနေရာတစ်ဝိုက်မှာ တဲဟောင်းတဲပျက်တစ်လုံး ရှိသည်။ မယ်နှင်းရှိစဉ်က နေသွားခဲ့သော တဲဖြစ်သည်။

ယခု ထိုတဲအတွင်းမှာရော အပြင်မှာပါ လူအချို့ရှိနေကြသည်။ အပြင်ဘက်မှာ သေနတ်ကိုင်ထားသော လူအချို့နှင့် ဘိန်းထုပ်များ၊ လားများ ရှိသည်။

ယေဘူယျကြည့်လျှင်တော့ ဘိန်းအရောင်းအဝယ် သွားမည့်သူများဟု ထင်စရာရှိသည်။

တဲအတွင်းမှာတော့ တိုင်မှာ ကြိုးဖြင့်ချည်ထားသော အမျိုးသမီးတစ်ယောက်ရှိနေသည်။ မြဝင်းသူပင်ဖြစ်သည်။

မြဝင်းသူမှာ ကြိုးဖြင့်အချည်ခံထားရုံမက ပါးစပ်ကိုပါ အဝတ်ဖြင့်စည်းထားသေးသည်။

မှောင်ရီသမ်းစအချိန်မှာတော့ တဲအတွင်းသို့ လူတစ်ယောက်ဝင်လာသည်။ ဒီပပင်ဖြစ်သည်။

ဒီပက သူမအနီးသို့ လျှောက်လာပြီး မြဝင်းသူပါးစပ်ထဲမှ အဝတ်များကို ဖယ်ပေးသည်။

“လူယုတ်မာ”

“စိတ်လျှော့လိုက်စမ်းပါဟာ၊ အခုနင် ငါ့လက်ထဲရောက်နေပါပြီ၊ နင်အဖေလည်း မကယ်နိုင်ဘူး၊ ဟိုအကောင်လည်း


www.burmeseclassic.com

www.burmeseclassic.com

မလာနိုင်တော့ပါဘူး"

"ဒါပေမယ့် နင်လို လူယုတ်မာလက်ထဲကိုတော့ ငါ့ဘဝ ဘယ်နည်းနဲ့မှ အရောက်မခံဘူး"

"နင် ဘယ်လောက်ပဲ မာနကြီးနေပေမယ့် ငါ့လက်ခုပ်ထဲကရေ ဖြစ်နေပြီ၊ ငါကနင့်ကို ကောင်းကောင်းမွန်မွန် ထားမှာပါ"

"အို. . . မလိုချင်ဘူး၊ နင့်လိုလူမျိုးနဲ့တော့ တစ်သက်ဘယ်တော့မှ အတူမနေဘူး"

"နင်ကို ငါသဘောကျသလောက် ပေါင်းသင်းပြီး. . ဟိုဘက်နိုင်ငံခေါ် သွားပြီး ရောင်းစားလိုက်ရုံပါပဲ၊ ငါ့အတွက် ဝင်ငွေတောင်ပိုရဦးမယ်"

"ထွီ. . လူယုတ်မာ"

ထိုသို့ပြောနေစဉ် ဒီပက အနားရောက်လာပြီး နောက်မှ သိုင်းဖက်လိုက်သည်။

မြဝင်းသူမှာ ခြေနှင့်လက်ကို ကြိုးတုပ်ထားသောကြောင့် မရုန်းသာပေ။

"လွှတ်စမ်း လူယုတ်မာ. . နင် အသားကိုမထိနဲ့"

မြဝင်းသူက ဒေါသနှင့်ရုန်းသော်လည်း အရာမထင်ပဲ ဒီပရင်ခွင့်ထဲ ရောက်သွားတော့သည်။

"စိတ်လျှော့လိုက်ပါတော့ဟာ၊ ဒေါသထွက်နေရင်လည်း နင်ပဲပင်ပန်းရုံရှိမှာပေါ့"

ဟုပြောရင်း. . မြဝင်းသူတစ်ကိုယ်လုံးကို ထိတွေ့ကိုင်





တွယ်နေရာ အရှင်လတ်လတ်သတ်ဖြတ်ခြင်း ခံရသည်ထက် ပိုဆိုးလေတော့သည်။

ဒီပက တဲအတွင်းဝင်မလာခင်ကတည်းက တပည့်များကို ဝေးဝေးနေရန် မှာထားသောကြောင့် တဲပတ်ဝန်းကျင်မှာ မည်သူမှမရှိပေ။

မြဝင်းသူမှာ လက်ကိုနောက်ပြန် တုပ်ထားသောကြောင့် ဘယ်လိုမှ မတတ်နိုင်ပဲရှိနေတော့သည်။ ဒီပက သူမကို ကြမ်းပြင်ပေါ် တွန်းလှဲလိုက်ပြီး အပေါ်မှဖိထားရာ မရုန်းသာအောင် ရှိနေသည်။

"ဘုတ်. . ဘုတ်. . "

ထိုအသံက ဒီပနောက်ကြောဘက်မှ ကြားလိုက်ရပြီး သူ့ပခုံးကို တစ်ယောက်ယောက်က ပုတ်လိုက်ခြင်းဖြစ်သည်။ အရေးကောင်းကာမှ ဒိန်းဒေါင်းဖျက်ဆိုသကဲ့သို့ မိမိတပည့်များ လာရောက်နှောင့်ယှက်သည် အထင်ဖြင့်. . ဒေါသတကြီးလှည့်ကြည့်လိုက်တော့. . သူ့အနောက်တွင် ဆောင့်ကြောင့်ထိုင်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသဖြင့် အံ့သြသွားလေသည်။

"နင်ဘယ်သူလဲ"

"နင်တို့လိုလူယုတ်မာတွေ ဖျက်ဆီးလို့ ဘဝပျက်ပြီး အသက်ပါသေခဲ့ရတဲ့ မိန်းမတစ်ယောက်ပဲ"

"အခုဘာလာလုပ်တာလဲ"

"ငါ့မျက်စိအောက်မှာ ဒီလိုမတရားလုပ်နေတာ မြင်ရင်


www.burmeseclassic.com

www.burmeseclassic.com



မကြည့်ချင်ဘူး”

“အောင်မာ ငါ့ကိုများလာပြီး အမိန့်ပေးရတယ်လို့၊ ဒီမှာ ကြည့်စမ်း တစ်ခါသေပြီးတာတောင် မမှတ်သေးပဲ နောက်တစ်ခါ ထပ်သေချင်သလား”

ဒီပက ခါးကြားမှသေနတ်ကိုထုတ်ပြီး ချိန်ထားလိုက်သည်။ ထိုအခါ ဆောင့်ကြောင့်ထိုင်နေသော မိန်းမက ပါးစပ်ဖြဲပြီး ရယ်လိုက်ရာ ပါးစပ်ပေါက်က အကျယ်ကြီးဖြစ်သွားလေသည်။

“ဒီပကို ဒီလိုလုပ်လို့မရဘူးဟေ့”

ဟုပြောပြီး သေနတ်ဖြင့်ပစ်သည်။

“ဒိုင်း. . ဒိုင်း. . ”

သေနတ်ကျည်ဆန်များက ကိုယ်ကိုဖောက်သွားသော်လည်း ဘာမှထူးခြားပုံမရဘဲ ရယ်နေသည်။

သေနတ်သံကြောင့် အပြင်ဘက်မှ တပည့်များပြေးဝင်လာသည်။

“ဆရာ ဘာဖြစ်တာလဲ၊ ဘာကြောင့် သေနတ်နဲ့ပစ်တာလဲ၊ တော်ကြာ ပတ်ဝန်းကျင်မှာ လှည့်ကင်းတွေရှိနေရင် ခက်ကုန်လိမ့်မယ်”

ဒီပမှာ သေနတ်ကြီးကိုင်ထားပြီး ဘာပြန်ပြောရမှန်မသိတော့ပေ။ သူတပည့်များဝင်လာသောအချိန်မှာ ထိုမိန်းမက မရှိတော့ပေ။

“ဆရာသေနတ်သံကြားရင် မကောင်းဘူး၊ တခြားဘိန်း





ကုန်ကူးတဲ့အဖွဲ့တွေလည်း သိနိုင်တယ်၊ လှည့်ကင်းတွေလည်း အချိန်မရွေး ရောက်လာနိုင်တယ်၊ ဒီနေရာကနေ ရွှေ့ကြရင်ကောင်းမယ်”

“အေး. . ပစ္စည်းတွေကို လားတွေပေါ် ပြန်တင်ကြပေတော့”

ဟု ပြောလိုက်သဖြင့် တပည့်များက ဘိန်းထုပ်များနှင့် အခြားပစ္စည်းထုပ်များကို လားများပေါ်သို့ ပြန်တင်ကြလေသည်။ ထိုနေရာမှ ထွက်ခွာရန် ပြင်နေကြစဉ်မှာ တောစပ်မှာ လူတစ်ယောက် ရောက်လာသည်။

တစ်ကိုယ်လုံး အဝတ်နက်များ ဝတ်ထားသော နီမောင်ပင်ဖြစ်သည်။

“မင်းတို့သွားချင်တဲ့နေရာ သွားနိုင်တယ်၊ ဒါပေမယ့် သူ့ကိုတော့ ထားခဲ့ရမယ်”

မြဝင်းသူကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

“ဘာကြောင့် ထားရမှာလည်းကွ၊ ဒီတစ်ခါတော့ သေဖို့သာပြင်ပေတော့”

ဟုပြောပြီး သေနတ်ဖြင့်ချိန်လိုက်ရာ. . နီမောင်က အမှောင်ထဲသို့ ပြန်ဝင်သွားလေသည်။

ဒီပတို့မှာ သူတို့ပတ်ဝန်းကျင်မှာ နီမောင်တို့ရောက်နေမှန်းသိသဖြင့် သေနတ်များကို အဆင်သင့်ပြင်ပြီး ကြည့်သော်လည်း မှောင်နေသောကြောင့် ဘာမှမတွေ့ရပေ။

ထို့ကြောင့်. . ရွှေ့သို့ခရီးဆက်ရန် ဟန်ပြင်တော့မှ အ



www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲမှ မြားတံများ ထွက်လာလေတော့သည်။

“ဝှစ်. . ဝှစ်. . ဝှစ်”

အဆိပ်လူးမြားတံများ ထိသောကြောင့် လူအချို့လဲကျသွားသည်။ အချို့ကလည်း သေနတ်များဖြင့် မည်းမည်းမြင်ရာ စွတ်ပစ်ကြရာ တိတ်ဆိတ်နေသောတောထဲမှာ ဆူညံသွားလေတော့သည်။ အချို့လည်း ဘေးလွတ်ရာသို့ ပြေးကြလေသည်။

ဒီပက မြဝင်းသူကိုအကာအကွယ်ယူထားသောကြောင့် ၎င်းကို ပစ်ခွင့်မသာပေ။

ပတ်ဝန်းကျင် အမှောင်ရိပ်တွင်းမှာတော့ ဦးခွန်ဘရင် ခေါင်းဆောင်သော ရွာသားများ၊ နီမောင်ခေါင်းဆောင်ပြီး ခေါ်လာသော လူအချို့ရှိကြလေသည်။

သူတို့ထဲမှာ ဓားလှံလေးမြားသာ ပါသော်လည်း ထိုကဲ့သို့သော အမှောင်ရိပ်ထဲမှ အသုံးပြုရာမှာတော့ သေနတ်ထက် လေးမြားကပိုပြီး အသုံးဝင်သည်။ တစ်ဖက်ရန်သူကို အသံမကြားရဘဲ ပစ်ခတ်သုတ်သင်၍ ရလေသည်။

ရန်သူများမှာ တစ်ဖက်လူကိုမမြင်ရပဲနှင့် မြားချက်ထိပြီး တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။ အသက်မသေပဲ ကျန်သူများမှာလည်း အသက်ဘေးမှလွတ်မြောက်အောင် ထွက်ပြေးကြသော်လည်း မလွတ်တော့ပေ။

အသင့်စောင့်နေကြသူများ၏ တိုက်ခိုက်ဖမ်းဆီးခြင်းကို ခံကြရသည်။ ဒီပမှာ မြဝင်းသူကိုကိုင်ပြီး အကာအကွယ် ယူထားသော်လည်း သူ့ဆီမှာသေနတ်တစ်လက်သာ ပါသည်။





တစ်နေရာရောက်သောအခါ သူသွားမည့်နေရာဘက်မှာ နီမောင်ကကြိုရောက်နေသည်။

သေနတ်ဖြင့်ပစ်တော့. . ဖျတ်ခနဲ ပြန်ပျောက်သွားပြီးနောက် တစ်နေရာမှာ ပြန်ပေါ်လာသည်။ နောက်ထပ်ပစ်တော့ ပျောက်သွားပြန်သည်။ နောက်ဆုံးမှာတော့ ကျည်ဆံကုန်သွားတော့သည်။ ထိုအချိန်တွင် နီမောင်က ဖျတ်ခနဲ အနားရောက်လာပြီး တရကြမ်း ဝင်ရောက်တိုက်ခိုက်လေတော့သည်။

“မင်းက စိတ်စွမ်းအားကို အသုံးချပြီးတော့ လူတွေကို မတရားအနိုင်ယူလာခဲ့တယ်၊ ဒီတစ်ခါတော့ မင်းရဲ့ စိတ်စွမ်းအားကို အဆုံးသတ်ပေးရမယ်”

နီမောင်က တရကြမ်းဝင်တိုက်သောအခါ ဒီပကလည်း အစွမ်းကုန်ပြန်လည်တိုက်ခိုက်ရာ အမှောင်ရိပ်ဖုံးနေသည့် တောထဲမှာ ပွဲကြီးပွဲကောင်း ကျင်းပနေသကဲ့သို့ ရှိနေသည်။

မြဝင်းသူကတော့ ဒီပလက်မှ လွတ်သည်နှင့် ထိုနေရာမှ ပြေးသွားရာ ဦးခွန်ဘရင်တို့နှင့် ပြန်တွေ့သွားလေပြီ။ ဒီပမှာ ရိုးရိုးသားသား ယှဉ်ပြိုင်တိုက်ခိုက်ပါက နီမောင်ကို ဘယ်လိုမှ ယှဉ်မရသောကြောင့် နောက်သို့ဆုတ်ပေးနေရသည်။

တစ်ကြိမ်မှာတော့ ကိုယ်လွတ်ရုန်းပြေးရန် ကြိုးစားလေရာ နီမောင်ကကြာပွတ်ဖြင့် ခြေထောက်ကိုဖမ်းဆွဲလိုက်သဖြင့် ပြန်လဲကျလာသည်။

ထိုသို့တိုက်ခိုက်ရင်းမှာပင် တစ်နေရာရောက်သောအခါ ဒဏ်ရာဖြင့်လဲကျနေသော တပည့်တစ်ယောက်ထဲမှ သေနတ်



www.burmeseclassic.com

www.burmeseclassic.com

တစ်လက်ရသွားတော့သည်။

“မင်းရဲ့သိုင်းပညာ ဘယ်လောက်ပဲတော်တော် သေနတ်ကျည်ဆန်ကိုတော့ ရှောင်နိုင်မှာမဟုတ်ပါဘူး. . ၊ သေပေတော့”

သေနတ်နှင့်ပစ်ရန် ဟန်ပြင်လိုက်သည်နှင့် အမှောင်ရိပ်ထဲမှ ဖြတ်ထွက်လာသော မြားတံတစ်ချောင်းက ဒီပရင်ဝကို စိုက်ဝင်သွားတော့သည်။

“ဒုတ်”

“အင့်”

ဒီပမှ သေနတ်မောင်းကိုပင် မညှစ်နိုင်တော့ပဲ မျက်လုံးအပြူးသားဖြင့် ပုံလျက်သား လဲကျသွားလေတော့သည်။ ပွဲကပြီးသွားပေပြီ။

မြားဖြင့် ပစ်လိုက်သူကတော့ အခြားသူမဟုတ်ပေ။

မြဝင်းသူပင်ဖြစ်တော့သည်။

ထို့နောက်မှာတော့ ဒီပတို့ထံမှရလာသော လက်နက်များ ဘိန်းထုပ်များကို သယ်ယူပြီး ပူလွယ်ရွာသို့ ပြန်ခဲ့ကြသည်။

ပူလွယ်ရွာပြန်ရောက်တော့ သေနတ်သံများကြားသဖြင့် ဆင်းလာသော အစိုးရလှည့်ကင်းသမားများနှင့်တွေ့သဖြင့် ဦးခွန်ဘရင်ကိုယ်တိုင် သေနတ်နှင့်ဘိန်းထုပ်များကို အပ်နှံလိုက်လေသည်။

“တကယ်တော့ ဒီအရပ်ဒေသမှာ ဘိန်းစိုက်တယ်ဆိုတာ ခြံဝန်းလုဖို့နဲ့ ဆေးဝါးအဖြစ် အသုံးပြုဖို့ စိုက်ခဲ့ကြတာပါ၊ တစ်ဖက်





နိုင်ငံက တရုတ်ဖြူတွေဝင်လာတော့မှသာ မူးယစ်ဆေးအဖြစ် အသုံးပြုရမှန်းသိခဲ့ကြတာပါ၊ တကယ်တော့ ဒီဘိန်းကြောင့် ကျုပ်တို့တစ်နယ်လုံးမှာ ရှိကြတဲ့ ယောကျ်ားတွေအားလုံး ဘိန်းစားတွေဖြစ်ပြီး လူညွန့်တုံးတဲ့ဘဝ ရောက်ခဲ့ကြရတာပါ၊


တကယ်တော့ ဘိန်းမစိုက်ပဲ တခြားသီးနှံတွေ စိုက်ပျိုးစားရင်လည်း. . ထမင်းတစ်လုတ်တော့ ဝအောင်စားရတာပါပဲ၊ နောက်ပိုင်းမှာတော့ ကျုပ်တို့အရပ်ဒေသမှာ ဘိန်းမစိုက်ကြပဲ တခြားအသီးအနှံတွေ စိုက်ပျိုးကြဖို့ ဒေသမှာရှိတဲ့ လူတွေကို တိုက်တွန်းပေးရမယ်”

ဟု ဦးခွန်ဘရင်က နောင်တရသောစကားမျိုး ပြောသည်။ သူပြောလိုက်သော နောင်တစကားမှာ အရှေ့ဦးမှတက်လာသော ရောင်ခြည်သစ်ကဲ့သို့ အားရှိစရာပင်ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

# ချစ်သူအတွက်သိင်္ဂါရနိဒါန်း

နောက်ထပ်ရက်အနည်းငယ် ကြာသောအခါမှာတော့ ပုလွယ်ရွာမှာရှိသော ကျောက်ဖဦးခွန်ဘရင်အိမ်မှာ မင်္ဂလာပွဲတစ်ခု ကျင်းပလေသည်။

သတို့သားက နီမောင်ဖြစ်ပြီး သတို့သမီးက မြဝင်းသူ ပင်ဖြစ်သည်။

နီမောင်တို့ ဟိုမိုင်းရွာမှလည်း ပရိသတ်များအတော် လိုက်လာရာ စည်ကားသော မင်္ဂလာပွဲတစ်ခုဖြစ်လေသည်။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးစိုင်းလုံပင် ကိုယ်တိုင်ရောက်လာပြီး တပည့် နှစ်ယောက်တို့၏မင်္ဂလာပွဲကို ဆောင်ရွက်ပေးလေသည်။

မင်္ဂလာပွဲပြီးသောအခါမှာတော့ နီမောင်က မြဝင်းသူကို ဟိုမိုင်းရွာသို့ ခေါ်သွားလေသည်။

ထိုရွာမှာတော့ သူတို့နှစ်ယောက် မင်္ဂလာဆောင်ပြီးပါက နေရန် အိမ်တစ်လုံးကို အဆင်သင့်ဆောက်ထားပြီးဖြစ်သော ကြောင့် ထိုအိမ်သို့ပင် ပြောင်းရွှေ့နေကြသည်။

ဧည့်သည်များ ရှင်းသွားပြီး နှစ်ယောက်ချင်း ကျန်သော အခါ မြဝင်းသူကမေးသည်။

"တကယ်လို့ ဒီပက ငါ့ဘဝကို ဖျက်ဆီးလိုက်ပြီဆိုရင်. . ခလေ့ထုံးစံအရ ငါတစ်ယောက်တည်း ရွာအပြင်မှာ သွားနေ ရမှာလားဟင်"

"ဒါကတော့ မကောင်းတဲ့ အယူအဆဟောင်းတွေပါ မြဝင်းသူရယ်၊ ဒီလိုလုပ်လိုက်တာနဲ့ ရွာအပြင်မှာထွက်နေရတဲ့ သူရဲ့ဘဝက ပိုကောင်းလာမှာမှ မဟုတ်တာ၊ ပိုပြီးနစ်မွန်းသွားဖို့ပဲ ရှိတယ်၊ ငါကတော့ အဲ့ဒီလိုခလေ့ထုံးစံတွေကို လက်မခံပါဘူး၊ နင်ဘယ်ဘဝမျိုးပဲရောက်ရောက် အတူလက်တွဲထားပြီး ပေါင်း သင်းမှာပါ"

"ဒီစကားကရော တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ နင်ဘယ်ဘဝရောက်ရောက် ငါခွင့်လွှတ်ပေးမှာပါ"

"ဒါဖြင့် ငါလူရွေးတာ မှန်တာပေါ့နော်"





"နင်ကမှန်ပေမယ့် ငါကထပ်ရွေးရဦးမယ်"

"ဟင်. . ဘယ်သူကိုရွေးမှာလဲ"

"ငါရင်ခွင်ထဲရောက်လာတဲ့ ကိုယ်သင်းနံ့ပိုင်ရှင်လေးကို ရွေးရဦးမယ်၊ နင်ဟုတ်မဟုတ် သေသေချာချာ စစ်ဆေးကြည့် ရဦးမယ်"

ဟုပြောလိုက်ရာ မြဝင်းသူက ရှက်စနိုးအမူအရာဖြင့်. .

"ရွေးချင်လည်းရွေးပေါ့"

ဟု တိုးတိုးပြန်ပြောလိုက်လေသည်။

BURMESE CLASSIC

နီမောင်က မြဝင်းသူ အမူအရာကို သဘောကျသွားပြီး ရင်ခွင်ထဲသွင်းပြီး ဖက်ထားလိုက်သည်။

"ရွေးစရာမလိုပါဘူး မြဝင်းသူရယ်၊ မျက်စိကသာ မမြင် လိုက်ရပေမယ့် ငါ့အသည်းနှလုံးက မှတ်မိနေပြီးသားပါ"

ဟုပြောလိုက်ရာ အကျေနပ်ကြီး ကျေနပ်သွားဟန်ရှိ သည်။ ဒါကပင် ချစ်သူတို့အတွက် ပြည့်စုံသွားသော အရာတစ်ခု ပင် ဖြစ်ပေတော့သည်။

"နီမောင် နင်ငါ့ကို တကယ်ချစ်လို့ယူတာ မဟုတ်လား ဟင်၊ တိုက်ပွဲမှာ အနိုင်ရလို့ ရွေးခဲ့တာတော့ မဟုတ်ပါဘူးနော်"

"ငါ နင့်ကိုတကယ်ချစ်တာပါ၊ တကယ်လို့ တိုက်ပွဲမှာ ရှုံးခဲ့ရင်တောင် နင့်အချစ်ကိုတော့ ရအောင်ကြိုးစားမှာပါ၊ နင်က ရော ငါ့ကိုချစ်တယ်မဟုတ်လား"

"ချစ်တာပေါ့၊ ချစ်လို့ လက်ထပ်ဖို့သဘောတူခဲ့တာပေါ့၊ မချစ်ဘဲနဲ့ အခုလိုအခြေအနေမျိုးအထိ ရောက်ပါ့မလား"



www.burmeseclassic.com

"ဒါကတော့ တစ်သက်လုံး လက်တွဲသွားရမယ့်သူဆို တော့လည်း စိတ်ချရအောင် မေးထားရတာပေါ့"

ဟုပြောပြီး မြဝင်းသူပါးပြင်ကို နမ်းလိုက်သည်။ ဤ သည်ကပင် ရိုးသားသောဘဝများအတွက် သိင်္ဂါရအလှတစ်ခု ပင်ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ရွှေတြိဂံနှလုံး သား) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သည်။ ။

အနိယာပေါ့ဿ သုခီအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။(၂၀၁၂)ခုနှစ်၊ မေလ၊ (၁၂)ရက်၊ စနေနေ့ နေ့လယ် (၂:၃၀)နာရီ

☺ အောင်မြင်စာပေ ☺